# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**မိမိကိုယ်ကို ချစ်ရာရောက်**

လူတိုင်းသည် မိမိကိုယ်ကို ချစ်ကြသည်သာဖြစ်၏။ ချစ်လည်း ချစ်အပ်၏။ ဤသို့ ချစ်အပ်ကြောင်းကို သိရှိသူသည် မိမိဘဝ နှစ်နာဆုံးရှုံးရမည့် မကောင်းမှုတို့ကို မပြုသင့်ကြချေ။ ထိုသို့ မပြုလုပ်မိစေရန် မမေ့မလျော့ဘဲ မြဲမြံသောသတိဖြင့် ထိန်းသိမ်း စောင့်ရှောက်သင့်ကြ၏။ မကောင်းမှုကို ရှောင်ကြဉ်၍ မိမိ ကိုယ်ကို ချစ်ရာရောက်အောင် ကြိုးစားအားထုတ်ရာ၏။

အတ္တဝဂ်(ဓမ္မပဒ-၁၅၇)


၁၃၇၈ ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ ရက်၊ အင်္ဂါနေ့။ Tuesday , 11 October 2016 (၈၇၁၁)



**နှစ်နိုင်ငံကြားမင်္ဂလာရှိသော ပူးပေါင်းဆောင်ရွက်မှု**

စာမျက်နှာ - ၂

~~~~~~~~~~~~~~~~~~~~~~~~

**အမေရိကန်၏ ပဲ့ထိန်း ဒုံးကျည်တင်ဖျက်သင်္ဘောကို ယီမင်နိုင်ငံ ဟူသီ ထိန်းချုပ်နယ်မြေအတွင်းမှ ဒုံးကျည်များဖြင့် ပစ်ခတ်**

စာမျက်နှာ - ၄

~~~~~~~~~~~~~~~~~~~~~~~~

**စီးပွားရေးလုပ်ငန်းများနှင့် အရင်းအနှီးဈေးကွက်**

စာမျက်နှာ - ၆




နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဗစ်ခရမ်မစ်ဆရီတို့ ရင်းရင်းနှီးနှီး တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

# နော်ဝေ၊ ရုရှားဖက်ဒရေးရှင်းနှင့် အိန္ဒိယနိုင်ငံတို့မှ သံအမတ်ကြီးများ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သံအမတ်ခန့်အပ်လွှာများပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စ တူနယ် တီးနပ်(စ်)သည် ယနေ့မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ နီကိုလိုင်း လစ်တိုပါဒေါ့ပ်သည် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❂



ထန်းတပင်မြို့နယ် ဆတ်ကလေး ကျေးရွာ၌ တောင်သူဦးကြီးများက ကန်အတွင်းမှ ငါးများကို လူအင်အားဖြင့် ဖမ်းယူနေစဉ်။

# သိပ္ပံနည်းကျမွေးမြူရေးစနစ်နှင့် အလှမ်းဝေးနေသည့် သမားရိုးကျ ငါးမွေးမြူရေးသမားများ

**ထန်းတပင် အောက်တိုဘာ ၁၀**

"သိပ္ပံနည်းကျ ငါးမွေးမြူရေးစနစ်ဆိုတာ ကျွန်တော်တို့ သမားရိုးကျ ငါးမွေးမြူရေးသမားများအနေနဲ့ နိုင်ငံတကာနဲ့လည်း အဆက်အသွယ်မရှိဘူး၊ လုပ်နည်းလုပ်ဟန် နည်းစနစ်တွေကိုလည်း သိနိုင်ဖို့က အလှမ်းဝေးနေပါတယ်။ ဒီစနစ်ကို အလွန်လည်းစိတ်ဝင်စားပါတယ်။ ဖြစ်နိုင်မယ်ဆိုရင် ငါးလုပ်ငန်းဦးစီးဌာနက တာဝန်ရှိသူတွေ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်က တာဝန်ရှိသူတွေအနေနဲ့ အောက်ခြေအထိ ကွင်းဆင်းကာ ငါးကန်တွေကို စစ်ဆေးပြီး နည်းပညာတွေ ဝေမျှပေးမယ်ဆိုရင် ကျွန်တော်တို့ တစ်နိုင်တစ်ပိုင်သမားရိုးကျ မွေးမြူရေးစနစ်ကနေ လွတ်မြောက်လာနိုင်မှာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဆတ်ကလေးကျေးရွာနေ ဧက ၆၀ ငါးကန်မှ ငါးမွေးမြူသူ ဦးသိန်းဇော်ဝင်းက ပြောသည်။

သိပ္ပံနည်းကျ ငါးမွေးမြူရေးစနစ်ကို မွေးမြူနိုင်လျှင် လက်ရှိ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐




## ကြေးမုံ

# နှစ်နိုင်ငံကြားမင်္ဂလာရှိသော ပူးပေါင်းဆောင်ရွက်မှု

ဒိန်းမတ်နိုင်ငံက မြန်မာနိုင်ငံနှင့် အလုပ်သမားရေးရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ဟူသောသတင်းသည် နှစ်နိုင်ငံစလုံးအတွက် မင်္ဂလာသတင်းတစ်ရပ်ဖြစ်ပါသည်။ ဒိန်းမတ်နိုင်ငံသည် ၎င်းတို့နိုင်ငံသားများ၏ အလုပ်သမားကိစ္စများ ကိုင်တွယ်ဆောင်ရွက်ရာ၌ ဒိန်းမတ်ပုံစံဟု ရည်ညွှန်းရသည်အထိ အောင်မြင်မှုရရှိနေသောနိုင်ငံဖြစ်၍ မြန်မာနိုင်ငံအတွက် အကျိုးကျေးဇူးကြီးမားမည်ဟု ယုံကြည်ပါသည်။ ဒိန်းမတ်နိုင်ငံက မြန်မာနိုင်ငံ၌ အလုပ်သမားရေးရာအစီအစဉ်နှစ်ရပ်အား နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲဆောင်ရွက်လျက်ရှိပါသည်။ ပထမအစီအစဉ်မှာ နိုင်ငံတော်နှင့် လူမှုရေးမိတ်ဖက်အဖွဲ့အစည်းများအကြား ညှိနှိုင်းဆွေးနွေးစေ့စပ်နိုင်ရေး ပိုပြင်အားကောင်းလာရေးအတွက် လက်တွဲကူညီဆောင်ရွက်ပေးနေခြင်းဖြစ်ပါသည်။ ဒုတိယအစီအစဉ်မှာ အလုပ်သမားတို့၏ လုံခြုံရေးနှင့် ကျန်းမာရေးတို့ကို လိုအပ်သလို စစ်ဆေးလမ်းညွှန်ပေးနိုင်မည့် အလုပ်သမားရေးရာ စစ်ဆေးရေးမှူးများ လေ့ကျင့်သင်တန်းပေးခြင်းဖြစ်ပါသည်။ ဒိန်းမတ်နိုင်ငံက ဤအစီအစဉ်နှစ်ရပ်အတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်မှာ နှစ်နှစ်ရှိပြီဖြစ်၍ လေးနှစ်မှငါးနှစ်အတွင်း ဤအစီအစဉ်တို့ကို အပြီးအကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။

ဒိန်းမတ်နိုင်ငံ၏ အလုပ်သမားရေးရာ ဒိန်းမတ်ပုံစံကို လေ့လာသုံးသပ်ကြည့်ပါက ဒိန်းမတ်နိုင်ငံက မြန်မာနိုင်ငံတွင် လက်တွဲဆောင်ရွက်လျက်ရှိသော အလုပ်သမားအစီအစဉ်တို့၏သဘောကို ပိုမိုသဘောပေါက်နားလည်မည်ဖြစ်ပါသည်။ ဒိန်းမတ်နိုင်ငံ၌ အလုပ်ရှင်နှင့် အလုပ်သမားတို့အကြား အပြန်အလှန်ညှိနှိုင်းဆွေးနွေးစေ့စပ်မှုများရှိပါသည်။ အစိုးရနှင့် လူမှုရေးမိတ်ဖက်အဖွဲ့အစည်းတို့အကြား အပြန်အလှန်ညှိနှိုင်းဆွေးနွေးစေ့စပ်မှုများ ရှိပါသည်။ ဒိန်းမတ်နိုင်ငံ၌ ဤကဲ့သို့သော အပြန်အလှန်ညှိနှိုင်းဆွေးနွေးစေ့စပ်မှုများကို စုရုံး၍ လူမှုရေးစကားဝိုင်း(Social dialogue)ဟု ရည်ညွှန်းပြောဆိုကြပါသည်။ ဒိန်းမတ်နိုင်ငံ၏ အလုပ်အကိုင်အခွင့်အလမ်းရေးရာဝန်ကြီးက အလုပ်သမားရေးရာ ဒိန်းမတ်ပုံစံကို တိုင်းပြည်၏ ပကတိအခြေအနေနှင့် နိုင်ငံတော်က ပြဋ္ဌာန်းထားသော ဥပဒေတို့အကြား ဟန်ချက်ညီဆက်ဆံရေးထိန်းသိမ်းထားရှိခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအနေဖြင့် ဒိန်းမတ်နိုင်ငံ၏ ကြွယ်ဝသော အလုပ်သမားရေးရာ အတွေ့အကြုံတို့ကို အခြေပြု၍ မြန်မာနိုင်ငံ၏ ပကတိအခြေအနေတို့ကို ထင်ဟပ်လျက် ပိုမိုပြည့်စုံမှန်ကန်သော အလုပ်သမားရေးရာမူဝါဒတို့ကို အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ပါသည်။ ဒိန်းမတ်နိုင်ငံ၏ အလုပ်အကိုင်အခွင့်အလမ်းရေးရာဝန်ကြီးက မြန်မာနိုင်ငံ၏ အလုပ်သမားရေးရာဥပဒေအသစ်များသည် နိုင်ငံတကာအလုပ်သမားအဖွဲ့(ILO)၏ ထောက်ခံတင်ပြချက်များနှင့် နိုင်ငံ၏အလုပ်သမားဥပဒေများအကြား လိုက်လျောညီထွေဖြစ်စေရန် ပြဋ္ဌာန်းရေးဆွဲထားသည်ဖြစ်၍ ကျေနပ်အားရမိကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်ကို မှတ်တမ်းတင်ဖော်ပြလိုပါသည်။ မြန်မာနိုင်ငံ၏ အလုပ်သမားရေးရာမူဝါဒများကို လက်တွေ့အကောင်အထည်ဖော်ရာ၌ ဒိန်းမတ်နိုင်ငံ၏ပူးပေါင်းဆောင်ရွက်မှုဖြင့်လေ့ကျင့်သင်ကြားပေးလျက်ရှိသော အလုပ်သမားရေးရာစစ်ဆေးရေးမှူးများသည် တိုင်းပြည်၏ ပကတိအခြေအနေကို ထင်ဟပ်လျက် ဟန်ချက်ညီညီဆောင်ရွက်နိုင်တော့မည်ကို နှလုံးသွင်းလျက် မြန်မာနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံအကြား ဤမင်္ဂလာရှိသော ပူးပေါင်းဆောင်ရွက်မှုကို ဂုဏ်ပြုကြိုဆိုကြောင်း လေးလေးနက်နက် တင်ပြအပ်ပါသည်။ ။

# ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပြည်ထောင်စုဝန်ကြီး တွေ့ဆုံ



**ရန်ကုန် အောက်တိုဘာ ၁၀**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ တွေ့ဆုံပွဲကို ယမန်နေ့နံနက် ၁၀ နာရီက အဆင့်မြင့်ပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ခြောက်လတာအတွင်း အတွေ့အကြုံများပေါ်တွင် အခြေခံပြီး ပညာရေးပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်မြှင့်တင်၍ ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဝိဇ္ဇာ၊သိပ္ပံတက္ကသိုလ်များအနေဖြင့် အဝေးသင်တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ စာမေးပွဲချိန် အချိန်မီရောက်ရှိဖြေဆိုနိုင်ရေး၊ သွားရေးလာရေးကိစ္စများ ပိုမိုလွယ်ကူစေရန် သက်ဆိုင်ရာတာဝန်ရှိသူများထံ တင်ပြဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ စာမေးပွဲဖြေဆိုရာ ကိစ္စများအတွက် စနစ်တကျ စီစဉ်ဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိရန် လိုအပ်ပါကြောင်း၊ အဖြေလွှာစာအုပ်များအား လုံခြုံစွာထားရှိနိုင်ရေး စီမံဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ သင်ကြားပို့ချမှုများ အရည်အသွေး မြင့်မားလာစေရန် မွမ်းမံသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ တက္ကသိုလ်များတွင် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးရေး၊ တက္ကသိုလ်စာကြည့်တိုက်များကို လွယ်ကူစွာ လေ့လာသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ စီမံခန့်ခွဲရေးဆိုင်ရာ ဝန်ထမ်းများအတွက် မွမ်းမံသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ဆရာ ဆရာမများအားလုံး သုတေသနလုပ်ငန်းများ ဆောင်ရွက်ပြီး သုတေသနစာတမ်းဖတ်ပွဲများ ပြုလုပ်ပေးရမည်ဖြစ်ပါကြောင်း၊ အားကစားပြိုင်ပွဲများကိုလည်း စီမံချက်များရေးဆွဲ၍ ကျင်းပလျက်ရှိသည်ကို အားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပါမောက္ခချုပ်များက လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပျဉ်းမနားနှစ်ကျိပ်ရှစ်ဆူပွဲတော် အစဉ်အလာမပျက် ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၀**

နေပြည်တော် ပျဉ်းမနားမြို့၏ အထင်ကရ ပွဲတော်တစ်ခုဖြစ်သည့် သီတင်းကျွတ်လတွင် နှစ်စဉ်နှစ်တိုင်းကျင်းပမြဲဖြစ်သော နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားများ မြို့တွင်းသို့လှည့်လည်ပူဇော်ပွဲနှင့် ရပ်ဝေးရပ်နီးမှ ပျဉ်းမနားမြို့သို့ လာရောက်လည်ပတ်ကြသည့် ပရိသတ်များအား ဧည့်ခံစတိတ်ကားများဖြင့် မြို့တွင်းသို့ လှည့်လည်ဖျော်ဖြေခြင်းကို ယခုနှစ်တွင် (၉၈)ကြိမ်မြောက်အဖြစ် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပျဉ်းမနားမြို့၏ ဝတ်ဖြူတော်အသင်း ရှစ်သင်းဖြစ်သည့် ရွာကောက်ဝတ်ဖြူတော်ဝတ်အသင်း၊ ရန်အောင်(၁) ဝတ်အသင်း၊ ရန်အောင်(၂) ဝတ်အသင်း၊ နံတော်စဉ်ဝတ်အသင်း၊ ပဋ္ဌာန်းဝတ်အသင်း၊ မြို့ဦးဝတ်အသင်း၊ တပ်တွင်းဝတ်အသင်း၊ တောင်သာဝတ်အသင်းတို့သည် စတိတ်စင်မြင့်ကားတစ်စီးစီဆင်ယင်၍ မြို့တွင်းသို့ လှည့်လည်ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

နှစ်စဉ်နှစ်တိုင်းသီတင်းကျွတ်လဆန်း ၁၄ ရက်နေ့တွင် ဧည့်ခံဖျော်ဖြေရေးယာဉ်များသည် ရပ်ကွက်အတွင်း လှည့်လည်ဖျော်ဖြေ၍ သီတင်းကျွတ်လပြည့်နေ့တွင် မြို့တွင်းသို့လည်းကောင်း၊ လပြည့်ကျော် ၁ ရက်နေ့တွင် ဝန်ကြီးဌာန ၂၂ ခု၏ နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားယာဉ်များသည် သတ်မှတ်လမ်းကြောင်းအတိုင်းလည်းကောင်း အစီအစဉ်တကျ မြို့တွင်းသို့ဒေသစာရီကြွချီတော်မူပြီး ဘုရားယာဉ်များ၏နောက်မှ ဖျော်ဖြေရေးယာဉ်များသည် သတ်မှတ်လမ်းကြောင်းအတိုင်း လှည့်လည်ဖျော်ဖြေကြမည်ဖြစ်ပြီး နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားယာဉ်များအား ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုများကိုလည်း ချီးမြှင့်ကြမည်ဖြစ်သည်။

ယခုနှစ် ပျဉ်းမနားမြို့၏ အထင်ကရ အစည်ကားဆုံး သီတင်းကျွတ်ပွဲတော်ကို ယခင်နှစ်များနည်းတူ ဖျော်ဖြေရေးအစီအစဉ်များအား မိုးလင်းပေါက် ဖျော်ဖြေတင်ဆက်မည်ဖြစ်၍ နှစ်စဉ်ဆင်နွှဲကြဖူးသူ ဒေသခံများနှင့်ရပ်နီးရပ်ဝေးမှ ဧည့်ပရိသတ်များအနေဖြင့် လာရောက်လည်ပတ်ကြမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**




# ရန်ပုံငွေ ပဒေသာကပွဲကျင်းပမည်

**မန္တလေး အောက်တိုဘာ ၁၀**

ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းသို့ အလှူငွေများ ပေးအပ်လှူဒါန်းနိုင်ရန်အတွက် ရန်ပုံငွေပဒေသာကပွဲကို အောက်တိုဘာ ၁၃ ရက် ညနေ ၄ နာရီမှ ည ၉ နာရီအထိ မန္တလေး ချမ်းအေးသာစံမြို့နယ် ကျုံးတောင်ဘက် (၂၆)လမ်းနှင့် (၇၁)လမ်းထောင့်ရှိ မန္တလေးမြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ မန္တလေးမြို့မှ ကာယဗလမောင်များ၊ ကာယအလှမယ်များ၊ အိမ်မက်ဆုံရာမှ တေးသံရှင်များ၊ မိတ်ကပ်၊ ပန်းအလှဖန်တီးရှင်များ၊ ဒီဇိုင်နာများ၊ Myanmar Idol မှ တေးသံရှင်များ၊ ယဉ်ကျေးမှုတက္ကသိုလ်မှ အနုပညာရှင်များနှင့် အင်အား အနုပညာရှင်များစွာတို့က မေတ္တာဖြင့် ကပြဖျော်ဖြေကြမည်ဖြစ်သည်။

**တင်မောင်(မန်းကိုယ်ပွား)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

## ပြည်တွင်းရေးရာ

**ရွှေဖုံးမှ**

ယနေ့မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဗစ်ခရမ်မစ်ဆရီသည် ယနေ့ ညနေ ၃ နာရီခွဲတွင် လည်းကောင်း နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်၌ ၎င်းတို့၏ သံအမတ်ခန့်အပ်လွှာများကို ပေးအပ်ကြသည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲ အခမ်းအနားများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ နီကိုလိုင်း လစ်တိုပါဒေါ့ပ် သံအမတ် ခန့်အပ်လွှာ ပေးအပ်စဉ်။

(သတင်းစဉ်)

# နယ်လှည့်မှုခင်းပညာပေးပြခန်းယာဉ် မလှိုင်မြို့ရောက်ရှိ

**မလှိုင် အောက်တိုဘာ ၁၀**

ဒေသခံပြည်သူများ မှုခင်းဆိုင်ရာအန္တရာယ် လျော့နည်းစေရေးနှင့် အသိပညာ ဗဟုသုတ တိုးပွားစေရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး မျိုးလွင် ဦးဆောင်သော မှုခင်းအသိပညာပေး ပြခန်းယာဉ်သည် အောက်တိုဘာ ၁၀ ရက် နံနက် ၈ နာရီခွဲတွင် မလှိုင်မြို့သို့ရောက်ရှိပြီး ပန်းလှိုင်ရွှေဝါခန်းမရှေ့၌ ဟောပြောပွဲနှင့် ပြပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါနေ့က မှုခင်းပညာပေးပြခန်းယာဉ်တွင် လာရောက်ကြည့်ရှုသူ ဒေသခံများနှင့် ကျောင်းသား ကျောင်းသူများကို မလှိုင်မြို့နယ် ယာယီရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းဝေက မှုခင်းကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍လည်းကောင်း၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး တင်မောင်သန်းက ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းအကြောင်းကိုလည်းကောင်း၊ ဒုတိယရဲမှူး မျိုးလွင်က မှုခင်းကျဆင်းရေးနှင့် ပတ်သက်၍လည်းကောင်း၊ ဒုတိယရဲမှူးမြင့်သွင်က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းကိုလည်းကောင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ခွဲ(၁) မိတ္ထီလာမှ ရဲအုပ်စိုင်းထွန်းထွန်းလှက လူကုန်ကူးမှု တားဆီးကာကွယ်ရေးအကြောင်းကိုလည်းကောင်း၊ အမှတ်(၉၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စု မိတ္ထီလာမှ ရဲအုပ်ထွန်းလှမင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းကိုလည်းကောင်း ပညာပေးဟောပြောခဲ့သည်။

ပညာပေး ပြခန်းယာဉ်တွင် မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုထူးခြားဖြစ်စဉ်များ၊ မူးယစ်ဆေးဝါး အမျိုးအစားများ၊ မှုခင်းအကူဌာနခွဲ၏ မှုခင်းဖော်ထုတ်ဖမ်းဆီးရမိမှုများ၊ မြန်မာနိုင်ငံလူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာအချက်အလက်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးရုပ်ပုံ ကာတွန်းများ၊ ယာဉ်မတော်တဆ ဖြစ်ပွားမှုမှတ်တမ်းများကိုပြသထားရာ လာရောက်ကြည့်ရှုလေ့လာသူ ၉၀၀ ခန့်ရှိကြောင်း သိရသည်။ အလားတူ အဆိုပါနေ့နံနက် ၁၁ နာရီမှ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်အထိ မြို့မစည်ပင်သာယာဈေးအနောက်ဘက် ပွဲစားတန်းလမ်း၌ ပြသထားရာ မြို့သစ်အထကမှ ကျောင်းသားကျောင်းသူများ၊ ဈေးသူဈေးသားများ စုစုပေါင်း အင်အား ၆၅၀ ခန့် လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**အောင်ငွေး(မလှိုင်)**



**သိပ္ပံနည်းကျမှ**

ငါးအထွက်နှုန်းထက် ကုန်ချိန်တိုးတက်ပြီး ငါးကြီးထွားနှုန်းသည်လည်း Export Quality မီကာ နိုင်ငံတကာအထိတင်ပို့နိုင်ကြောင်း သိရသည်။ အဆိုပါစနစ်ဖြင့်သွားမည်ဆိုလျှင် မျိုးကောင်းမျိုးသန့်ရရှိရန်လိုအပ်ပြီး မွေးမြူမည့်ငါးများမှာလည်း ရောဂါဒဏ်၊ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိရမည်ဖြစ်ကာ တောင်သူများအတွက်လည်း အကျိုးရရှိစေမည်ဖြစ်သည်။ သိပ္ပံနည်းကျငါးမွေးမြူရန်အတွက် ခေတ်မီအစာတောင့်ထုတ်စက်ဖြင့်ထုတ်လုပ်သော အစာလုံးများကိုသာ ကျွေးမွေးရန်လိုအပ်ပြီး ကန်များ၏ရေအရည်အသွေးမြင့်မားရန်နှင့် သန့်ရှင်းရန် လိုအပ်ကြောင်း သိရသည်။ ထို့ပြင် ရေ၏အရည်အသွေး ထိန်းညှိတိုင်းတာမှုများအား ငါးလုပ်ငန်းဦးစီးဌာန ဓာတ်ခွဲခန်းများဖြင့်ဆက်သွယ်ကာ မေးမြန်းစုံစမ်းသင့်ကြောင်းနှင့် လက်ရှိ တစ်ပိုင်တစ်နိုင် ငါးမွေးတောင်သူများအနေဖြင့် သမားရိုးကျမွေးမြူရေးစနစ်မှတစ်ဆင့် ငါးကန်၏ ရေထုသန့်စင်မှု၊ ကန်အနက်၊ တစ်ဧကတွင် ထည့်သွင်းမွေးမြူရမည့် ငါးအကောင်အရေအတွက်၊ အစာကျွေးနည်းစနစ်များ၊ ငါးကျန်းမာရေးအတွက် နည်းပညာများအပြင် အခြားနည်းစနစ်အမျိုးမျိုးအား အဆင့်ဆင့်လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က "အခြားနိုင်ငံတွေနဲ့ နှိုင်းယှဉ်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ငါးမွေးမြူရေးစနစ်ဟာ သမားရိုးကျမွေးမြူရေးစနစ်မှာပဲ ကျန်ရစ်နေဆဲပါ။ မြန်မာပြည်ရဲ့ ငါးတင်ပို့မှုကုန်ချိန်ဟာ သိပ္ပံနည်းကျမွေးမြူသော အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ ဗီယက်နမ်တို့ထက် ၁၀ ဆ၊ ၁၁ ဆ နည်းနေတာတွေ့နေရပါတယ်။ ဒါဟာမဖြစ်သင့်တော့ပါဘူး။ အဲ့ဒီနိုင်ငံတွေထက်စာရင် မြန်မာနိုင်ငံဟာ ရေမြေ၊ ရာသီဥတု အစစအရာရာကောင်းမွန်သာလွန်နေပြီး အထွက်နှုန်းကျတော့ တော်တော်ကြီးကို ထိုးကျနေတာတွေ့ရပါတယ်။ ဒါတွေကို လိုက်မီဖို့ကတော့ သူတို့နိုင်ငံတွေမှာ ကျင့်သုံးနေကြတဲ့ သိပ္ပံနည်းကျမွေးမြူရေးစနစ်တစ်ခုကို စိတ်ဝင်တစား လေ့လာမွေးမြူသင့်ဖို့လိုအပ်ပါပြီ ။ တစ်ပိုင်တစ်နိုင် မွေးမြူတဲ့ တောင်သူတွေအပြင် စီးပွားဖြစ် ဧကရာချီမွေးမြူတဲ့လုပ်ငန်းရှင်တွေကပါ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံဟာ အခြားနိုင်ငံတွေရဲ့ တင်ပို့နေတဲ့ ငါးကုန်ချိန်ကိုလိုက်မီမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးပြီးရင် မွေးမြူရေးကဏ္ဍဟာ လူထုပါဝင်ပတ်သက်မှု ဒုတိယအင်အားအကြီးဆုံးလုပ်ငန်းတွေဖြစ်လာမှာပါ"ဟု ပြောသည်။

လက်ရှိအနေအထားအရ တစ်ပိုင်တစ်နိုင် ငါးမွေးမြူသူ တောင်သူများအနေဖြင့် သမားရိုးကျ ငါးမွေးမြူရေးစနစ်ဖြင့်သာ အချိန်ကုန်ဝဲလည်နေကြောင်းသိရသည်။ "သိပ္ပံနည်းကျငါးမွေးမြူရေးစနစ်ကိုလုပ်ဖို့ တာဝန်ရှိသူတွေက ပြောကြပေမယ့် ရုတ်တရက်ကြီး ထပြောင်းလဲဖို့ဆိုတာက ကုန်ကျစရိတ်တွေ ရှိနေပါတယ်။ နည်းစနစ်မှန်အောင် ပညာရှင်တွေနဲ့ တွေ့ဆုံညှိနှိုင်းပြီး စနစ်ကျကျလုပ်မှရမှာပါ။ အခုခေတ်မှာလည်း မျိုးကောင်းမျိုးသန့်ရဖို့ကို ငါးသားဖောက်ဆရာတွေကလည်း အမျိုးမျိုးပေါ်နေသလို ငါးတွေကလည်း အမျိုးမျိုးပေါ်နေကြပါတယ်။ ဒါတွေကိုအဆင့်ဆင့် စနစ်တကျပြောင်းလဲဖို့က တာဝန်ရှိသူတွေအနေနဲ့ ကွင်းဆင်းပြီး ကန်တွေနဲ့ မွေးမြူရေးစနစ်တွေကို စစ်ဆေးဆောင်ရွက်ပြီး နည်းလမ်းပေးစေလိုပါတယ်။ အောက်ခြေအထိဆင်းပြီး နည်းပညာမျှဝေတာတို့ ပညာပေးဆောင်ရွက်မှုတွေလုပ်ပေးတာမျိုးတွေ လုပ်ပေးသင့်ပါတယ်။ အမှန်တကယ် တစ်ပိုင်တစ်နိုင်အနေနဲ့ မွေးမြူနေကြတဲ့ တောင်သူစစ်စစ်တွေကို လေ့လာပြီး လိုအပ်တဲ့ချေးငွေချပေးတာမျိုးတွေနဲ့ အခြားလိုအပ်ချက်တွေ ဖြည့်ဆည်းဆောင်ရွက်ပေးမယ်ဆိုရင် ဒီစနစ်က တကယ်ပြောင်းလဲလာမယ်လို့ ယုံကြည်ပါတယ်။ ကွင်းဆင်းဆောင်ရွက်တာမျိုး မရှိဘဲ ဒီအတိုင်း သွားနေမယ်ဆိုရင်တော့ ဘယ်လောက်ပဲ လှုံ့ဆော်နေပါစေ၊ ငါးမွေးတောင်သူတွေအနေနဲ့ မိရိုးဖလာငါးမွေးမြူရေးစနစ်မှာပဲ ဝဲလည်နေမယ်လို့ယုံကြည်ပါတယ်။ တောင်သူများလာတာနဲ့အမျှ ငါးမွေးဧက များလာမယ်။ အထွက်နှုန်း ကုန်ချိန်ဟာလည်း ထွက်သင့်တဲ့ ကုန်ချိန်မထွက်တော့ဘဲ နောက်ဆုံး တိုင်းပြည်ရဲ့ငါးတင်ပို့မှုပိုင်းမှာပါ ကုန်ချိန်တွေက ကျဆင်းမြဲဖြစ်နေမှာပါ" ဟု ထန်းတပင်မြို့နယ် ဆတ်ကလေးကျေးရွာနေ ဧက ၆၀ ငါးကန်မှ ငါးမွေးတောင်သူ ဦးသိန်းဇော်ဝင်းက သုံးသပ်ပြောသည်။

**(ပွင့်သစ္စာ)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် တစ်နှစ်အတွင်းလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၁၀**

နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းအုပ်စု ရွှေတွင်းကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ မြစိမ်းရောင် ရန်ပုံငွေ တစ်နှစ်ပြည့်အောင်ပွဲကို အောက်တိုဘာ ၁၀ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။



အဆိုပါ ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ကို ဦးနီလွင်ဦးဆောင်သော ကျေးရွာကော်မတီဝင်များ၏ ကြီးကြပ်မှုဖြင့် ကျေးရွာအတွင်းရှိ ပြည်သူများအား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆိုင်ကယ်ကယ်ရီလုပ်ငန်း၊ ဈေးရောင်းဈေးဝယ် စသည့် တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများအတွက် ထုတ်ချေးခဲ့ရာ တစ်နှစ်ပြည့်ကာလတွင် အမြတ်ငွေ ကျပ် ၄၇ သိန်းကျော်ရရှိသည်အထိ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## ရေကြောင်းသတိပေးချက်

**နေပြည်တော် အောက်တိုဘာ ၁၀**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E&P Myanmar ကုမ္ပဏီသည် ကမ်းလွန်ရတနာစီမံကိန်းရှိ WP-4 တွင် Badamyar Project အရ တွင်းတူးဖော်ရေးလုပ်ငန်းများအား Jack-UP Drilling Rig Petro Vietnam Drilling-1 (Call Sign: 3 WNX)ဖြင့် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၆ ရက်မှ ၂၀၁၇ ခုနှစ် ဇွန် ၃၀ ရက်အထိ ဆောင်ရွက်မည်ဖြစ်သည်။

တွင်းတူးဖော်မည့် တည်နေရာကို ဖော်ပြသည့် Coordinate များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| Point | Latitude | Longitude |
|---|---|---|
| WP-4 | 15° 09' 37.32"N | 94° 43' 02.78"E |

လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်တွင်းတည်နေရာမှ ရေမိုင် ငါးမိုင် ပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ရေကြောင်းသတိပေးချက်ထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

**ပတ်ဝန်းကျင်သာယာလှပဖို့ ဆေးစွဲသူကို ဝိုင်းကူစို့**

# ထိုင်းဘုရင်၏ ကျန်းမာရေးအခြေအနေ စိုးရိမ်ရ

**ဘန်ကောက် အောက်တိုဘာ ၁၀**

နာမကျန်းဖြစ်နေသည့် ထိုင်းဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ်၏ ကျန်းမာရေးအခြေအနေမှာ ဆိုးရွားပြီး စိုးရိမ်နေရသည်ဟု သိရသည်။ ယခင်နေ့က ဆရာဝန်များ၏ ကျောက်ကပ်ဆေးသည့် ကုသမှုတစ်ခုခံယူပြီးနောက် ဘုရင်မင်းမြတ်၏ သွေးပေါင်ကျဆင်းနေသည်ဟု ထိုင်းဘုရင့်နန်းတော်က တနင်္ဂနွေနေ့ညတွင် ထုတ်ပြန်ကြေညာသည်။

ဘုရင်မင်းမြတ်၏ ကျန်းမာရေးအခြေအနေမှာ တည်တည်ငြိမ်ငြိမ်ဖြစ်နေသည့်တိုင်အောင် ၎င်း၏ တော်ဝင် မိသားစုတာဝန်များအားလုံးကို ဆိုင်းငံ့ထားရန် ဆရာဝန်များက အကြံပြုထားသည်။ သက်တော် (၈၈) နှစ်ရှိ ထိုင်းဘုရင်သည် ကမ္ဘာ့နန်းသက်အရှည်ဆုံး ဘုရင်အဖြစ် မှတ်တမ်းဝင်ထားသည်။

ထိုင်းဘုရင်၏ ကျန်းမာရေးအခြေအနေမှာ လွန်ခဲ့သည့် နှစ်အနည်းငယ်ကတည်းက ချို့ယွင်းဆိုးရွားလာခဲ့ခြင်းဖြစ်ပြီး လွန်ခဲ့သည့်နှစ်များအတွင်း ဆေးရုံတွင်သာ ကုသမှုများခံယူနေခဲ့ရကာ ဇွန်လတွင် နှလုံးခွဲစိတ်ကုသမှု ခံယူထားရသည်။

ထိုင်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဘုရင်က ၎င်း၏တာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်ခြင်းမရှိသည့်အချိန်တွင် ဘုရင့်ကိုယ်စားအုပ်စိုးသူ (ရင်ခွင်ပိုက်အုပ်စိုးသူ)တစ်ဦးကို ခန့်အပ်ပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။



ထိုင်းဘုရင်သည် ထိုင်းပြည်သူတို့၏ အလေးအမြတ်ထားခံရသည့် ဘုရင်တစ်ပါးဖြစ်သည်။ ထိုင်းနိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းကာလတွင် စည်းလုံးညီညွတ်ရေးအတွက် ထိုင်းဘုရင်သည် အဓိကကျသည့် အခန်းကဏ္ဍမှ အရေးပါခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# ကွန်ပျူတာကွန်ရက်လုံခြုံရေး မဟာဗျူဟာ စင်ကာပူဝန်ကြီးချုပ် ထုတ်ပြန်ကြေညာ

**စင်ကာပူ အောက်တိုဘာ ၁၀**

စင်ကာပူနိုင်ငံ၏ ကွန်ပျူတာကွန်ရက် လုံခြုံရေးမဟာဗျူဟာကို ဝန်ကြီးချုပ်လီရှန်လုံးက အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ကြေညာလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ကွန်ပျူတာကွန်ရက်လုံခြုံရေး တိုးတက်ကောင်းမွန်စေရန် အစိုးရအဖွဲ့က မည်ကဲ့သို့ လုပ်ဆောင်သွားမည်ဆိုခြင်းနှင့်ပတ်သက်၍ ဝန်ကြီးချုပ်လီက စင်ကာပူနိုင်ငံတကာ ကွန်ပျူတာကွန်ရက် ရက်သတ္တပတ်လှုပ်ရှားမှု အစီအစဉ်စတင်သည့် အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည်။

ကွန်ပျူတာကွန်ရက်တိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားလာနေပြီး ဖျက်ဆီးနိုင်မှုပိုမိုကြီးမားလာနေချိန်တွင် ကွန်ပျူတာကွန်ရက်လုံခြုံရေးမဟာဗျူဟာကို ကျင့်သုံးဆောင်ရွက်ရန် လိုအပ်ကြောင်း ဝန်ကြီးချုပ်လီက ပြောကြားသည်။

**ဆင်ဟွာ။**



# ၂၀၁၆ ခုနှစ် စီးပွားရေးဆိုင်ရာ နိုဘယ်ဆု ပါမောက္ခနှစ်ဦး ပူးတွဲဆွတ်ခူးရရှိ

**စတော့ဟုမ်း အောက်တိုဘာ ၁၀**

ဗြိတိန်ဇာတိဖွား အိုလီဗာဟတ်နှင့် ဖင်လန်လူမျိုး ဟွမ်စထရွမ်တို့သည် ကန်ထရိုက် သဘောတူစာချုပ် သီအိုရီနှင့်ပတ်သက်၍ ၎င်းတို့၏ လေ့လာတင်ပြမှုများအတွက် ၂၀၁၆ ခုနှစ် စီးပွားရေးဆိုင်ရာ နိုဘယ်ဆုကို ပူးတွဲရရှိကြောင်း ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့ အခြေစိုက် တော်ဝင်သိပ္ပံအကယ်ဒမီက အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ဟားဗတ်တက္ကသိုလ်နှင့် မက်ဆာချူးဆက် နည်းပညာတက္ကသိုလ်တို့မှ ပါမောက္ခနှစ်ဦးဖြစ်ကြသော အိုလီဗာဟတ် (၆၈) နှစ်နှင့် ဟွမ်စထရွမ် (၆၇)နှစ်တို့သည် စီးပွားရေးနိုဘယ်ဆုကို ပူးတွဲရရှိကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါ စီးပွားရေးပညာရှင်နှစ်ဦးသည် ခေတ်သစ်လူ့အဖွဲ့အစည်း ရှင်သန်ရေးအတွက် ကန်ထရိုက် သဘောတူ စာချုပ်များဆိုင်ရာ သီအိုရီနှင့်ပတ်သက်၍ သုတေသနပြု လေ့လာခဲ့ကြကြောင်း၊ အကျိုးစီးပွားချင်း ပဋိပက္ခဖြစ်မှုကို ကန်ထရိုက် သဘောတူစာချုပ်များဖြင့် မည်သို့မည်ပုံ ဖြေရှင်းနိုင်မည်ကို ၎င်းတို့က ဖော်ထုတ်နိုင်ခဲ့ကြကြောင်း နိုဘယ်ဆု ရွေးချယ်ရေးအဖွဲ့က ပြောကြားသည်။

အလုပ်သမားငှားရမ်းခြင်းနှင့် အလုပ်ခန့်ခြင်းဆိုင်ရာ ကန်ထရိုက်သဘောတူညီချက်များနှင့် ပတ်သက်၍ ဟွမ်စထရွမ်က သုတေသနပြု လေ့လာခဲ့ပြီး အများပြည်သူအတွက် ဝန်ဆောင်မှုပေးသော လုပ်ငန်းများ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အိုလီဗာဟတ်က သုတေသနပြု လေ့လာခဲ့ကြောင်း နိုဘယ်ဆု ရွေးချယ်ရေးအဖွဲ့က ပြောကြားသည်။

ကန်ထရိုက် သဘောတူညီချက်များသည် အပြန်အလှန် အကျိုးကျေးဇူးဖြစ်စေသော အမူအကျင့်ကို မြှင့်တင်အားပေးနိုင်ပုံနှင့် ပတ်သက်၍ သုတေသီတို့က သုတေသနပြုကာ ဖော်ထုတ်ရေးသားခဲ့ကြသည်။ **ရိုက်တာ။**






# အမေရိကန်၏ ပဲ့ထိန်းဒုံးကျည်တင် ဖျက်သင်္ဘောကို ယီမင်နိုင်ငံ ဟူသီထိန်းချုပ်နယ်မြေအတွင်းမှ ဒုံးကျည်များဖြင့်ပစ်ခတ်

**ဝါရှင်တန် အောက်တိုဘာ ၁၀**

အမေရိကန်ရေတပ်မှ ပဲ့ထိန်းဒုံးကျည်တင်ဖျက်သင်္ဘောတစ်စင်းကို အောက်တိုဘာ ၉ ရက်တွင် ယီမင်နိုင်ငံအတွင်းရှိ အီရန်၏ မဟာမိတ် ဟူသီသူပုန်များက ထိန်းချုပ်ရာဒေသအတွင်းမှ ဒုံးကျည်ဖြင့် ပစ်ခတ်ခဲ့သော်လည်း ထိမှန်မှုမရှိကြောင်း အမေရိကန်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ အမေရိကန်ဖျက်သင်္ဘောကို ပစ်ခတ်သော ဒုံးကျည်နှစ်စင်းမှာ စစ်သင်္ဘောကို ထိမှန်မှုမရှိဟု ၎င်းက ပြောကြားသည်။

အမေရိကန်ရေတပ်မှ ပဲ့ထိန်းဒုံးကျည်တင် စစ်ရေယာဉ် ယူအက်စ်အက်စ် မေဆင်ကိုတိုက်ခိုက်ရန် ကြိုးပမ်းချက်မှာ ယီမင်ပဋိပက္ခကြောင့် အမေရိကန်စစ်ဘက်ဘေးအန္တရာယ်ရှိနိုင်ပုံကို ထင်ဟပ်လျက်ရှိသည်။ ဟူသီသူပုန်တပ်ဖွဲ့က အမေရိကန်စစ်ဘက်အား တိုက်ခိုက်မှုများ ပြုလုပ်ရန် ကြိုးပမ်းလာဖွယ်ရှိကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူများက ပြောကြားကြသည်။

ယူအေအီးနိုင်ငံမှ ရေယာဉ်တစ်စင်းကို ယီမင်သူပုန်များက တိုက်ခိုက်ရန် ကြိုးပမ်းခဲ့မှုဖြစ်ရပ်အပြီး ရက်သတ္တတစ်ပတ်အကြာတွင် ယခုဖြစ်ရပ် ပေါ်ပေါက်လာခြင်းဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံက ဦးဆောင်သော မဟာမိတ်ညွန့်ပေါင်းလေတပ်ဖွဲ့က ဟူသီသူပုန်များအား တိုက်ခိုက်မှုတွင် အမေရိကန်က ထောက်ခံအားပေးနေခြင်းနှင့် ပတ်သက်၍ အမေရိကန်က ပြန်လည်သုံးသပ်မည်ဟု ဆိုသည်။

ယီမင်နိုင်ငံ ဆာနားမြို့၌ ဈာပနအခမ်းအနားကျင်းပစဉ် ညွန့်ပေါင်းအဖွဲ့က လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုကြောင့် အရပ်သား ၁၄၀ ကျော် သေဆုံးမှုဖြစ်ပေါ်ခဲ့ရပြီးနောက် အမေရိကန်အစိုးရက သုံးသပ်လေ့လာသွားမည်ဖြစ်သည်။

အမေရိကန် စစ်သင်္ဘောကို ယီမင်နိုင်ငံ ကုန်းမြေပေါ်မှ ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းမှာ အောက်တိုဘာ ၉ ရက် ဒေသစံတော်ချိန် ည ၇ နာရီတွင် ဖြစ်ပွားခဲ့ကြောင်း၊ မိနစ် ၆၀ အတွင်း ဒုံးကျည် နှစ်စင်းကို မတူညီသော နေရာနှစ်ခုမှ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အဆိုပါဒုံးကျည်နှစ်စင်းစလုံး စစ်သင်္ဘောထံ မရောက်မီ ပင်လယ်ရေပြင်အတွင်းသို့ ထိုးကျခဲ့ကြောင်း၊ ရေတပ်သားများ ထိခိုက်ဒဏ်ရာရသူမရှိကြောင်း ပင်တဂွန်စစ်ဌာနချုပ်မှ ပြောရေးဆိုခွင့်ရှိသူ ဂျက်ဖ်ဒေးဗစ်က ပြောကြားသည်။ **ရိုက်တာ။**

# တရုတ်နှင့် လာအိုနိုင်ငံများမှ လျှပ်စစ်ဓာတ်အား ဗီယက်နမ် ဆက်လက်တင်သွင်းမည်

**ဟန်နွိုင်း အောက်တိုဘာ ၁၀**

ဗီယက်နမ်လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း (EVN) မှ တာဝန်ရှိသူတစ်ဦး၏အဆိုအရ ဗီယက်နမ်နိုင်ငံက လာမည့်နှစ်များအတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်၏ နှစ်ရာခိုင်နှုန်းကို တရုတ်နှင့် လာအိုနိုင်ငံများမှ ဆက်လက်တင်သွင်းမည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၏ စုစုပေါင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့်တင်သွင်းမှုမှာ ၂၀၁၆ ခုနှစ်တွင် ကီလိုဝပ်နာရီပေါင်း ၁၈၄ ဘီလီယံရှိမည်ဟုခန့်မှန်းပြီး ၂၀၁၅ ခုနှစ်က ကီလိုဝပ်နာရီပေါင်း ၁၆၄ ဘီလီယံထက် ပိုမိုများပြားကြောင်း EVN အကြီးအကဲ ငုရင်ဟိုင်ဟာကို ကိုးကား၍ ဆိုင်ဂုံအီကော့နမစ်တိုင်းစ်က ရေးသားဖော်ပြသည်။ လက်ရှိအချိန်တွင် ဗီယက်နမ်နိုင်ငံသည် လျှပ်စစ်ဓာတ်အားလိုအပ်ချက်၏ ၃ ဒသမ ၁ ရာခိုင်နှုန်းကို တရုတ်နှင့် လာအိုနိုင်ငံများမှ တင်သွင်းလျက်ရှိကြောင်း ငုရင်ကဆိုသည်။

၂၀၁၅ ခုနှစ်ကုန်ထိ ဗီယက်နမ်နိုင်ငံ၏ စုစုပေါင်းလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုမှာ ၃၈၆၄၂ မဂ္ဂါဝပ်ရှိပြီး ယင်းအနက် ၄၁ ဒသမ ၆ ရာခိုင်နှုန်းမှာ ရေအားလျှပ်စစ်ဖြစ်ပြီး ၃၃ ရာခိုင်နှုန်းမှာ ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားဖြစ်သည်။ ဓာတ်ငွေ့တာဘိုင်ဖြင့် ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားမှာ ၁၈ ဒသမ ၇ ရာခိုင်နှုန်းရှိပြီး ၃ ဒသမ ၁ ရာခိုင်နှုန်းကို ပြည်ပမှတင်သွင်းကာ ကျန်ရှိသောလျှပ်စစ်ဓာတ်အားကို အခြားအရင်းအမြစ်များ မှရရှိသည်။ ရေအားလျှပ်စစ်ရင်းမြစ်များ ပြတ်လပ်နေသောကြောင့် ဗီယက်နမ်နိုင်ငံက ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကို အလေးပေးလုပ်ဆောင်မည်ဖြစ်သည်။

ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအချိုးအစားမှာ ၂၀၂၀ ခုနှစ်မတိုင်မီ ၄၉ ရာခိုင်နှုန်း နှင့် ၂၀၂၅ ခုနှစ်မတိုင်မီ ၅၅ ရာခိုင်နှုန်းထိ မြင့်တက်လာမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ။**

# ညောင်ရွှေမြို့နယ်တွင် ခရီးသွားရာသီကာလအမီ ကြိုတင်ပြင်ဆင်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၀**
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် အောက်တိုဘာ ၉ ရက် နံနက်ပိုင်းတွင် ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသော ညဈေး(Night Bazaar) ဖြစ်မြောက်ရေး အစည်းအဝေးသို့တက်ရောက်ကာ ညဈေးဖြစ်မြောက်ရေးကော်မတီများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ Night Bazaar ပြုလုပ်ခြင်းကြောင့် ညောင်ရွှေဒေသ ခရီးသွားလုပ်ငန်းကို ပိုမိုအကျိုးပြုမည်ဖြစ်ပါကြောင်း၊ Night Bazaar တွင် ခရီးသွားဧည့်သည်များ လုံခြုံစိတ်ချစွာနှင့် ကျန်းမာရေးနှင့်ညီညွတ်စွာ သွားလာလည်ပတ်စားသောက်နိုင်ရေးအတွက် ကျန်းမာရေးနှင့် ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သော အစားအစာများ ရောင်းချရေး၊ ဒေသထွက် အမှတ်တရပစ္စည်းများရောင်းချရေး၊ အမှိုက်နှင့်ရေဆိုးများ စနစ်တကျစွန့်ပစ်ရေးနှင့် သဘာဝပတ်ဝန်းကျင်မထိခိုက်စေရေး၊ Tourist Car များ စနစ်တကျရပ်နားရေး၊ Night Bazaar အတွက် စနစ်တကျစီမံအုပ်ချုပ်ခန့်ခွဲရေးနှင့် လုံခြုံရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့ပြီး တက်ရောက်လာကြသော စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့မဈေး တည်ဆောက်ရေးကော်မတီဝင်များနှင့် ညဈေးဖြစ်မြောက်ရေးကော်မတီဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြသည်။

၎င်းနောက် ညောင်ရွှေမြို့ ကမ်းနားလမ်းရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ Information Counter သို့ သွားရောက်ကြည့်ရှုခဲ့ပြီး Information Counter နှင့်ညီညွတ်စွာ ဝန်ကြီးဌာနမှထုတ်ဝေသည့် စာအုပ်စာတမ်း၊ လက်ကမ်းစာစောင်များ၊ ခရီးစဉ်ဒေသဆိုင်ရာအချက်အလက်များ စုံလင်စွာထားရှိ၍ ဖြန့်ဝေပေးနိုင်ရေး၊ နိုင်ငံခြားသားဧည့်သည်များ လာရောက်မေးမြန်းရာတွင် ၎င်းတို့သိရှိလိုသည့် သတင်းအချက်အလက်များအား ပြည့်စုံစွာဖြေကြားပေးနိုင်ရေးအတွက် ဒေသဆိုင်ရာ အချက်အလက်များကို နေ့စဉ်နှင့်အမျှ သိရှိလေ့လာမှတ်သား၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရန်နှင့် Information Counter မွမ်းမံပြင်ဆင်မှုများအတွက် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

*

ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့

WORLD SIGHT DAY

အောက်တိုဘာလ(၁၃)ရက်၊ကြာသပတေးနေ့

"Stronger Together"

အမြင်အာရုံကောင်းမွန်ရေး ပိုမိုလက်တွဲကြိုးပမ်းပေး

# စားသုံးသူဘေးကင်းလုံခြုံမှုရရှိရေးကိစ္စများ ဆွေးနွေး




**နေပြည်တော် အောက်တိုဘာ ၁၀**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်ဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် GAP စနစ်ဆိုင်ရာ လိုက်နာကျင့်သုံးနိုင်မည့် လုပ်ထုံးလုပ်နည်းများ၊ အစီအစဉ်များ ချမှတ်နိုင်ရေးအတွက် **မြန်မာ GAP Protocol ရေးဆွဲရေး လုပ်ငန်းညှိနှိုင်းနှီးနှောဖလှယ်ပွဲ**အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက နေပြည်တော် ပရဆေးဥယျာဉ်အစည်းအဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ ဦးအေးထွန်း(ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း)နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရှင်များ တက်ရောက်ဆွေးနွေးကြသည်။

အဆိုပါ **မြန်မာ GAP Protocol ရေးဆွဲရေး လုပ်ငန်းညှိနှိုင်းနှီးနှောဖလှယ်ပွဲ**တွင် ပြည်တွင်းဈေးကွက်လိုအပ်ချက်အများဆုံးနှင့် ပြည်ပဝယ်လိုအား ရှိသောသီးနှံများ ရွေးချယ်သတ်မှတ်၍ GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရန်၊ မျိုးကောင်း မျိုးသန့် မျိုးစေ့များ ပွားများထုတ်လုပ်ပေးနိုင်ရန်၊ ရိတ်သိမ်းချိန်နှင့် ရိတ်သိမ်းချိန်လွန်နည်းပညာများ အဆင့်မြှင့်တင်နိုင်ရန်၊ ဓာတုဓာတ်ကြွင်းပါဝင်မှုကင်းစင်ရေးအပါအဝင် စားသုံးသူဘေးကင်းလုံခြုံမှုရှိရေးအတွက်၊ ဥပဒေနည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများနှင့် ညီညွတ်အောင်ဆောင်ရွက်နိုင်ရန်၊ ထုတ်ကုန်များ၏အရည်အသွေးနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ စိစစ်အတည်ပြုထောက်ခံချက်ထုတ်ပေးနိုင်ရန် ဆောင်ရွက်သောလုပ်ငန်းစဉ်များအတွက် ကျင့်စဉ်များအား သီးနှံအလိုက် ရေးဆွဲရေးညှိနှိုင်းပြီး စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (GAP) ကို တစ်နိုင်ငံလုံး ကျယ်ပြန့်စွာ စိုက်ပျိုး၍ နိုင်ငံ၏ စားရေရိက္ခာ ဖူလုံစေရေးနှင့် စီးပွားဖြစ် ပြည်ပထုတ်ကုန်များအဖြစ် တင်ပို့ရောင်းချနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၄၂)၊ (၄၃)နှင့် (၄၄) အား စီရင်ချက် (အမိန့်)များ ချမှတ်

**နေပြည်တော် အောက်တိုဘာ ၁၀**
စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးစိုးစိုး (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)က စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) ရရှိသောမဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသောမဲများ မပါဝင်ပါက လျှောက်ထားသူသာ ခိုင်လုံမဲအများဆုံး ရရှိနိုင်မည်ဖြစ်၍ လျှောက်ထားခံရသူအား ရွေးကောက်တင်မြှောက်ခံရခြင်းသည် ပျက်ပြယ်ကြောင်းနှင့် လျှောက်ထားသူအား ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်း ကြေညာပေးပါရန် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၇၊ ၆၈ အရ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကန့်ကွက်လွှာ တင်သွင်းထားမှုကို ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ်(၄၂/၂၀၁၅)ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ခံခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးလှတင့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ခုံအဖွဲ့ဝင်များအဖြစ် ဦးခင်မောင်ဝင်းနှင့် ဦးကျော်သူတို့ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့ (၄)က ကြားနာစစ်ဆေးပြီးနောက် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဦးမောင်မောင် (အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ)အား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်အတည်ဖြစ်ကြောင်းဆုံးဖြတ်ပြီး လျှောက်ထားသူ ဦးစိုးစိုး (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)၏ ကန့်ကွက်လွှာကို တရားစရိတ်နှင့်တကွ ပယ်ကြောင်းနှင့် တရားစရိတ် ကျပ်တစ်သိန်းသတ်မှတ်သည့်စီရင်ချက် (အမိန့်) ချမှတ်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးစိန်ကြိုင်(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)က စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်မော်(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) ရရှိသောမဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသောမဲများ မပါဝင်ပါက လျှောက်ထားသူသာ ခိုင်လုံမဲအများဆုံးရရှိနိုင်မည်ဖြစ်၍ လျှောက်ထားခံရသူအား ရွေးကောက်တင်မြှောက်ခံရခြင်းသည် ပျက်ပြယ်ကြောင်းနှင့် ဆန္ဒမဲအများဆုံးရသူ လျှောက်ထားသူအား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကြေညာပေးရန် တိုင်းဒေသကြီးလွှတ်တော် (သို့မဟုတ်) ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၇၊ ၆၈ အရ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်တွင် ကန့်ကွက်လွှာတင်သွင်းထားမှုကို ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၄၃/၂၀၁၅)ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ လက်ခံခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးလှတင့် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ခုံအဖွဲ့ဝင်များအဖြစ် ဦးခင်မောင်ဝင်းနှင့် ဦးကျော်သူတို့ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့ (၄)က ကြားနာစစ်ဆေးပြီးနောက် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)တွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဦးမြင့်မော် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)အား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်အတည်ဖြစ်ကြောင်းဆုံးဖြတ်ပြီး လျှောက်ထားသူ ဦးစိန်ကြိုင် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)၏ကန့်ကွက်လွှာကို တရားစရိတ်နှင့်တကွ ပယ်ကြောင်းနှင့် တရားစရိတ် ကျပ်တစ်သိန်းသတ်မှတ်သည့် စီရင်ချက်(အမိန့်) ချမှတ်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း ဦးစန်းမောင် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)က စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဟန် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) ရရှိသောမဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသောမဲများမပါရှိပါက လျှောက်ထားသူသာ မဲအများဆုံးရရှိ၍ လျှောက်ထားခံရသူ၏ ရွေးကောက်တင်မြှောက်ခံရခြင်းသည် ပျက်ပြယ်ကြောင်းနှင့် လျှောက်ထားသူအား လွှတ်တော်ကိုယ်စားလှယ်အဖြစ်ကြေညာပေးပါရန် တိုင်းဒေသကြီးလွှတ်တော် (သို့မဟုတ်) ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၇၊ ၆၈ အရ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်တွင် ကန့်ကွက်လွှာတင်သွင်းထားမှုကို ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၄၄/၂၀၁၅)ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ လက်ခံခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးလှတင့် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ခုံအဖွဲ့ဝင်များအဖြစ် ဦးခင်မောင်ဝင်းနှင့် ဦးကျော်သူတို့ ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့ (၄)က ကြားနာစစ်ဆေးပြီးနောက် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)တွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဦးသိန်းဟန် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)အား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်အတည်ဖြစ်ကြောင်းဆုံးဖြတ်ပြီး လျှောက်ထားသူ ဦးစန်းမောင် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)၏ကန့်ကွက်လွှာကို တရားစရိတ်နှင့်တကွပယ်ကြောင်းနှင့် တရားစရိတ် ကျပ်တစ်သိန်းသတ်မှတ်သည့် စီရင်ချက်(အမိန့်) ချမှတ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# လယ်ဝေးမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သင်တန်းပို့ချပြီး (က)လိုင်စင်ထုတ်ပေး

**လယ်ဝေး အောက်တိုဘာ ၁၀**
နေပြည်တော် လယ်ဝေးမြို့နယ်အတွင်းရှိ ပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောခြင်း၊ သင်တန်းပို့ချခြင်းနှင့် မော်တော်ဆိုင်ကယ်မောင်း လိုင်စင်(က) စစ်ဆေးထုတ်ပေးခြင်းများအား အောက်တိုဘာ ၈ ရက် နံနက် ၈နာရီမှ စတင်၍ သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က အမှာစကားပြောကြားပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရုံးမှ ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်တင်ဌေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အသိပညာပေးဟောပြောခဲ့ပြီး စစ်ဆေးရေးမှူး(၂) ဦးအောင်ကျော်ဆန်းက နေပြည်တော် လယ်ဝေးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးလက်ဒေသများမှ တက်ရောက်လာကြသော သင်တန်းသား သင်တန်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ပညာပေးသင်တန်း ပို့ချပေးခဲ့သည်။

ထို့နောက် သင်တန်းသား သင်တန်းသူများအား ရေးဖြေစာမေးပွဲနှင့် မော်တော်ဆိုင်ကယ်မောင်း လက်တွေ့စစ်ဆေးခြင်းများ ဆောင်ရွက်ကာ အောင်မြင်သူ ၂၅၀ အား "က" ယာဉ်မောင်းလိုင်စင်များ နေ့ချင်းပြီးထုတ်ပေးခဲ့ကြောင်း သိရသည်။ ယင်းသင်တန်းသို့ ကျေးလက်ဒေသမှ သင်တန်းသူတစ်ဦးက "ယာဉ်မောင်းလိုင်စင်သင်တန်းဖွင့်လှစ်ပေးပြီး ချက်ချင်း ယာဉ်မောင်းလိုင်စင်ထုတ်ပေးတော့ ကျွန်မတို့ အချိန်ကုန်သက်သာပြီး အလုပ်လည်း မပျက်တော့ဘူး။ လိုင်စင်ကလည်း တန်းရတာဆိုတော့ အများကြီးအဆင်ပြေပါတယ်" ဟု လယ်ဝေးမြို့နယ် ကျသောင်းတောင်ကျေးရွာမှ မဇာဇာလင်းက ပြောသည်။

**(ဇော်မင်းအောင်)**

# စီးပွားရေးလုပ်ငန်းများနှင့် အရင်းအနှီးဈေးကွက်

**ကေတီအို**

မကြာခင်က ဂျာနယ်တစ်စောင်မှာ အင်တာဗျူးတစ်ခု ဖတ်လိုက်ရပါတယ်။ မြန်မာနိုင်ငံမှ ထင်ရှားတဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးနဲ့ မေးမြန်းခန်းဖြစ်ပါတယ်။ အဲဒီမေးမြန်းခန်းမှာ သူက "နိုင်ငံခြားသားတွေကို ပြည်တွင်းလုပ်ငန်းရှင်တွေအနေနဲ့ ယှဉ်ပြိုင်ဖို့ဆိုတာ ပြည်တွင်းကုမ္ပဏီတွေအနေနဲ့ အဓိက ရင်ဆိုင်နေရတဲ့ အခက်အခဲရှိပါတယ်။ အဲဒါကတော့ ငွေကြေးအရင်းအနှီးရရှိဖို့ ခက်ခဲတာဖြစ်ပါတယ်။ ပြည်တွင်းကုမ္ပဏီတွေဟာ ပြည်တွင်းမှာရှိတဲ့ ဘဏ်တွေကပဲ ငွေချေးယူလို့ရပါတယ်။ အတိုးနှုန်းအနေနဲ့ ၁၃ရာခိုင်နှုန်းပေးရတဲ့အချိန်မှာ မြန်မာနိုင်ငံမှာပဲ လာဖွင့်တဲ့ JV ကုမ္ပဏီတွေ၊ နိုင်ငံခြားသားကုမ္ပဏီတွေက အတိုးနှုန်းသက်သက်သာသာနဲ့ သူတို့ရဲ့ နိုင်ငံခြားဘဏ်တွေ၊ သူတို့နိုင်ငံကနေ ငွေချေးယူလာလို့ရသလို မြန်မာနိုင်ငံမှာရှိတဲ့ ဘဏ်တွေကနေ အတိုးနှုန်းသက်သက်သာသာနဲ့ရဖို့ အစိုးရကို စဉ်းစားပေးဖို့ဆိုပြီး ဖြေကြားသွားခဲ့တာကို တွေ့ရပါတယ်။ ဆက်လက်ပြီး "ဒီအတိုးနှုန်းတစ်ခုတည်းနဲ့တင် ငွေကြေးအရင်းအနှီးရရှိဖို့ အခွင့်အလမ်းနည်းတာနဲ့တင် ပြည်တွင်းကုမ္ပဏီတွေအနေနဲ့ ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်ဖို့ အခက်အခဲတွေရှိနေတာဖြစ်ပါတယ်"လို့လည်း ဆက်ပြောခဲ့ပါတယ်။

ရုတ်တရက်ဖတ်ကြည့်လိုက်ရင် ဒီလုပ်ငန်းရှင်ရဲ့ မှတ်ချက်ဟာ ဟုတ်သယောင်ယောင်ထင်ရပါတယ်။ ယှဉ်ပြိုင်နိုင်စွမ်းရှိအောင်လုပ်ရမယ်ဆိုတဲ့ အတွေးအမြင်နဲ့ ပြည်တွင်းလုပ်ငန်းတွေကြီးထွားမှ အိမ်နီးချင်းစီးပွားရေးလုပ်ငန်းကြီးတွေရဲ့ ဈေးကွက်ကိုယှဉ်ပြိုင်နိုင်မယ်ဆိုတဲ့ အတွေးအမြင်ကို ထောက်ခံပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံဘဏ်တွေရဲ့ ချေးငွေနဲ့ အတိုးကြောင့် စွမ်းဆောင်ရည်မြင့်တင်ဖို့နဲ့ ယှဉ်ပြိုင်နိုင်စွမ်းတွေ မလုပ်နိုင်ဘူးဆိုတာကိုတော့ နည်းနည်း ဆွေးနွေးရမယ်လို့ ထင်ပါတယ်။

စီးပွားရေးတစ်ခုလုပ်တော့မယ်ဆိုရင် တကယ်လိုအပ်တာက ကာလရှည် ငွေကြေးအရင်းအမြစ်ရရှိဖို့ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာမှာရှိတဲ့ ကူးသန်းရောင်းဝယ်ရေးဘဏ်တွေရဲ့ သဘောသဘာဝဟာ ကာလတိုချေးငွေ ( ၁နှစ်ထက်မပိုတဲ့ ချေးငွေ) ကိုသာ ချေးပေးနိုင်ပါတယ်။ ဘဏ်တွေရဲ့ သဘောဟာ အများပြည်သူတို့ထံကနေ အပ်နှံငွေတွေလက်ခံပြီး စီးပွားရေးလုပ်ငန်းရှင်တွေ လိုအပ်တဲ့ချေးငွေကို ထုတ်ချေးပေးခြင်းပဲဖြစ်ပါတယ်။ ဒီနေရာမှာ အများပြည်သူထံမှ စုစည်းထားတဲ့ အချိန်ပိုင်းအပ်နှံငွေ၊ စာရင်းရှင်အပ်နှံငွေနဲ့ ငွေစုဘဏ်အပ်နှံငွေတို့ရဲ့ သဘောသဘာဝဟာ အပ်နှံထားသူများက တောင်းခံလာချိန်မှာ အချိန်မရွေး ပြန်ပေးနိုင်ရမယ့် ငွေတွေ(demand deposit) ဖြစ်လို့ ဒီငွေကိုစီးပွားရေး လုပ်ငန်းရှင်တွေ လိုအပ်တဲ့ ကာလရှည်သွားချေးလို့ မရပါဘူး။ ကာလတို သဘောဆောင်တဲ့ ငွေတွေကို ကာလရှည်သွားချေးလိုက်ရင် ဘဏ်တွေမှာ ငွေဖြစ်လွယ်မှု အကျပ်အတည်းနဲ့ ရင်ဆိုင်ရမှာ သေချာပေါက်ပါပဲ။ နောက်တစ်ခုက မြန်မာနိုင်ငံရဲ့ ဘဏ်တွေဟာ အပေါင်ပစ္စည်းအခြေခံပြီး ထုတ်ချေးရတဲ့အတွက် လုပ်ငန်းရှင်လိုသလောက် ချေးငွေပမာဏလည်း ရချင်မှရနိုင်ပါမယ်။

နောက်တစ်ခုက အတိုးနှုန်းကိစ္စပါ။ မြန်မာနိုင်ငံဘဏ်တွေဟာ ဗဟိုဘဏ်က သတ်မှတ်ထားတဲ့ အခြေခံအတိုးနှုန်း ၁၀ရာခိုင်နှုန်းကိုမူတည်ပြီး ဘဏ်တွေက ငွေစုဘဏ်အတိုးကို (-၂ ရာခိုင်နှုန်း) ထက်မနည်းစေရန်၊ ချေးငွေအတိုးနှုန်းကို (+၃ရာခိုင်နှုန်း) ထက်မကျော်ရန်ဆိုတဲ့မူနဲ့ ချိန်ဆပြီး ချေးကြရပါတယ်။ ဒီဘောင်ကို လွတ်လို့မရပါဘူး။ အတိုးနှုန်းအတက်အကျကို ဗဟိုဘဏ်ကနေ ငွေကြေးမူဝါဒအရ၊ ငွေဖောင်းပွမှုနှုန်းစသည်တို့နဲ့ယှဉ်ပြီး သတ်မှတ်ပြဌာန်းထားတဲ့အတွက် ဘဏ်တစ်ခုဟာ အတိုးနှုန်းချဖို့ဆိုတာ မိမိဘာသာမတတ်နိုင်တဲ့ ကိစ္စဖြစ်ပါတယ်။ နိုင်ငံတစ်ခုလုံးနဲ့ သက်ဆိုင်တဲ့ ကိစ္စဖြစ်ပါတယ်။ ဗဟိုဘဏ်ရဲ့ မူဝါဒနဲ့လည်း သက်ဆိုင်နေပါတယ်။

ဒီတော့ လုပ်ငန်းရှင်တွေက စရိတ်စက သက်သက်သာသာနဲ့ ငွေအရင်းအနှီးပမာဏများများလိုချင်တယ်။ ယှဉ်ပြိုင်မှု အားသာချက် (competitive advantage) လည်းလိုချင်တယ်။ ကာလသက်တမ်းကလည်း ရှည်ရှည်လိုချင်တယ်။ စီးပွားရေးတွက်ခြေကိုက်မှု (Economy of Scale) လည်းလိုချင်တယ်ဆိုတော့ ဘယ်လိုနည်းတွေနဲ့ လုပ်ရပ့ါမလဲလို့ ရှည်ရှည်ဝေးဝေး စဉ်းစားနေစရာမလိုပါဘူး။

ကမ္ဘာပေါ်မှာ သက်တမ်းကြာမြင့်စွာကတည်းက ကျင့်သုံးခဲ့ပြီး ယခုအချိန်အထိလည်း ကာလရှည်ငွေအရင်းအနှီးကို ဈေးအချိုဆုံးနဲ့ စုဆောင်းနိုင်တဲ့ နေရာကတော့ အရင်းအနှီးဈေးကွက် (capital market) ကနေ တစ်ဆင့် ငွေကြေးစုဆောင်းခြင်းနည်းစနစ်ပါပဲ။

ဒီလိုလိုအပ်တဲ့ ကာလရှည်အရင်းအနှီးတွေကို ဘယ်လိုရယူရပ့ါမလဲ၊ တစ်ခုပဲလုပ်စရာလိုပါတယ်။ မိမိရဲ့ ကုမ္ပဏီကို မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေနဲ့အညီ အများနဲ့သက်ဆိုင်တဲ့ ကုမ္ပဏီအဖြစ် ပြောင်းဖို့ပဲ လိုတာပါ။ ဒီလိုပြောင်းဖို့အတွက် အများနဲ့သက်ဆိုင်တဲ့ကုမ္ပဏီတွေကို ဖွဲ့စည်းနိုင်ဖို့ နိုင်ငံတော်ကလည်း အားပေးနေတဲ့အချိန် ဖြစ်ပါတယ်။ အများနဲ့သက်ဆိုင်တဲ့ ကုမ္ပဏီတိုက်ရိုက်တည်ထောင်နိုင်သလို တည်ထောင်ပြီးသား ကုမ္ပဏီကိုလည်း အများနဲ့ သက်ဆိုင်တဲ့ ကုမ္ပဏီအဖြစ် ပြောင်းလဲခွင့်ကိုလည်း ခွင့်ပြုထားပြီးသားဖြစ်ပါတယ်။

ဒီလိုတည်ထောင်ပြီးပြီဆိုရင်တော့ လုပ်ငန်းတွေတိုးချဲ့ဖို့အတွက် အများပြည်သူတို့ထံ ရှယ်ယာတွေကို ဖိတ်ခေါ်နိုင်ပြီဖြစ်ပါတယ်။ ဒီလိုအခွင့်အလမ်းတွေ ရရှိနိုင်ဖို့ မြန်မာကုမ္ပဏီတွေအနေနဲ့ ခက်ခက်ခဲခဲဆောင်ရွက်စရာအများကြီး မရှိပါဘူး။ နှစ်ခု၊ သုံးခုလောက်ပဲရှိပါတယ်။ (၁)ပွင့်လင်းမြင်သာမှု၊ (၂) ကိုယ်ကျိုးစွန့်နိုင်မှု၊ (၃) အများအကျိုးလိုလားစိတ်ရှိမှု ဆိုတာတွေရှိဖို့ လိုအပ်ပါတယ်။ ဆိုလိုတာက မိမိကုမ္ပဏီ၊ မိမိလုပ်ငန်းကို အများပြည်သူပါဝင်ခွင့်ပေးရမှာ ဖြစ်တဲ့အတွက် ကိုယ်လုပ်ဆောင်မယ့် စီးပွားရေးလုပ်ငန်းတွေ ထင်သာမြင်သာရှိမှု၊ ပွင့်လင်းမှု၊ စာရင်းဇယားများမှန်ကန်မှု၊ အခွန်တာဝန်ကျေပွန်မှုအစရှိတာတွေကို စနစ်တကျလုပ်ဆောင်ကြရမှာဖြစ်ပါတယ်။

ဒါပေမယ့် ဒီလိုအများပါဝင်လာမယ့် စနစ်ကိုရုတ်တရက် ပြောင်းလဲဖို့ဆိုတဲ့ နေရာမှာ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေ၊ အဆင်မပြေမှုတွေတော့ရှိမှာဖြစ်ပါတယ်။ ဒါတွေဟာလည်း ဖြေရှင်းလို့မရတဲ့ဟာတွေမဟုတ်ပါဘူး။ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကို ဖြေရှင်းပေးနိုင်တဲ့ ကျွမ်းကျင်ပညာရှင်အဖွဲ့တွေ ယခုဆိုရင် မြန်မာနိုင်ငံမှာရှိနေပြီဖြစ်ပါတယ်။ ဒီလို စတော့ဈေးကွက်ကျွမ်းကျင်ပညာရှင်တွေနဲ့ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ပြီးရင်တော့ ရှယ်ယာတွေကို အများပြည်သူတို့ကို ကမ်းလှမ်းရောင်းချခြင်း (Initial Public Offering-IPO) ပြုလုပ်နိုင်ပြီဖြစ်ပါတယ်။

ဒီလိုအိုင်ပီအိုသွားရင်ဖြင့် ဘာအကျိုးတွေ ရမလဲဆိုတော့ ကုမ္ပဏီလုပ်ငန်းတိုးချဲ့ဖို့ ငွေအရင်းအနှီးတွေ ရယူနိုင်မယ်။ အခြားကုမ္ပဏီတွေနဲ့ ပေါင်းစပ်နိုင်မယ်။ ကျွမ်းကျင်ပညာရှင်တွေ ငှားရမ်းနိုင်မယ်၊ နည်းပညာတွေ ဝယ်ယူနိုင်မယ်၊ ရှယ်ယာရှင်တွေအတွက် ဈေးကွက်မှာ တန်ရာတန်ကြေးရောင်းချနိုင်မယ်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို ဆွဲဆောင်နိုင်မယ်၊ ကုမ္ပဏီရဲ့ ဂုဏ်သိက္ခာမြင့်မားလာမယ်ဆိုတဲ့ အကျိုးတွေရရှိမှာ ဖြစ်ပါတယ်။

> **ဒီလိုစတော့တွေ ထုတ်ရောင်းဖို့ပြင်ဆင်တဲ့နေရာမှာ မေးစရာတစ်ခုရှိပါတယ်။ အဲဒါကတော့ သင့်လုပ်ငန်းဟာ အများပြည်သူကို ဆွဲဆောင်နိုင်တဲ့ ထုတ်ကုန်တွေ၊ ဝန်ဆောင်မှုတွေ ချပြနိုင်ပြီလား။ ထိရောက်တဲ့ စီမံခန့်ခွဲမှု အဖွဲ့တွေဖွဲ့ပြီးပြီလား၊ လုပ်ငန်းစီမံချက် (Strategic Plan)တွေ သေသေချာချာ ချပြီးပြီလား၊ ဘဏ္ဍာရေးအခြေအနေတွေ သင့်တင့်ကောင်းမွန်နေပြီလား ဆိုတာတွေကို ပြန်လည်သုံးသပ်ရမှာဖြစ်ပါတယ်။**

ဒီလိုစတော့တွေ ထုတ်ရောင်းဖို့ပြင်ဆင်တဲ့နေရာမှာ မေးစရာတစ်ခုရှိပါတယ်။ အဲဒါကတော့ သင့်လုပ်ငန်းဟာ အများပြည်သူကို ဆွဲဆောင်နိုင်တဲ့ ထုတ်ကုန်တွေ၊ ဝန်ဆောင်မှုတွေ ချပြနိုင်ပြီလား။ ထိရောက်တဲ့ စီမံခန့်ခွဲမှု အဖွဲ့တွေဖွဲ့ပြီးပြီလား၊ လုပ်ငန်းစီမံချက် (Strategic Plan)တွေ သေသေချာချာ ချပြီးပြီလား၊ ဘဏ္ဍာရေးအခြေအနေတွေ သင့်တင့်ကောင်းမွန်နေပြီလား ဆိုတာတွေကို ပြန်လည်သုံးသပ်ရမှာဖြစ်ပါတယ်။

အထက်ကအချက်တွေ အားလုံးအဆင်ပြေပြီဆိုရင် မိမိရှယ်ယာတွေကို နည်းလမ်းသုံးသွယ်နဲ့ အများပြည်သူကို ရောင်းချနိုင်မှာ ဖြစ်ပါတယ်။ ပထမထုတ်ရောင်းတဲ့နည်းကတော့ နဂိုရှိရင်းစွဲ ရှယ်ယာရှင် လူဟောင်းတွေကိုပဲ ထုတ်ရောင်းတဲ့နည်းဖြစ်ပါတယ်။ ဒုတိယနည်းကတော့ မိမိလုပ်ငန်းကို အထောက်အကူပြုခဲ့တဲ့ ပါတနာတွေ၊ ဝန်ထမ်းတွေကို ထုတ်ရောင်းတဲ့နည်းဖြစ်ပါတယ်။ တတိယနည်းကတော့ အများပြည်သူကို တိုက်ရိုက်ကမ်းလှမ်းရောင်းချတဲ့နည်း ဖြစ်ပါတယ်။ တစ်ခုသတိပြုရမှာက ရှယ်ယာတွေကို အများပြည်သူကို ကမ်းလှမ်းရောင်းချတော့မယ်ဆိုရင် မိမိတို့ရဲ့ ရှေ့လုပ်ငန်းစဉ်တွေကို စနစ်တကျရေးဆွဲထားတဲ့ လုပ်ငန်းလမ်းညွှန်စာတမ်း (Prospectus) ကို အများပြည်သူကို ချပြဖို့လိုအပ်ပါတယ်။ ဒီလုပ်ငန်းလမ်းညွှန်စာတမ်းကို အများပြည်သူကို မချပြခင် မြန်မာနိုင်ငံငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (Securities Exchange Commission of Myanmar-SECM) ရဲ့ ကြိုတင်ခွင့်ပြုချက်ရယူဖို့ လိုအပ်မှာဖြစ်ပါတယ်။

ကြိုတင်ပြင်ဆင်ခြင်းဟာ အောင်မြင်မှုရဲ့ လျှို့ဝှက်ချက်လို့ဆိုတဲ့အတိုင်း ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်ဖို့လိုပါတယ်။ အဲဒီမှာ ဘတ်ဂျက်စီမံချက်ရေးဆွဲတာတို့၊ Audit Committee ဖွဲ့တာတို့၊ Corporate Governance စနစ်နဲ့အညီ independent director ခန့်တာတို့၊ လိုအပ်တဲ့ အဖွဲ့တွေဖွဲ့စည်းတာတို့ကို ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

အဲဒီအချက်တွေဆောင်ရွက်ပြီးချိန်မှာတော့ မိမိကုမ္ပဏီရဲ့ရှယ်ယာတွေကို အကုန်(သို့) တစ်စိတ်တစ်ပိုင်းကို အများပြည်သူကို ထုတ်ရောင်းနိုင်ပြီဖြစ်ပါတယ်။ ကမ္ဘာကျော် Facebook တို့၊ Apple တို့၊ Alibaba.com တို့ဟာ IPO စနစ်နဲ့ ရှယ်ယာတွေထုတ်ရောင်းပြီး စတော့အိတ်ချိန်းမှာ စာရင်းဝင်ကုမ္ပဏီအဖြစ်ပါဝင်ကာအောင်မြင်မှုသက်သေထူနိုင်ခဲ့ကြတာကို တွေ့ရမှာဖြစ်ပါတယ်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရစက်မှုနယ်မြေရှိ နည်းပညာသုတေသနဌာနနှင့် စက်ရုံများအား ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၁၀**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရစက်မှုနယ်မြေရှိ နည်းပညာသုတေသနဌာန၊ ဓာတ်ခွဲစမ်းသပ်အလုပ်ရုံသို့ ရောက်ရှိပြီး 3D Coordinate Measurement Room, Sample Preparation Room, Sclerometer Room, Mechanical Property Room, Thermal Force Room, Length Measurement Room, Control System Lab, Balance of Calorimetry Room, Chemical Analysis, Elector and Metallograph Microscope Room နှင့် Oil Testing Room တို့ရှိ ဓာတ်ခွဲစမ်းသပ်နိုင်ရေးစက်ပစ္စည်းများ တပ်ဆင်ထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၁၄)အကြီးစားစက်ရုံ (သာဂရ)သို့ရောက်ရှိပြီး Machine Shop ၌ ထုတ်လုပ်ပြီး ရောင်းချရန်အသင့်ဖြစ်နေသည့် အင်ဂျင်များကို လည်းကောင်း၊ ထုတ်လုပ်ပြီး အင်ဂျင်များ စမ်းသပ်နေမှုအခြေအနေတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် အမှတ်(၁၅)အကြီးစားစက်ရုံ (သာဂရ) သို့ ရောက်ရှိပြီး Machine Process Workshop, Assembly Workshop, Metal Forming Workshop နှင့် ထုတ်လုပ်ပြီး ဈေးကွက်သို့တင်ပို့ရောင်းချရန် အသင့်ဖြစ်နေသည့် မြေထိုးစက်(Bulldozer)များ၊ မြေတူးစက်(Excavator)များ၊ တုန်ခါလမ်းကြိတ်စက်(Vibrator Soil Compactor) များ၊ အသေးစား မြေတူးစက် (Mini Excavator)များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံရှိ စက်ပစ္စည်းများကို အကျိုးရှိစွာအသုံးချနိုင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များမှ လာရောက်လုပ်ငန်းအပ်နှံဆောင်ရွက်နိုင်ရေး ချိတ်ဆက်ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ အမှတ်(၂၆)အကြီးစားစက်ရုံ (သာဂရ) သို့ ရောက်ရှိပြီး စက်ရုံမှထုတ်လုပ်ထားရှိသည့် Turbine, Generator နှင့် Mini Hydro Turbine များကို လည်းကောင်း၊ ဆေးရုံသုံးခုတင်များထုတ်လုပ်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ထုတ်ကုန်ပစ္စည်းများသည် ခိုင်ခံ့ပြီး လှပသေသပ်ကောင်းမွန်သည့် ပစ္စည်းများဖြစ်ရေး အထူးအလေးထားဆောင်ရွက်ရန်လိုကြောင်း၊ မိမိစက်ရုံမှထုတ်လုပ်သည့် ပစ္စည်းများကို သုံးစွဲသူများ ယုံယုံကြည်ကြည်နှင့် သုံးစွဲနိုင်ရေးအာမခံနိုင်ရမည်ဖြစ်ကြောင်း၊ ဈေးကွက်ကို မျက်ခြည်မပြတ်စောင့်ကြည့်၍ ဈေးကွက်လိုအပ်ချက်အတိုင်း ထုတ်လုပ်နိုင်ရေးစီမံဆောင်ရွက်ထားရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းသည် အကျိုးအမြတ်အများဆုံးသော ရင်းနှီးမြှုပ်နှံမှုဖြစ်

## အောင်ကျော်မိုး(လူမှု)

ယနေ့ ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်နေသောနိုင်ငံများကို လေ့လာသုံးသပ်ပါက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအား အထူးအလေးထားဆောင်ရွက်လျက်ရှိကြသည်ကိုတွေ့ရှိရပါသည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုသည် ရှေးဦးအရွယ်ဖြစ်သည့် မွေးကင်းစအရွယ်မှ အသက်ရှစ်နှစ်အရွယ်ထိကလေးများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုက်ရိုက်ဆက်နွယ်လျက်ရှိပါသည်။

ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများတွင် တိုးချဲ့ရင်းနှီးမြှုပ်နှံသောနိုင်ငံများသည် ရှေးဦးအရွယ်ကလေးသူငယ်များ၏ ကျန်းမာရေး၊ အာဟာရပြည့်ဝရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးနှင့်ကာကွယ်စောင့်ရှောက်ရေးကဏ္ဍများတွင် ကုန်ကျစရိတ် လျှော့နည်းသက်သာလာမည်ဖြစ်ပါသည်။ အထူးသဖြင့် ပညာရေးကဏ္ဍတွင် အသက်လွန်မှ မူလတန်းကျောင်းတက်ရောက်မှု၊ အတန်းထပ်ကျော့မှုနှင့် အချိန်မတိုင်မီ ကျောင်းထွက်နှုန်းမြင့်မားမှု၊ အရည်အချင်းပြည့်ဝအောင် ပြန်လည်ဖြည့်ဆည်းကုစားပေးရမှု၊ အချိန်မီကျောင်းပြီးဆုံးနှုန်းနှင့် တစ်ဆင့်မြင့်ပညာရေးအဆင့်သို့ ကူးပြောင်းတက်ရောက်နှုန်းနိမ့်ကျမှုစသည့် ပညာရေးစွမ်းဆောင်ရည်မပြည့်ဝမှုများကြောင့်ဖြစ်ပေါ်လာသည့် မြင့်မားသည့်ပညာရေးကုန်ကျစရိတ်များကို လျှော့ချနိုင်မည်ဖြစ်ပါသည်။

အာဟာရကဏ္ဍတွင် အာဟာရမပြည့်ဝ၍ အရပ်အမောင်းစံမမီခြင်း၊ ဉာဏ်ရည်နိမ့်ခြင်း၊ အာဟာရမပြည့်ဝသည့် အခြားပုံစံအမျိုးမျိုးများပြားခြင်းနှင့် ဖွံ့ဖြိုးမှုနောက်ကျခြင်း စသည့်အကျိုးသက်ရောက်မှုများ လျှော့နည်းလာမည်ဖြစ်ပါသည်။

ကာကွယ်စောင့်ရှောက်ရေးကဏ္ဍတွင် ပြစ်မှုကျူးလွန်သည့် ကလေးများ၊ လူငယ်သင်တန်းကျောင်းများနှင့် ပရဟိတဂေဟာများတွင် ပြုစုစောင့်ရှောက်ရသည့် ကုန်ကျစရိတ်များ၊ လမ်းပေါ်နေကလေးများနှင့် အန္တရာယ်ကျရောက်နိုင်မည့်အခြေအနေတွင်ရှိနေသည့်ကလေးများ လျှော့နည်းလာမည်ဖြစ်ပါသည်။

၂၀၀၀ ပြည့်နှစ်တွင် စီးပွားရေးဆိုင်ရာနိုဘယ်လ်ဆုရခဲ့သူ Dr. James Herkman ၏ နိုင်ငံပေါင်းများစွာမှ သုတေသနတွေ့ရှိချက်များအရ “ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွင် တစ်ဒေါ်လာရင်းနှီးမြှုပ်နှံပါက အကျိုးအမြတ်အားဖြင့် သုံးဒေါ်လာမှ ၁၇ ဒေါ်လာထိရှိကြောင်း” တွေ့ရှိရပါသည်။

ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်နှီးမြှုပ်နှံမှုသည် အခြားလူမှုရေးနှင့် စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းထက် အကျိုးအမြတ်များရုံသာမက လူမှုအဖွဲ့အစည်းတစ်ခုလုံးအတွက်လည်း အကျိုးများစွာရရှိစေခြင်းကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အစိုးရ၏ရင်းနှီးမြှုပ်နှံမှုများအနက် အကောင်းဆုံးသောရင်းနှီးမြှုပ်နှံမှုဖြစ်သည်ဟု စီးပွားရေးကဏ္ဍ၏ ဦးဆောင်ပညာရှင်များက ထောက်ခံတင်ပြထားခြင်းဖြစ်ပါသည်။

၂၀၁၄ ခုနှစ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကဦးဆောင်၍ ကဏ္ဍပေါင်းစုံပါဝင်သော ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒကိုရေးဆွဲထုတ်ပြန်ခဲ့ပြီး အဆိုပါမူဝါဒတွင် အောက်ဖော်ပြပါ မဟာဗျူဟာလုပ်ငန်းစဉ် (၁၀)ရပ်ချမှတ်၍ ရှေးဦးအရွယ်ကလေးသူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအစီအစဉ်များရေးဆွဲကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်-

(၁) ကိုယ်ဝန်မဆောင်မီ၊ ကိုယ်ဝန်ဆောင်စဉ်နှင့် ကလေးမွေးဖွားပြီးစ ဝန်ဆောင်မှုလုပ်ငန်းများ၊
(၂) မွေးစမှ သုံးနှစ်အရွယ်ကလေးများအတွက် ဝန်ဆောင်မှုများ၊
(၃) မွေးစမှ ငါးနှစ်အရွယ်ကလေးများအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာစစ်ဆေးပွဲပိုးသည့် ဝန်ဆောင်မှုများ၊
(၄) သုံးနှစ်မှ လေးနှစ်အရွယ်ကလေးများအတွက် မူကြိုပညာရေး၊
(၅) ငါးနှစ်မှ ရှစ်နှစ်အရွယ် ကလေးများအတွက် အကူးအပြောင်း၊ သူငယ်တန်းနှင့် မူလတန်းအောက်ဆင့် ပညာရေးလုပ်ငန်းများ၊
(၆) အထူးလိုအပ်ချက်ရှိသောကလေးများ၊
(၇) လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းစနစ်၊
(၈) အရည်အသွေးထိန်းသိမ်းခြင်းနှင့် တာဝန်ခံခြင်းအတွက် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သတင်းအချက်အလက် စီမံခန့်ခွဲရေးစနစ်၊
(၉) မူဝါဒကို ကျယ်ကျယ်ပြန့်ပြန့်သိရှိထောက်ခံမှုရရှိစေရန် ပြန်ကြားဆက်သွယ်ပညာပေးခြင်းနှင့်
(၁၀)ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးစနစ်ကို ဖွဲ့စည်းတည်ထောင်ခြင်းတို့ပင်ဖြစ်ပါသည်။

**အသက်လွန်မှ မူလတန်းကျောင်းတက်ရောက်မှု၊ အတန်းထပ်ကျော့မှုနှင့် အချိန်မတိုင်မီ ကျောင်းထွက်နှုန်းမြင့်မားမှု၊ အရည်အချင်းပြည့်ဝအောင် ပြန်လည်ဖြည့်ဆည်းကုစားပေးရမှု၊ အချိန်မီကျောင်းပြီးဆုံးနှုန်းနှင့် တစ်ဆင့်မြင့်ပညာရေးအဆင့်သို့ ကူးပြောင်းတက်ရောက်နှုန်းနိမ့်ကျမှုစသည့် ပညာရေးစွမ်းဆောင်ရည် မပြည့်ဝမှုများကြောင့်ဖြစ်ပေါ်လာသည့် မြင့်မားသည့်ပညာရေးကုန်ကျစရိတ်များကို လျှော့ချနိုင်မည်ဖြစ်**

အထက်ဖော်ပြပါ မဟာဗျူဟာလုပ်ငန်းစဉ်များကိုသက်ဆိုင်သည့်ကဏ္ဍများအလိုက် ဆက်စပ်ဝန်ကြီးဌာနများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ရပါမည်။ ယင်းသို့ဆောင်ရွက်ရာတွင်လည်း နိုင်ငံတော်က ရှေးဦးအရွယ်ကလေးသူငယ်များဖွံ့ဖြိုးရေးအတွက် သီးခြားရန်ပုံငွေထူထောင်မတည်ပေးရမည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ရင်နှီးမြှုပ်နှံရမည် ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုဟုဆိုရာတွင် ငွေကြေးထည့်ဝင်မှု၊ အချိန်ပေးနိုင်မှုနှင့် လုပ်အားစိုက်ထုတ်မှုတို့ပါဝင်ပါသည်။ (ဥပမာ- မိသားစုတစ်စုတွင် မိဘများက သားသမီးများအားပြုစုပျိုးထောင်ရာတွင် သားသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ အာဟာရပြည့်ဝရေးတို့အတွက် ငွေကြေးတစ်ခုတည်းစိုက်ထုတ်ပေးခြင်းမဟုတ်ဘဲ သားသမီးများအပေါ် အချိန်ပေး၍ ပြုစုစောင့်ရှောက်ခြင်းနှင့် သားသမီးများ၏လိုအပ်ချက်များကို ကိုယ်တိုင်ကိုယ်ကျဆောင်ရွက်ပေးခြင်းတို့ ဖြစ်ပါသည်။)

ရှေးဦးအရွယ် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က “ရှေးဦးအရွယ် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဆိုရာမှာ ကလေးမမွေးဖွားခင် မိခင်ကျန်းမာရေး၊ အာဟာရပြည့်ဝရေးကို သေချာစွာဂရုစိုက်ခြင်း၊ မွေးလာသည့်ကလေးကို ကောင်းစွာကျွေးမွေးပြုစုစောင့်ရှောက်ထိန်းသိမ်းခြင်းတို့ ပါဝင်ပါသည်။ ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးလုပ်ငန်းသည် ကျွန်မတို့ လူ့အသိုင်းအဝိုင်းအတွက် အလွန်တရာမှ အကျိုးရှိပြီး ရင်းနှီးရကျိုးနပ်သည့်လုပ်ငန်းဖြစ်သည်ကို တွေ့ရှိရပါသည်”ဟု မြွက်ဆိုထားပါသည်။ (၂၀၁၂ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့ အမေရိကန်ခရီးစဉ်အတွင်းအင်တာဗျူးမှ ကောက်နုတ်ချက်)

နိုင်ငံတစ်နိုင်ငံရှိ မွေးကင်းစအရွယ်မှ အသက်ရှစ်နှစ်အရွယ်ထိ ကလေးများအားလုံးအနေဖြင့် ၎င်းတို့၏ မိဘများ၊ ပြုစုစောင့်ရှောက်သူများနှင့် ဝန်ဆောင်မှုပေးသူများထံမှ ဘက်ပေါင်းစုံလွှမ်းခြုံ၍ အရည်အသွေးပြည့်ဝပြီး ဖွံ့ဖြိုးမှုအဆင့်နှင့်ကိုက်ညီသော ပြုစုစောင့်ရှောက်မှုများကိုရရှိခြင်းအားဖြင့် လွတ်လပ်မှု၊ ညီမျှမှု၊ ဂုဏ်သိက္ခာရှိမှုအခြေအနေများတွင် ပျော်ရွှင်ခြင်း၊ ကျန်းမာခြင်း၊ အာဟာရပြည့်ဝခြင်း၊ ပေါင်းသင်းဆက်ဆံရေးကောင်းခြင်း၊ စိတ်ခွန်အားကြံ့ခိုင်ခြင်း၊ လုံခြုံမှုရရှိခြင်းများနှင့်ပြည့်စုံပြီး ၎င်းတို့၏မိသားစုများ၊ ရပ်ရွာနှင့် နိုင်ငံကိုအကျိုးပြုနိုင်သူများ ဖြစ်လာစေမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ကျွန်တော်တို့ မြန်မာနိုင်ငံအနေဖြင့် မွေးကင်းစအရွယ်မှ ရှစ်နှစ်အရွယ် ကလေးများအားလုံး၏ ဘက်စုံဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ အမြန်ဆုံးဆောင်ရွက်ရန် လိုအပ်လျက်ရှိနေပြီး ယင်းသို့ဆောင်ရွက်ပေးခြင်းဖြင့် ရှေးဦးအရွယ် ကလေးသူငယ်များအားလုံးသည် ကဏ္ဍပေါင်းစုံပူးပေါင်းပါဝင်စီစဉ် အကောင်အထည်ဖော်သော ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များတွင် ပါဝင်ခွင့်ရရှိခြင်းဖြင့် ဘက်စုံဖွံ့ဖြိုးမှုများရရှိလာပြီး လူ့စွမ်းအားအရင်းအမြစ်၏ အခြေခံအုတ်မြစ်အဖြစ် ခိုင်ခိုင်မာမာချမှတ်အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

# ဒေသန္တရစီမံကိန်းရေးဆွဲရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ဟားခါး အောက်တိုဘာ ၁၀**

ချင်းပြည်နယ်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရေးဆွဲရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်စီမံကိန်းဦးစီးမှူးများက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရေးဆွဲမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝီကော၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးပြုံးချိုနှင့် ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးမြင့်အောင်တို့က ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းဗိုလ်က ပြည်သူလူထုအခြေပြု မူးယစ်ဆေးစွဲကုသရေးဌာနများ ဖွင့်လှစ်မည့်လုပ်ငန်းစီမံချက်နှင့်ပတ်သက်၍လည်းကောင်း၊ ပြည်နယ်၊ ခရိုင်လမ်းဦးစီးဌာနနှင့် လမ်းအထူးအဖွဲ့များမှ တာဝန်ခံများက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ချင်းပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ စီမံကိန်းဦးစီးမှူးများနှင့် လမ်းဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(ပြည်နယ်ပြန်/ဆက် )**



## ပြည်တွင်းရေးရာ

**☆ ဒုတိယသမ္မတမှ**

ဆက်လက်၍ ပထမအကြိမ် အေစီဒီ ထိပ်သီးအစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည့် ကူဝိတ်နိုင်ငံ စော်ဘွား Sheikh Sabah Al-Ahmad Al-Jabar Al-Sabah နှင့် အေစီဒီ အလှည့်ကျသဘာပတိ အာရပ်စော်ဘွားများ ပြည်ထောင်စုမှ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး H.E.Dr. Thani Alzeyoudi တို့က မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် ဒုတိယအကြိမ် အေစီဒီ ထိပ်သီးအစည်းအဝေးကို ဆက်လက်ကျင်းပရာ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက မိန့်ခွန်းများ ပြောကြားကြသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေက မိန့်ခွန်းပြောကြားရာတွင် ၂၀၀၂ ခုနှစ်တွင် ထိုင်းနိုင်ငံ ချန်အမ်းမြို့၌ စတင်ဖွဲ့စည်းခဲ့သည့် အေစီဒီအဖွဲ့သည် ယခုအချိန်တွင် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို ထိရောက်မှုရှိရှိဖြင့် ဆောင်ရွက်နေသည့် အဖွဲ့တစ်ခုအဖြစ် မြင်တွေ့နေရပြီ ဖြစ်ပါကြောင်း၊ အေစီဒီသည် ယနေ့ခေတ် ကမ္ဘာကြီး၏ ပြုပြင်ပြောင်းလဲမှု ဖြစ်စဉ်နှင့်အတူ ပေါ်ပေါက်လာသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားရင်း အဖွဲ့ဝင်နိုင်ငံများအကြား ခိုင်မြဲသည့်ဆက်ဆံရေးကို ထူထောင်နိုင်ခဲ့ပါကြောင်း။

အာရှတိုက်သည် ကမ္ဘာ့အကြီးဆုံးနှင့် ကွဲပြားခြားနားမှု အများဆုံးဒေသကြီးတစ်ခုဖြစ်ပြီး ကမ္ဘာမြေဧရိယာ၏ ၃၀ ရာခိုင်နှုန်းခန့် ကျယ်ဝန်းပါကြောင်း၊ ထို့ပြင် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ကျော်သည် အာရှဒေသတွင် နေထိုင်လျက်ရှိရာ ကြီးမားသော စီးပွားရေးဈေးကွက်ကို ဖန်တီးပေးနိုင်သည့်အပြင် လူ့စွမ်းအားအရင်းအမြစ် ပေါကြွယ်ဝသည့်ဒေသလည်း ဖြစ်ပါကြောင်း။

အာရှဒေသသည် ဖွံ့ဖြိုးတိုးတက်မှု လျင်မြန်သောဒေသဖြစ်ပြီး ကမ္ဘာ့စီးပွားရေး၏ တွန်းအားစုလည်း ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း ကမ္ဘာ့ကုန်သွယ်မှုတွင် အာရှဒေသ၏ ပါဝင်မှုသည် တိုးမြင့်လျက်ရှိပါကြောင်း၊ သို့ရာတွင် ဒေသတွင်း အဖွဲ့ဝင်နိုင်ငံများ၌ လူမှုစီးပွားနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရပါကြောင်း၊ ဒေသတွင်း ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေး၊ စွမ်းအင်ဖူလုံရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဖွဲ့ဝင်နိုင်ငံများအကြား ယခင်ကထက် ပိုမိုချိတ်ဆက်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် အေစီဒီ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ အကြီးအကဲများ၊ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့်အတူ ထိုင်းနိုင်ငံအစိုးရအိမ်တော်၌ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးပရာယုဒ် ချန်အိုချာ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ယင်းနောက် အေစီဒီ ထိပ်သီးအစည်းအဝေးကို ဆက်လက်ကျင်းပရာ အေစီဒီ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ တွေ့ဆုံ၍ အနာဂတ် အေစီဒီ၏ ပုဂ္ဂလိကကဏ္ဍဆိုင်ရာ အကြံပြုချက်များကို ဆွေးနွေးခြင်း၊ အေစီဒီအထွေထွေ အတွင်းရေးမှူး Mr. Bundit Limschoon က အေစီဒီ အစည်းအဝေးရလဒ်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို တင်ပြခြင်း၊ ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးဆိုင်ရာ ကြေညာချက်စာတမ်းများ အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ်က နိဂုံးချုပ်မိန့်ခွန်း ပြောကြားသည်။

ဒုတိယအကြိမ် အေစီဒီ ထိပ်သီးအစည်းအဝေးမှ ဗန်ကောက် ကြေညာစာတမ်း၊ အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အေစီဒီအဖွဲ့၏ ရှေ့မျှော်မှန်းချက် ၂၀၃၀ နှင့် အဖွဲ့ဝင်နိုင်ငံများအကြား ဆက်သွယ်ချိတ်ဆက်မှုဖြင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကို ရည်ရွယ်သော အေစီဒီကြေညာစာတမ်းတို့ကို ထုတ်ပြန်ခဲ့ပြီး အေစီဒီ ယာယီအတွင်းရေးမှူးချုပ်ရုံးအား အမြဲတမ်းရုံးအဖြစ် တိုးမြှင့်ဖွင့်လှစ်ရန် သဘောတူညီခဲ့သည်။

အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ(အေစီဒီ)ကို ၂၀၀၂ ခုနှစ်တွင် ထိုင်းနိုင်ငံ ဟွာဟင်းမြို့၌ အရှေ့တောင်အာရှ၊ အရှေ့အလယ်ပိုင်းနှင့် အရှေ့အာရှနိုင်ငံများဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ အဖွဲ့ဝင်နိုင်ငံပေါင်း ၃၄ နိုင်ငံပါဝင်လျက်ရှိသည်။ အေစီဒီ ပူးပေါင်းဆောင်ရွက်မှုများတွင် အာရှဒေသတွင်း အပြန်အလှန် မှီခိုအားထားမှုတိုးမြင့်ခြင်းဖြင့် အာရှဒေသ၏ ဘုံခွန်အားစုနှင့် အခွင့်အလမ်းများကို ပြသနိုင်ရေး၊ နိုင်ငံတကာဈေးကွက်တွင် အာရှစီးပွားရေး အသိုက်အဝန်းထူထောင်ရေး၊ အာရှဒေသတွင်း ကုန်သွယ်ရေးနှင့် ငွေကြေးဈေးကွက်တိုးမြှင့်နိုင်ရေး၊ အာရှနိုင်ငံများအကြား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ညီမျှစေရေးတို့ကို ရည်ရွယ်၍ နိုင်ငံပေါင်း ၁၈ နိုင်ငံဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံသည် စတင်တည်ထောင်ဖွဲ့စည်းချိန်ကပင် အဖွဲ့ဝင်နိုင်ငံ ဖြစ်ခဲ့သည်။

အေစီဒီသည် စည်းကမ်းဘောင်များ တင်းကျပ်စွာချမှတ်ပြီး တရားဝင်ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ အဖွဲ့အစည်းမျိုးမဟုတ်ဘဲ အဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး၊ လူမှုရေးကိစ္စရပ်များကို လွတ်လပ်စွာဆွေးနွေးနိုင်ရေးအတွက် ရည်ရွယ်ဖွဲ့စည်းထားသည့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အဖွဲ့အစည်းဖြစ်သည်။

အေစီဒီအဖွဲ့အနေဖြင့် နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးနှင့် အဆင်မြင့်အရာရှိကြီးများ အစည်းအဝေးတို့ကို နှစ်စဉ်ကျင်းပလျက်ရှိသည်။ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများအနေဖြင့် ကုလသမဂ္ဂအထွေထွေညီလာခံ ကျင်းပနေစဉ်ကာလအတွင်း သီးသန့်အစည်းအဝေးကျင်းပ၍ အဖွဲ့၏ ဆောင်ရွက်ထားရှိပြီးဖြစ်သည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ တိုးတက်မှုအခြေအနေကို ပြန်လည်သုံးသပ်ခြင်း၊ နိုင်ငံတကာ၌ ဖြစ်ပွားနေသော အရေးကိစ္စများ အာရှဒေသသို့ သက်ရောက်လာမှုအခြေအနေများ သုံးသပ်ခြင်းတို့ကို ပြုလုပ်လျက်ရှိသည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးမြင့်ဆွေအား ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ဖိလစ်ပိုင်နိုင်ငံ စွမ်းအင်ဝန်ကြီးတို့အား သီးခြားစီ လက်ခံတွေ့ဆုံ



**ဗန်ကောက် အောက်တိုဘာ ၁၀**

ဒုတိယအကြိမ် အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ(အေစီဒီ) တက်ရောက်ရန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ရောက်ရှိနေသော ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဟွန်ကျိုးဟန်နှင့်လည်းကောင်း၊ ညနေပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံ စွမ်းအင်ဝန်ကြီး မစ္စတာ အယ်လ်ဖွန်ဆိုဂျီကူစီနှင့်လည်းကောင်း သီးခြားစီ လက်ခံတွေ့ဆုံသည်။

ကိုရီးယားနိုင်ငံ ဝန်ကြီးချုပ်နှင့်တွေ့ဆုံစဉ် မြန်မာ-ကိုရီးယား နှစ်နိုင်ငံအကြား ရှိရင်းစွဲ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ရေးနှင့် စီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ ချဲ့ထွင်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများ ဖော်ဆောင်နိုင်ရေးတို့ကို ဆွေးနွေးကြသည်။

အလားတူ ဖိလစ်ပိုင်နိုင်ငံ စွမ်းအင်ဝန်ကြီးနှင့်တွေ့ဆုံစဉ် ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပမည့် ACD Conference on Energy Security and Substainability ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ ရေအားလျှပ်စစ်ထုတ်ယူရေးဆိုင်ရာ အတွေ့အကြုံနည်းပညာများကို မျှဝေပေးရေး၊ နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးတို့ကို ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

ညပိုင်းတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ဗန်ကောက်မြို့ရှိ မြန်မာသံရုံးနှင့် စစ်သံရုံးတို့ကို လှည့်လည်ကြည့်ရှုပြီး မြန်မာသံအမတ်ကြီး နေအိမ်၌ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင်များနှင့်တွေ့ဆုံအားပေးစကား ပြောကြားသည်။ ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား မြန်မာသံအမတ်ကြီးက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

အလားတူ အေစီဒီ ထိပ်သီးအစည်းအဝေး၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ရောက်ရှိနေသည့် အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျသည် အောက်တိုဘာ ၈ ရက် ညပိုင်းက ထိုင်းနိုင်ငံ Plaza Athenee ဟိုတယ်၌ ကျင်းပသည့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွတ်ဝိနိုင်း၏ အလုပ်သဘောညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

အဆိုပါညစာစားပွဲတွင် ဒုတိယအကြိမ် အေစီဒီ ထိပ်သီးအစည်းအဝေး၏ ဗန်ကောက် ကြေညာစာတမ်း၊ အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အေစီဒီအဖွဲ့၏ ရှေ့မျှော်မှန်းချက် ၂၀၃၀ နှင့် အဖွဲ့ဝင် နိုင်ငံများအကြား ဆက်သွယ်ချိတ်ဆက်မှုဖြင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကို ရည်ရွယ်သော အေစီဒီ ကြေညာစာတမ်းတို့ကို ထုတ်ပြန်ရန်နှင့် အေစီဒီ ယာယီအတွင်းရေးမှူးချုပ်ရုံးအား အမြဲတမ်းရုံးအဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်ရေးတို့ကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ **(သတင်းစဉ်)**

# နယ်မြေရှင်းလင်းရေးဆောင်ရွက်နေသော တပ်မတော်သားများအား ရုတ်ခြည်းတိုက်ခိုက်လာသည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများကို ပြန်လည်ပစ်ခတ်ရှင်းလင်း

**နေပြည်တော် အောက်တိုဘာ ၁၀**

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သောဖြစ်စဉ်များနှင့်ပတ်သက်၍ တပ်မတော်မှ နယ်မြေရှင်းလင်းရေးဆောင်ရွက်နေစဉ် ရုတ်ခြည်းတိုက်ခိုက်လာသော အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများအား ပြန်လည်ပစ်ခတ်ရှင်းလင်းခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြို့သူကြီးကျေးရွာဝန်းကျင်၌ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ ရောက်ရှိနေကြောင်း သတင်းအရ တပ်မတော်မှ နယ်မြေရှင်းလင်းစဉ် ယနေ့နံနက် ၈ နာရီခန့်တွင် အဆိုပါကျေးရွာအနီး ကွမ်းခြံအတွင်းမှ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ ၂၀ ဦးခန့်က တုတ်၊ ဓား လက်နက်များဖြင့် ရုတ်တရက် တိုက်ခိုက်လာမှုကြောင့် တပ်မတော်မှ ပြန်လည်ပစ်ခတ်ရှင်းလင်းရာ ၎င်းအဖွဲ့များ ထွက်ပြေးသွားခဲ့ပြီး အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ အလောင်းလေးလောင်းနှင့် ၎င်းတို့ ကိုင်ဆောင်တိုက်ခိုက်ခဲ့သော လုပ်သေနတ်တစ်လက်၊ ကျည်သုံးတောင့်နှင့် ဓားတစ်လက်တို့ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ဆုတ်ခွာထွက်ပြေးသွားသော အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများအား တပ်မတော်မှ လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အင်းဝအပ်ချုပ်ဆိုင်မှ အိမ်အကူမိန်းကလေး မဆန်းကေခိုင်၏ လက်ပိုင်းဆိုင်ရာခွဲစိတ်ကုသမှုအခြေအနေနှင့်ပတ်သက်၍ လက်ပိုင်းဆိုင်ရာဆရာဝန်ကြီး ဒေါက်တာခင်မောင်မြင့်နှင့် တွေ့ဆုံမေးမြန်းခြင်း

တွေ့ဆုံမေးမြန်း – သီသီမင်း၊ ဓာတ်ပုံ – မင်းသစ်

**အင်းဝအပ်ချုပ်ဆိုင်ပိုင်ရှင်နှင့်မိသားစုက ညှဉ်းပန်းနှိပ်စက်ခဲ့သည့်အတွက် အိမ်အကူမိန်းကလေးနှစ်ဦးဖြစ်သည့် မဆန်းကေခိုင်နှင့် မသဇင်တို့တွင်ရရှိခဲ့သည့်ဒဏ်ရာများအား ဆေးဝါးကုသရန် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူလျက်ရှိသည်။ အဆိုပါ မိန်းကလေးနှစ်ဦးထဲမှ လက်ချောင်းများတွင် ပြင်းထန်စွာဒဏ်ရာရရှိခဲ့သည့် မဆန်းကေခိုင်အား ခွဲစိတ်ကုသပေးနေသည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ထိခိုက်ဒဏ်ရာနှင့် လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာခင်မောင်မြင့်အား ခွဲစိတ်ကုသမှုအခြေအနေများနှင့် စပ်လျဉ်းပြီး တွေ့ဆုံမေးမြန်းခဲ့ပါသည်။**



ဒေါက်တာခင်မောင်မြင့်

**မေး။ မဆန်းကေခိုင်ရဲ့ လက်ခွဲစိတ်မှု စတင်ခဲ့တဲ့အချိန်က အခြေအနေကို သိပါရစေရှင့်။**

ဖြေ။ ကလေးမလေးတွေက စက်တင်ဘာ ၂၁ ရက် ညနေ ၅ နာရီမှာ ဆေးရုံလာတက်တယ်။ ဒဏ်ရာတွေ ကျွန်တော်တို့ စစ်ဆေးခွင့်ရတယ်။ မဆန်းကေခိုင်ရဲ့ ဒဏ်ရာတွေကို စစ်ဆေးပြီးတဲ့အချိန်မှာ ဒဏ်ရာတွေက ညာလက်ရော၊ ဘယ်လက်ရော ထိခိုက်ဒဏ်ရာရရှိထားတာတွေ့ရတယ်။ အမာရွတ်တွေလည်း အများကြီးပဲရှိတယ်။ လက်ချောင်းလေးတွေလည်း ကျိုးလို့၊ လှုပ်ရှားမှုလည်း နည်းနည်းလေးနည်းတယ်။ အဓိကက ပစ္စည်းတွေကိုမကိုင်နိုင်ဘူး။ သိပ်ပြီးတော့ ထိထိရောက်ရောက်ခန္ဓာကိုယ်ရဲ့ သန့်ရှင်းရေးတွေကို သူမလုပ်နိုင်ဘူး။ နာကျင်နေတာတွေလည်း တွေ့ရတယ်။ ကျွန်တော် စက်တင်ဘာ ၂၃ ရက်မှာ ခရီးသွားတယ်။ အောက်တိုဘာ ၃ ရက်မှာ ပြန်ရောက်တယ်။ အသေးစိတ်ပြန်လည်စစ်ဆေးပြီးတဲ့အခါမှာ လက်တွေကို ပထမဆုံး ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဌာနနဲ့ ပူးပေါင်းပြီး လေ့ကျင့်ခန်းတွေလုပ်ခဲ့တယ်။ တိုးတက်မှုပိုလိုအပ်တယ်ထင်လို့ ပြီးခဲ့တဲ့ အောက်တိုဘာ ၅ ရက်မှာ ခွဲစိတ်ကုသမှုကို ညာလက်က စတင်ခဲ့ပါတယ်။

**မေး။ မဆန်းကေခိုင်က ညာလက်ရော၊ ဘယ်လက်ရော ထိခိုက်ဒဏ်ရာရထားတယ်လို့ သိရပါတယ်။ ညာလက်ကို ဦးစားပေး စတင်ခွဲစိတ်ဖြစ်ခဲ့ပုံကို ရှင်းပြပေးပါ။**

ဖြေ။ ဒီကလေးက ဘယ်ရော၊ ညာရော ထိထားတဲ့အခါကျတော့ လက်နှစ်ဖက်လုံး တစ်ပြိုင်တည်း ခွဲလို့မရပါဘူး။ ညာလက်ကို ခွဲမယ်လို့ ဆုံးဖြတ်တဲ့ အကြောင်းရင်းက ကလေးမလေးကညာသန်ဖြစ်တယ်။ ညာလက်ချောင်းလေးတွေဟာ ဖန်ခွက်ကို ဆုပ်ကိုင်လို့ရတဲ့ အနေအထားလောက်တောင်မရှိဘူး။ တုံ့ဆိုင်းမှုတွေဖြစ်နေတယ်။ အဲ့ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဘယ်ရော၊ ညာရောမှာ ဘယ်လက်ကို သန့်ရှင်းရေးအတွက် အသုံးပြုဖို့ထားပြီး ညာလက်ကို စပြီးခွဲစိတ်မယ်။ နောက်ပြီး ကလေးမလေးက စိတ်ပိုင်းဆိုင်ရာ အနည်းငယ်ထိခိုက်ဒဏ်ရာ ရထားတာကိုတွေ့ရတယ်။ ညာလက်ကို စခွဲမယ်၊ ညာလက်ကောင်းလာပြီဆိုရင် သူပျော်သွားမယ်။ သူ့ကိုလည်း စည်းရုံးပြီးတော့ကောင်းကောင်းလေ့ကျင့်ခန်းလုပ်ခိုင်းမယ်။ ညာဘက်လက်ကောင်းတဲ့အခါမှာ ဘယ်ဘက်လက်ကို ဆက်လက်ပြီး ခွဲစိတ်သွားဖို့ စီစဉ်သွားမယ်။

**မေး။ ညာဘက်လက်ခွဲစိတ်မှုမှာ လက်ရဲ့ ထိခိုက်ဒဏ်ရာရရှိထားတဲ့ ဒဏ်ရာအနေအထား တွေ့ရှိချက်ကိုလည်း အနည်းငယ်လောက်ရှင်းပြပေးပါ။**

ဖြေ။ ညာလက်ကို စခွဲတဲ့နေ့က ညာဘက်လက်ချောင်းလေးတွေမှာ ထိခိုက်ဒဏ်ရာကြောင့် အဆစ်ကလေးတွေကပ်နေတာတွေ့ရတယ်။ ဒီအဆစ်လေးတွေကပ်နေတာကို ခွဲစိတ်လိုက်တယ်။ ခွဲစိတ်လိုက်တဲ့အခါမှာ အဆစ်က နှစ်ဆစ်လောက်ဖြစ်နေတယ်။ သိပ်ဆိုးတဲ့ အမာရွတ်တွေကို ဖယ်ရှားဖို့ လုပ်တယ်။ ကလေးမလေးက ငယ်သေးတော့ ချက်ချင်းလှုပ်ရှားမှုတွေ မလုပ်ဘဲနဲ့ အနာသက်သာအောင်ဆိုပြီး ကျောက်ပတ်တီးကို သုံးပတ်လောက်စည်းထားရမယ်လို့ ခန့်မှန်းပါတယ်။ သုံးပတ်ပြည့်တဲ့အခါမှာ ကျောက်ပတ်တီးကိုလည်း ဖယ်ရှားမယ်။ ချုပ်ရိုးတွေလည်း ဖြေမယ်။



**မေး။ ဘယ်ဘက်လက်ကိုရော ဘယ်အချိန်မှာ ခွဲစိတ်ဖို့ စီစဉ်ထားတယ်ဆိုတာ သိပါရစေ။**

ဖြေ။ ညာလက်က လက်ခံနိုင်လောက်တဲ့ အနေအထားမျိုး ဖြစ်လာပြီဆိုရင် ဒုတိယအကြိမ် ဘယ်လက်ကိုခွဲဖို့ စဉ်းစားမယ်။ ကလေးမလေးက သူ့ညာလက်ကို ခွဲလိုက်လို့ အဆင်ပြေတယ်။ ပိုပြီးကောင်းလာတယ်လို့ ယုံကြည်လာတဲ့အခါမှာ ဘယ်လက်ကို သူကိုယ်တိုင် လိုလိုချင်ချင် ခွဲစိတ်မယ်လို့ ယူဆတယ်။ ဒါကြောင့် ဒီအစီအစဉ်ကို ကျွန်တော်ကိုယ်တိုင် သေသေချာချာ စေ့စေ့စပ်စပ်စဉ်းစားပြီးတော့မှ လုပ်ခဲ့တာ ဖြစ်ပါတယ်။

ဘယ်ဘက်လက်တံတောင်ဆစ်ကိုတော့ ခွဲစိတ်ဖို့ လိုအပ်မယ်လို့လည်း မှန်းထားတယ်။ ဘယ်လက်က တံတောင်ဆစ်ရော၊ လက်ချောင်းကလေးတွေရောက ခွဲစိတ်ဖို့လိုအပ်ပါတယ်။ ညာလက်ကို ခွဲစိတ်ထားတဲ့အချိန်မှာလည်း ဘယ်လက်ကို လေ့ကျင့်ခန်းတွေ ဆက်လက်လုပ်ဆောင်နေပါတယ်။

**မေး။ မဆန်းကေခိုင်ရဲ့ ရခဲ့တဲ့လက်က ဒဏ်ရာတွေက ပျောက်ကင်းဖို့ အချိန်ဘယ်လောက်ကြာမြင့်မလဲဆိုတာ သိချင်ပါတယ်။**

ဖြေ။ ညာလက်ခွဲထားပြီး သုံးပတ်အချိန်ယူထားတယ်။ လေ့ကျင့်ခန်းလုပ်ဖို့ နောက်ထပ် ကိုးပတ်ကနေ ၁၀ ပတ် ကျွန်တော်တို့ အချိန်ပေးရမယ်။ ဒီ ကိုးပတ်၊ ၁၀ ပတ်မှာ ကလေးမလေးရဲ့ ပူးပေါင်းပါဝင်မှုပေါ် မူတည်ပြီးတော့ နောက်တစ်ဆင့် ခွဲရမယ်ဆိုတော့ ကျွန်တော်သုံးလေးလလောက်အနည်းဆုံးမှန်းထားပါတယ်။ ဒါမှ ကျွန်တော်တို့အနေနဲ့ ကလေးရဲ့ လေ့ကျင့်ခန်းလုပ်တဲ့ အနေအထားအပေါ်၊ ကလေးရဲ့ ပူးပေါင်းပါဝင်ကူညီမှုအပေါ်မှာ မူတည်တယ်။ လူကြီးဆို အထူးပြောစရာမရှိဘူး။ ကောင်းဖို့ လေ့ကျင့်ခန်းလုပ်ရတယ်ဆိုတာ သူသိတယ်။ ကလေးဆိုတော့ ကျွန်တော်တို့ ပြောတာ ဘယ်လောက်နားလည်လဲ၊ ဘယ်လောက်ပူးပေါင်းပါဝင်လဲ။ သူနာကျင်တာတွေ ဘယ်လောက် ခံစားနေရလဲ။ သူ့မှာက အဆစ်တွေ ထိခိုက်သွားတာကိုး၊ ထိခိုက်ထားတဲ့အပေါ်မှာ သူ့ရဲ့ လေ့ကျင့်ခန်းလုပ်မှုအပေါ်မူတည်ပြီး အချိန်ကာလကြာမြင့်မှာဖြစ်ပါတယ်။

**မေး။ မဆန်းကေခိုင်ရဲ့ လက်နှစ်ဖက်လုံးခွဲစိတ်မှုပြီးတဲ့အခါမှာ အရင်လို ပြန်လည်ကောင်းမွန်လာဖို့ ရှိ၊ မရှိ သိပါရစေ။**

ဖြေ။ ဒီခွဲစိတ်မှုက ကျွန်တော်တို့ လောကမှာတော့ အင်မတန်ခက်ခဲတဲ့ ခွဲစိတ်မှုထဲမှာပါပါတယ်။ ရာခိုင်နှုန်းအားဖြင့် ဘယ်လောက်ပြန်ကောင်းလာမယ်ဆိုတာ ခန့်မှန်းတဲ့အခါမှာလည်း ဒီလိုခန့်မှန်းရတာ တော်တော်ခက်ပါတယ်။ လူကြီးတွေဆိုရင်တော့ ၆၀ ရာခိုင်နှုန်းထက် မကောင်းနိုင်ဘူးလို့ ပြောပေမယ့် ကလေးမှာတော့ မပြောရဲဘူး။ ကျွန်တော်တို့ဘက်က ခွဲစိတ်မှုကတော့ အားရကျေနပ်မှုရှိတာ သေချာတယ်။ ခွဲစိတ်မှုတော်တော်များများ ကျွန်တော်တို့ဘက်က ရာနှုန်းပြည့်နီးပါး အားရပါးရ စိတ်ကျေနပ်အောင် ခွဲစိတ်လိုက်နိုင်တယ်။ ကျွန်တော်တို့ ဂရုစိုက်ပြီးလည်း ခွဲခဲ့တယ်။ အချိန်လည်းအများကြီးယူပြီး ခွဲခဲ့တယ်။ သေချာလည်း ပြင်ဆင်ပြီးလုပ်ထားတယ်။ ကလေးက ကျွန်တော်တို့အပေါ် ဘယ်လိုတုံ့ပြန်ပြီး လေ့ကျင့်ခန်းလုပ်မလဲဆိုတာ မူတည်တယ်။ သူရထားတဲ့ ဒဏ်ရာအပေါ်မှာလည်း မူတည်တယ်။ သူရထားတဲ့ ဒဏ်ရာက နည်းနည်းလည်း ကြာမြင့်လာပြီဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ခွဲရတာ ချက်ချင်း နာရီပိုင်းအတွင်း၊ ရက်ပိုင်းအတွင်း လပိုင်းအတွင်းဆို ကောင်းတယ်။ တချို့ဒဏ်ရာတွေက နှစ်ပိုင်းလောက်ထိရောက်နေပြီ။ ဘယ်လောက်အထိတုံ့ပြန်ပြီး ကောင်းလာမယ်ဆိုတာ ကျွန်တော်မပြောတတ်ဘူး။ လူကြီးမှာဆို မကောင်းဘူး။ စိတ်ကျေနပ်လောက်တဲ့ အဖြေရမှာမဟုတ်ဘူး။ ဒါပေမယ့် ကလေးဖြစ်နေတယ်ဆိုတော့ ထိုက်သင့်သလောက် ပြန်ကောင်းလာနိုင်မယ့် အလားအလာရှိတယ်ဆိုတာ ကျွန်တော် ယုံတယ်။

**မေး။ နောက်ထပ်မိန်းကလေးတစ်ဦးဖြစ်တဲ့ မသဇင်ရဲ့ လတ်တလော ကျန်းမာရေးအခြေအနေကိုလည်း သိချင်ပါတယ်။**

ဖြေ။ မသဇင်ရဲ့ အခြေအနေကတော့ အေးဆေးပါ။ ညာဘက်ခြေသလုံးမှာ ဒဏ်ရာတစ်ခုရထားတယ်။ ညာလက်မှာလည်း အမာရွတ်တစ်ခုရထားတယ်။ သူ့ကိုလည်း လောလောဆယ် စိတ်ပိုင်းဆိုင်ရာ ဆရာဝန်တွေနဲ့ ကုသမှုခံယူနေဆဲဖြစ်ပါတယ်။ ကုသမှုခံယူပြီးတာနဲ့ သူ့ဆန္ဒရှိရင် အမာရွတ်တွေပျောက်အောင် ကုသပေးဖို့စီစဉ်ထားပါတယ်။

**မေး။ ဆရာတို့အနေနဲ့ ဒီမိန်းကလေးနှစ်ဦးရဲ့ ဆေးကုသမှုကုန်ကျစရိတ်တွေကို အခမဲ့လား။ ဒါမှမဟုတ်ရင် ဘယ်လိုပုံစံမျိုးနဲ့ စီစဉ်ဆောင်ရွက်ပေးခဲ့တာလဲဆိုတာ သိချင်ပါတယ်။**

ဖြေ။ ဒီကလေးတွေရဲ့ ဆေးကုသမှုစရိတ် ကုန်ကျမှုအားလုံးကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးကနေ တာဝန်ယူထားပါတယ်။ ကလေးတွေကျွေးတာ မွေးတာက သက်ဆိုင်ရာ ထောက်ပံ့နေတဲ့အဖွဲ့အစည်း၊ ကူညီပံ့ပိုးနေတဲ့ အဖွဲ့အစည်းအချို့ရှိပါတယ်။ အဓိကကတော့ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနနဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က ဒါကို စီစဉ်ဆောင်ရွက်ပေးထားတာဖြစ်ပါတယ်။

# လမ်းဘေးတောင်းရမ်းစားသောက်နေသည့် ကလေး ၁၂ ဦးအား အောက်တိုဘာ ပထမပတ်အတွင်း ထိန်းသိမ်းထားရှိ

**မန္တလေး အောက်တိုဘာ ၁၀**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း တောင်းရမ်းစားသောက်နေသော ကလေး ၁၂ ဦးကို အောက်တိုဘာ ပထမပတ်အတွင်း ထိန်းသိမ်းထားရှိကြောင်း အဆိုပါကော်မတီသန့်ရှင်းရေးဌာန ဌာနခွဲမှူး ဦးစိုးတင့်အောင်က ပြောသည်။

အဆိုပါကလေးငယ်များကို အောက်တိုဘာလအတွင်းက ထိန်းသိမ်းကာ လူမှုဝန်ထမ်းဦးစီးဌာနသို့ ပေးပို့ထားပြီးဖြစ်ကြောင်း၊ လမ်းဆုံ၊ လမ်းခွများတွင် ကလေးများ ပန်းရောင်းခြင်းနှင့် အခြားသော ပစ္စည်းများကို ရောင်းချခြင်းမရှိစေရန်အတွက်လည်း မိဘအုပ်ထိန်းသူများအား အသိပေးမှုများကို ပြုလုပ်ထားရှိကြောင်း သိရသည်။

"ကလေးတွေကို နောက်ကွယ်က ခိုင်းစေနေသူတွေကို ဖော်ထုတ်ပြီး အရေးယူမှုတွေပြုလုပ်သွားမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ယခုကဲ့သို့ ကလေးငယ်များအား တောင်းရမ်းခိုင်းခြင်းဖြင့် ၎င်းတို့တစ်နေ့ဝင်ငွေမှာ ကျပ်သောင်းဂဏန်းခန့်အထိရရှိနေခြင်းကြောင့် ရေရှည်တွင် ကလေးများမှာ အလုပ်လုပ်လိုစိတ်မရှိတော့ဘဲ အချောင်ခိုစိတ်၊ ခိုးယူမှုများကို ကျူးလွန်လာနိုင်ခြင်း၊ လေလွင့်ပျက်စီးသွားခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် အရေးယူမှုများကို ဆက်တိုက်ပြုလုပ်သွားမည်ဖြစ်သည်ဟု သိရသည်။

မန္တလေးမြို့အတွင်း လမ်းဘေးတောင်းရမ်းနေသော ကလေးငယ်များပပျောက်ရေးစီမံချက်ကို ယခုလမှစတင်ကာ ဆောင်ရွက်လျက်ရှိရာ Mobile Team အဖွဲ့များဖြင့် လိုက်လံအသိပေးခြင်း၊ မည်ကဲ့သို့အရေးယူမှုပြုလုပ်နိုင်ကြောင်း အသိပေးကြော်ငြာစာများကပ်ကာ ကားများဖြင့် လှည့်လည်ခြင်း၊ လူစည်ကားသောနေရာများတွင် ကြော်ငြာများ ကပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



**ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်လျှပ်စစ်မှူးရုံး၏အုပ်ချုပ်မှုနယ်မြေတွင် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် မြို့နယ်လျှပ်စစ်မှူး ဦးမျိုးထိုက်ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများ မိုးညိုမြို့ အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ကျောင်းသား ကျောင်းသူများအား လျှပ်စစ်အသုံးပြုလျှင် သတိပြုဖွယ်ရာအချက်များပါဝင်သော ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။** (၁၄၃)

# တရားဥပဒေစိုးမိုးဖို့ဆိုရင် ပြဋ္ဌာန်းထားတဲ့ဥပဒေအတိုင်း ရာဇဝတ်မှုတွေကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်စေချင်တယ်

**မဖြိုးသဥ္ဇာထက်**

နိုင်ငံပိုင်သတင်းစာများကို ပြည်သူတို့၏ ပြောရေးဆိုခွင့် စင်မြင့်တစ်ခုအဖြစ် လည်းကောင်း၊ ပြည်သူတို့နှင့် သက်ဆိုင်သည့် သတင်းစာများအဖြစ် လည်းကောင်း ပိုမိုပုံဖော်လာနိုင်ရန် နယ်ပယ် အလွှာအသီးသီးမှ ပြည်သူတို့နှင့် ပညာရှင်တို့၏ကိုယ်စားပြုအသံများကို သတင်းစဉ်က တင်ပြလျက်ရှိရာ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ ပြည်သူတို့၏အသံများကို ကောက်နုတ်ဖော်ပြအပ်ပါသည်။

**ဒေါက်တာစိုးထွန်း**
**(သယ်န်းကျွန်းမြို့နယ်)**

မှုခင်းတွေ တိုးလာတယ်ဆိုတာက မူးယစ်ဆေးနဲ့ ပတ်သက်တဲ့ပြဿနာ တချို့ရှိနိုင်တယ်။ တချို့လူငယ်တွေမှာ ဖြစ်နေတယ်။ မူးယစ်ဆေးကြောင့် ဆွေမျိုးသားချင်းတွေကို ကိုယ်ထိလက်ရောက် ပြန်လုပ်တာတွေအပြင် မိဘအထိပါ ကိုယ်ထိလက်ရောက်လုပ်တာ တွေ့ရတယ်။ မူးယစ်ဆေးဝါး အခြေအနေကဆိုးနေပြီ။ တစ်ဖက်မှာလည်း ဒါနဲ့နှီးနွှယ်ပြီးစဉ်းစားရရင် စီးပွားရေးနဲ့ပတ်သက်တယ်။ အလုပ်အကိုင်အခွင့်အလမ်းနည်းနေတယ်။ ရတဲ့လစာကလည်း ရပ်တည်ဖို့ မလောက်တဲ့ပြဿနာရှိတယ်။ မူးယစ်ဆေးနဲ့ပတ်သက်ပြီး ထွက်ပေါက်အနေနဲ့ရှာလာနိုင်တာလည်း ဖြစ်နိုင်တယ်။ တရားဥပဒေစိုးမိုးရေးအတွက် ရဲတပ်ဖွဲ့နဲ့ တရားဥပဒေစိုးမိုးရေးအဖွဲ့တွေမှာ တာဝန်ရှိတာ မှန်ပေမယ့် တစ်ဖက်မှာလည်း အလုပ်အကိုင်အခွင့်အလမ်းတွေရရှိအောင် ဆောင်ရွက်ပေးဖို့ လိုတယ်။ လမ်းပေါ်မှာ အချိန်မကုန်အောင် လုပ်ပေးမယ်ဆိုရင် မှုခင်းတွေလျော့နည်းသွားမယ်။ လူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးဆောင်ရွက်ပေးဖို့လိုတယ်။ မိသားစုတွေမှာလည်း တစ်ဦးချင်းဝင်ငွေ တက်လာအောင် ဆောင်ရွက်ပေးနိုင်ဖို့လိုတယ်။ ရာဇဝတ်မှုတွေကို ကြည့်တဲ့အခါ ကျူးလွန်သူထက် ဖြစ်ရတဲ့အကြောင်းရင်း ပြဿနာကို အဖြေရှာပြီးဆောင်ရွက်ရင် ပိုပြီးကောင်းမယ်။

**မဖြိုးသဥ္ဇာထက်(ဒဂုံတက္ကသိုလ်၊ ဥပဒေတတိယနှစ် ကျောင်းသူ)**

မြောက်ဒဂုံဘက်မှာ လုယက်မှုတွေ ကြားနေရတယ်။ ညဘက်တွေမှာ မှောင်ရိပ်ခိုလုယက်မှုတွေ၊ ဆိုင်ကယ်နဲ့ လုယက်မှုတွေများလာတယ်။ ဆိုင်ကယ်တွေကိုလည်း ရန်ကုန်မှာ စီးနင်းခွင့် ပေးမယ်လို့ ကြားနေရတယ်။ အဲဒီလိုသာ စီးနင်းခွင့်ပေးလိုက်မယ်ဆိုရင် ဒုစရိုက်မှုတွေ ပိုပြီးကျူးလွန်လာနိုင်တယ်။ ဒုစရိုက်မှုတွေ ကျဆင်းဖို့အတွက် ရဲတပ်ဖွဲ့ဝင်အင်အားတွေ တိုးမြှင့်ပေးစေချင်တယ်။ ရဲတပ်ဖွဲ့ဝင်တွေကိုလည်း သက်ဆိုင်တဲ့ လုံခြုံရေး ထိန်းသိမ်းဖို့ ပစ္စည်းကိရိယာတွေ


ဒေါက်တာစိုးထွန်း


မဖြိုးသဥ္ဇာထက်


ဦးခင်မောင်ဇော်


ဦးနေမင်းထွန်း

ပြည့်ပြည့်စုံစုံ ထားပေးစေချင်တယ်။ ရဲလုပ်ပိုင်ခွင့်ကိုလည်း ပြည့်ပြည့်ဝဝ ရှိဖို့လိုတယ်။ မှုခင်းကျဆင်းရေးအတွက် အသိပညာပေးဟောပြောပွဲတွေလုပ်တာတော့ ကောင်းပါတယ်။ ရာဇဝတ်မှုတွေကို ထိရောက်တဲ့နှိမ်နင်းမှုမရှိရင်တော့ မှုခင်းတွေက ထပ်ဖြစ်နေဦးမှာပဲ။ တရားဥပဒေစိုးမိုးဖို့ဆိုရင် ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေအတိုင်း ရာဇဝတ်မှုတွေကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်စေချင်တယ်။ အဲဒီလိုဆိုရင်တော့ ရာဇဝတ်မှုတွေ သိသိသာသာလျော့နည်းသွားမယ်။

**ကိုတင်ဝင်းလှိုင်**
**(ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်)**

တရားဥပဒေစိုးမိုးရေးအတွက် ပြုပြင်ပြောင်းလဲရေးတွေလုပ်တော့ လုပ်နေကြတာပဲ။ လိုအပ်ချက်တွေတော့ရှိတယ်။ ဥပမာ အမှုတွေကြန့်ကြာနေတာမျိုးတွေပေါ့။ တချို့အမှုလေးတွေဆို နှစ်နဲ့ချီကြာတာမဖြစ်သင့်ဘူး။ တရားဥပဒေစိုးမိုးမှု ရာနှုန်းပြည့် ကောင်းတယ်လို့တော့မယုံကြည်သေးဘူး။ တရားစီရင်ရေးမှာလည်း အားနည်းချက်တွေရှိတယ်။ ရပ်ကွက်ထဲမှာ ဓားကိုင်ပြီး မူးယစ်ရမ်းကားနေတဲ့သူကို ဖုန်းဆက်ပြီးတိုင်ရင် ချက်ချင်းအရေးယူချင်မှ ယူတာကို တွေ့ရတယ်။ အဲဒီလိုတွေဖြစ်နေတဲ့အတွက် တရားဥပဒေကိုချိုးဖောက်ဖို့ ဝန်မလေးဘူးဖြစ်လာတယ်။ စီမံခန့်ခွဲမှုအလွဲတွေကြောင့် ဖြစ်လာတဲ့ ဟန်ချက်မညီမှုကြောင့် မှုခင်းတွေ လွယ်လွယ်ကူကူ ကျူးလွန်သလိုဖြစ်လာတာတွေ့ရတယ်။

**ဦးခင်မောင်ဇော်(မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်)**

အခုဖြစ်ပေါ်နေတဲ့ သတင်းတွေအရ ပြည်သူတွေဘဝဟာ လုံခြုံမှုအားနည်းလာတယ်လို့မြင်တယ်။ လုံခြုံမှုအားနည်းတဲ့အခါ အပြင်ထွက်တဲ့အခါမျိုးမှာ မလုံခြုံတော့သလိုခံစားလာရတယ်။ တရားဥပဒေစိုးမိုးရေးပါ လျော့သလိုဖြစ်လာတယ်။ လတ်တလောမှာ လူသတ်မှုတွေ၊ လုယက်မှုတွေ မကြာခဏကြားနေရတော့ ပြည်သူတွေအနေနဲ့ နေ့ခင်းဘက်မှာတောင် လက်ဝတ်လက်စားတွေဝတ်ဆင်ပြီး သွားလာရမှာ ကြောက်နေရတဲ့အဖြစ်မျိုးတွေ၊ ညဘက်ဆိုရင်လည်း အဖော်မပါဘဲ အပြင်မထွက်ရဲတဲ့ အခြေအနေမျိုးတွေရှိလာတယ်။ ဒါကြောင့် ပြည်သူတွေရဲ့ ဘဝလုံခြုံမှုအတွက် ရဲအင်အားဖြည့်တင်းပေးဖို့လိုသလို ခိုး၊ ဆိုး၊ လုယက်မှုတွေနဲ့ ထောင်ကနေထွက်လာတဲ့သူတွေကိုလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ရှာပေးသင့်တယ်။ ဒီလိုဆိုရင် မှုခင်းတွေလျော့နည်းလာပြီး တရားဥပဒေစိုးမိုးမှု ပိုကောင်းလာလိမ့်မယ်လို့ ထင်ပါတယ်။

**ဦးနေမင်းထွန်း(လှိုင်မြို့နယ်၊ အမှတ်(၁၆)ရပ်ကွက်)**

မီဒီယာ ကျယ်ပြန့်လာတာကြောင့်လည်း သတင်းတွေကိုအချိန်နဲ့အမျှ ကြားသိနေရတယ်။ လက်ရှိမှာ အရင်ထက်ပြစ်မှုတွေ ပိုများလာတယ်လို့ထင်တယ်။ ကျွန်တော်တို့ဆိုရင် မိုးလင်းတာနဲ့ အလုပ်သွားရတယ်။ အိမ်မှာဆိုရင် မိဘတွေပဲကျန်ခဲ့တယ်။ အခုနောက်ပိုင်း အိမ်ထဲမှာအသတ်ခံရတဲ့ လူသတ်မှုတွေလည်းကြားနေရတော့ အိမ်ထဲမှာနေပြီး မလုံခြုံမှု၊ စိတ်မချမှုတွေကြုံနေရတယ်။ ဘယ်နေရာမှာ ဘယ်လိုဖြစ်လာမယ်ဆိုတာမျိုး ပြောလို့မရလောက်အောင် စိုးရိမ်နေရပါတယ်။ လူစည်ကားတဲ့နေရာမှာ လုတာတွေ၊ ဓားနဲ့ထိုးသွားတာတွေ ကြားနေရတော့ စိုးရိမ်မိတာ အမှန်ပါပဲ။ အများစုဖြစ်နေတာကတော့ လူငယ်တွေပါပဲ။ ဒါကြောင့် စာသင်ကျောင်းတွေမှာလည်း ပြည်သူ့နီတိတွေ ပြန်သင်ပေးဖို့လိုမယ်ထင်တယ်။ ကျောင်းနေအရွယ် မဟုတ်တဲ့သူတွေကိုလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ရှာပေးသင့်တယ်။ တရားဥပဒေစိုးမိုးမှုအပိုင်းမှာဆိုရင် အရင်ထက်ပိုလုပ်လာတာတွေ့ရတယ်။ ဒါပေမယ့် တချို့ကိစ္စတွေမှာ ဥပဒေပိုင်းမှာ လျော့နည်းတာတွေရှိနေတယ်။ ပြစ်မှုတစ်ခု ကျူးလွန်လာရင် ထိထိရောက်ရောက် အရေးမယူနိုင်တဲ့အတွက်ကြောင့် ပိုပြီး လက်ရဲဇက်ရဲလုပ်လာကြတာလို့ ထင်ပါတယ်။ ဒါကြောင့် ပြစ်ဒဏ်ကို တိတိကျကျနဲ့ ထိထိရောက်ရောက် ချလိုက်ရင် ဥပဒေချိုးဖောက်ဖို့အတွက် ကြောက်သွားမယ်။ ဒါဆိုရင် ပြစ်မှုကျူးလွန်ပြီး လွတ်ငြိမ်းချမ်းသာနဲ့ ပြန်လွတ်မှာပဲဆိုတဲ့ စိတ်မျိုးတွေပျောက်သွားပါလိမ့်မယ်။ လက်ရှိ ကြားသိနေရတဲ့ မှုခင်းတွေအရ တစ်ယောက်ထဲအပြင်သွားရမှာတောင် ကြောက်နေရတယ်။ မိသားစုထဲက တစ်ယောက်ယောက်သွားရင်လည်း စိုးရိမ်စိတ်တွေဖြစ်နေတယ်။ သက်ဆိုင်ရာအနေနဲ့ လုံခြုံရေးအပိုင်းမှာ တိုးမြှင့်ဆောင်ရွက်နေတယ်ဆိုပေမယ့်လည်း ပြီးပြည့်စုံဖို့အတွက်တော့ ခက်ခဲပါလိမ့်မယ်။ ပြည်သူတွေအနေနဲ့လည်း ကိုယ်နိုင်တဲ့ဘက်ကနေ ရပ်ကွက်ထဲမှာ လမ်းအလိုက် လုံခြုံရေးကင်မရာတွေတပ်ထားရင် တရားဥပဒေစိုးမိုးမှုနဲ့ လုံခြုံရေးအတွက် အထောက်အကူပြုလိမ့်မယ်လို့ ထင်ပါတယ်။

**ဒေါ်မေသန်းဦး(လှိုင်သာယာမြို့နယ်၊ အမှတ်(၆)ရပ်ကွက်)**

အခုနောက်ပိုင်းဖြစ်လာတဲ့ မှုခင်းတွေက အရင်နဲ့မတူဘဲ ပိုပြီးရက်စက်လာသလိုခံစားရတယ်။ ဖြစ်လိုက်ရင်လည်း ဓားထိုးမှု၊ လုယက်မှုတွေဆိုတော့ အပြင်ထွက်ရမှာတောင် ကြောက်လာတယ်။ သားသမီးတွေ အပြင်သွားရင်လည်း အရင်ထက်ပိုပြီး စိတ်ပူနေရတယ်။ သက်ဆိုင်ရာကတော့ လှည့်ကင်းတွေနဲ့ လုံခြုံရေး ဆောင်ရွက်တာတွေ အရင်ကထက် ပိုလုပ်လာတာတွေ့ရပေမယ့် စိုးရိမ်စိတ်ကြောင့် မလုံခြုံသလိုခံစားနေရတယ်။ ရဲတပ်ဖွဲ့ဝင်တွေ ရပ်ကွက်တွေထဲမှာ လှည့်ကင်းလှည့်တဲ့ အချိန်ဆိုရင်တော့ လုံခြုံမှုရှိနေသလိုပါပဲ။ နေ့၊ ည အမြဲမပြတ် လှည့်ကင်းဆောင်ရွက်ပေးစေချင်ပါတယ်။ သက်ဆိုင်ရာအနေနဲ့ ပြည်သူတွေနဲ့ လက်တွဲပြီး မှုခင်းကျဆင်းရေး အသိပညာပေးမှုတွေကို ထဲထဲဝင်ဝင်ပိုလုပ်လာမယ်၊ မှုခင်းကျူးလွန်သူတွေကိုလည်း တရားဥပဒေအရ ထိထိရောက်ရောက် ပြစ်ဒဏ်ပေးလိုက်မယ်ဆိုရင် မှုခင်းတွေ လျော့သွားနိုင်ပါတယ်။ ။

**တွေ့ဆုံမေးမြန်း-မင်းသစ်(သတင်းစဉ်)၊ ဇော်ကြီး(ပဏ္ဍိတ)**
**ဓာတ်ပုံ - နေဇော်**

# အအေးလွန်ကဲသောဒေသရှိ ပြည်သူများအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းကခေါင်းစွပ်အနွေးထည်များလှူဒါန်း

**တောင်ကြီး အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံအတွင်း လာနီညာရာသီဥတုကြောင့် အအေးလွန်ကဲနိုင်သောဒေသများရှိ ပြည်သူများအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် ခေါင်းစွပ်ပါအနွေးထည် ၂၀၀၀၀ ကို ပြည်ပမှ မှာယူခဲ့ပြီး သက်ဆိုင်ရာဒေသအသီးသီးသို့ လှူဒါန်းလျက်ရှိရာ အောက်တိုဘာ ၁၀ ရက်က တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးဝန်ကြီးချုပ်ဒေါက်တာလင်းထွဋ်ထံ ခေါင်းစွပ်ပါအနွေးထည် ၃၀၀၀၀ ကိုကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ တာဝန်ရှိသူဦးခင်အောင်၊ ကမ္ဘောဇဘဏ်လီမိတက် တောင်ကြီးဘဏ်ခွဲ(၁)မှ ဒေါ်စန္ဒာဝင်းနှင့် ဖောင်ဒေးရှင်းအဖွဲ့ဝင်များ သွားရောက်လှူဒါန်းခဲ့သည်။

လှူဒါန်းမှုအတွက် ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာလင်းထွဋ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် “ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှနာယကကြီးနဲ့မိသားစုဝင်များအားလုံးကို လေးစားမိပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ အနာဂတ်အလင်းတန်းဆိုတဲ့အတိုင်း ပြည်သူပြည်သားများအပေါ် အနာဂတ်အတွက် နွေးထွေးစေအောင် ဘေးအန္တရာယ်မကျရောက်မီကတည်းက ဂရုပြုဆောင်ရွက်ပေးတဲ့အတွက်လည်း ပိုမိုလေးစားမိပါတယ်။ အနာဂတ် လူငယ်များအတွက်လည်း ဆက်လက်ဆတက်ထမ်းပိုးအလင်းရောင်များ ပေးနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။ မြန်မာပြည်သူ ပြည်သားများအတွက် သာမက ကမ္ဘာသို့ပါ စောင့်ရှောက်ဖြည့်ဆည်းပေးနိုင်ပါစေလို့ ဆုမွန်ကောင်းများ တောင်းပေးပါတယ်” ဟုပြောကြားခဲ့သည်။

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် စက်တင်ဘာ ၁၇ ရက်က ကရင်ပြည်နယ် မြိုင်ကြီးငူဒေသရှိမဲသဝေါစစ်ဘေးရှောင်ပြည်သူများအတွက် အနွေးထည် ၃၀၀၀နှင့် ခေါက်ဆွဲခြောက်ထုပ် ၁၀၀၈၀၊ ဩဂုတ် ၂၈ ရက်က မန္တလေးတိုင်းဒေသကြီးအတွင်းအအေးဓာတ်လွန်ကဲနိုင်သည့်ဒေသများမှ ရဟန်းသံဃာများ၊ သီလရှင်များနှင့် တိုင်းရင်းသားပြည်သူများအတွက် ခေါင်းစွပ်ပါအနွေးထည် ၃၆၅၀၀ ၊ ဩဂုတ်၁၈ ရက်က စစ်ကိုင်းတိုင်း ဒေသကြီး ခန္တီးခရိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ နာဂ တိုင်းရင်းသားများအတွက် အနွေးထည် ၃၅၀၀၊ အောက်တိုဘာ ၁ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့တွင်ရောက်ရှိနေသော တိုက်ပွဲရှောင် ပြည်သူများအတွက်


ခေါင်းစွပ်ပါအနွေးထည် ၇၆၅၂၊ အောက်တိုဘာ ၅ ရက်က စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်အတွင်း သွားလာရခက်ခဲသော ကျေးရွာများရှိ ဒေသခံတိုင်းရင်းသားများအတွက် ခေါင်းစွပ်ပါ အနွေးထည် ၄၇၁၊ အောက်တိုဘာ ၇ ရက်က လားရှိုးမြို့နယ် အထက်မန်အိုင်ကျေးရွာ၊ ချစ်ခြင်း မေတ္တာဂေဟာတွင် တိုက်ပွဲရှောင်ဒေသများမှ လာရောက်နေထိုင်ကြပြီး ပညာ သင်ကြားလျက်ရှိသည့် တိုင်းရင်းသားကလေးငယ်များအတွက် အအေးဒဏ်ကာကွယ်နိုင်ရန် ခေါင်းစွပ်ပါ အနွေးထည်များကို သွားရောက်လှူဒါန်းခဲ့ပြီး ဆက်လက်၍လည်း ကချင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများမှ ပြည်သူများအတွက်ပေးပို့လှူဒါန်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝ၁၀)

# ဆေးပညာသင်ကြားမှုနည်းစနစ်များ ပိုမိုကောင်းမွန်ရေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၀**

ဆေးရုံများအတွက်လိုအပ်လျက်ရှိသော ဆေးဝါးကျွမ်းကျင်သူများ လေ့ကျင့်မွေးထုတ်ရန်နှင့် ကုသရေးလုပ်ငန်းများအတွက် ဆေးဝါးကျွမ်းကျင်သူများ၊ ဆေးဝါးပညာရှင်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ ဆေးဝါးတက္ကသိုလ် (ရန်ကုန်) ၌ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (သင်ကြားရေး)ဒေါက်တာတင်ထွန်းနှင့် ဆေးဝါးတက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခ/ဌာနမှူးများအား တွေ့ဆုံစဉ် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားခဲ့သည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ Internet အသုံးပြုမှုကောင်းမွန်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ သင်ထောက်ကူပစ္စည်းများမည်မျှရှိသည်ကို ပြန်လည်ဆန်းစစ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ သင်ကြားမှုနည်းစနစ်များနှင့် သင်ရိုးညွှန်းတမ်းများကို ပြန်လည်သုံးသပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားကာ စာကြည့်တိုက်နှင့် Research Laboratory တို့အားကြည့်ရှုစစ်ဆေးခဲ့ပြီး ကထိကများ၊ နည်းပြများနှင့် တွေ့ဆုံကာ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။



ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် လမ်းမတော်မြို့နယ်ရှိ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၌ ဘွဲ့လွန်သင်တန်းသား၊ သင်တန်းသူများနှင့်လည်းကောင်း၊ ပါမောက္ခ/ ဌာနမှူးများနှင့်လည်းကောင်း တွေ့ဆုံကာ တက္ကသိုလ်၏သင်ကြားမှုနည်းစနစ်များ ပိုမိုကောင်းမွန်ရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် ဆီဒိုးနားဟိုတယ်၌ကျင်းပသော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့နှင့် အခြားအပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း၍ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းနှင့် ကာကွယ်ဆေးဖြင့်ကာကွယ်၍ရသော ရောဂါများစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေကို တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုတွင်စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၆ ရက်အထိ ကွင်းဆင်းလေ့လာဆန်းစစ်ခဲ့သော တွေ့ရှိချက်များအား တင်ပြသည့်အစည်းအဝေးသို့ တက်ရောက်ကာ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းနှင့် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာဆောင်ရွက်သွားနိုင်ရေးအတွက် အကြံပြုတင်ပြချက်များကို အလေးအနက်ထားစဉ်းစားသုံးသပ်ကာ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွင်ငြိမ်းနှင့် တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းခြင်း သင်တန်းဖွင့်ပွဲ သန်လျင်၌ ပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၁၀**

စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁၈) ထွန်စက်စခန်းသန်လျင်မှ ဆောင်ရွက်သော လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းခြင်း အခြေခံသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီက သန်လျင်မြို့ရှိ အဆိုပါစခန်း၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်းနှင့် တိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးမှူး ဦးသောင်းထိုက်တို့က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ကူဘိုတာကုမ္ပဏီမှ တာဝန်ရှိသူများက နည်းပညာများဖြန့်ဝေပေးမည့် အစီအစဉ်များကို မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းက ရှင်းလင်းခဲ့သည်။

အဆိုပါသင်တန်းသို့ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်းမြို့နယ်တို့မှ တောင်သူ ၄၁ ဦးတက်ရောက်ပြီး သင်တန်းကာလအတွင်း ကူဘိုတာရိတ်သိမ်းခြွေလှေ့စက် ၁၇ စီးဖြင့် လယ်ယာလုပ်ငန်းခွင်အတွင်း ဌာနဝန်ထမ်းများနှင့်အတူ ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ပူးပေါင်းကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၁၀**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၈၅၄၀၀၀ | - | ၈၅၅၀၀၀ |
| မန္တလေး(ရွှေဈေး) | ၈၅၄၀၀၀ | - | ၈၅၅၀၀၀ |

| စက်သုံးဆီဈေးနှုန်း | ရန်ကုန် | မန္တလေး |
|---|---|---|
| (က) ဒီဇယ် တစ်လီတာ | ၅၉၀/၆၁၀ ကျပ်၊ | ၆၃၀/၆၅၀ ကျပ် |
| (ခ) အောက်တိန်း 95တစ်လီတာ | ၆၅၀/၆၇၀ ကျပ်၊ | ၇၂၀/၇၃၅ ကျပ် |
| (ဂ) အောက်တိန်း 92 တစ်လီတာ | ၆၀၅/၆၂၀ ကျပ်၊ | ၆၄၀/၆၆၀ ကျပ် |
| (ဃ) အဆင့်မြင့် ဒီဇယ် တစ်လီတာ | ၆၂၀/၆၃၀ ကျပ်၊ | ၆၆၀/၆၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၇၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၅၅ ကျပ်

**၃-၁၀-၂၀၁၆ ရက်နေ့မှ ၇-၁၀-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်း အရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၅၇၄ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၅၈၄ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြား ငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၅၈. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၀၈. ၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၈. ၅၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၆. ၀၃၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၂. ၉၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၈၈၉ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၂၀. ၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၃. ၀၁ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၅၅. ၆၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၁၆. ၂၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

**နေပြည်တော် အောက်တိုဘာ ၁၀**

လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှု ကာကွယ်စောင့်ရှောက်ရေး အခန်းကဏ္ဍသည် အရေးကြီးကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် ရေးဆွဲထားပြီးဖြစ်သော မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်ကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မန္တလေးမြို့ ဟိုတယ်မန္တလေး၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပသော လူမှုကာကွယ်စောင့်ရှောက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားသည်။

ပြည်ထောင်စု အဆင့်အနေဖြင့် သက်ကြီးရွယ်အို ငွေကြေးထောက်ပံ့မှုအစီအစဉ်ကို အသက်(၉၀) နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအတွက် စတင်ထောက်ပံ့နေပြီဖြစ်ကြောင်း၊ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်ကိုလည်း မြို့နယ် ၃၇ မြို့နယ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကိုယ်ဝန်ဆောင် မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးသူငယ်များ ငွေကြေးထောက်ပံ့ရေး လုပ်ငန်း အစီအစဉ်များကိုလည်း မိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ၏ အကြံပြုချက်များအပေါ် အခြေခံ၍ အမှန်တကယ် အကျိုးရှိမည့် လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ် တစ်ရပ် ပေါ်ထွက်လာမည်ကို ယုံကြည်ပါကြောင်းနှင့် ယခုဆောင်ရွက်မှုများသည် ကုလသမဂ္ဂစဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ရည်မှန်းချက်များ Sustainable Development Goals နှင့်လည်း ကိုက်ညီအောင် အကောင်အထည်ဖော် ဆောင်ရွက်မှုတစ်ရပ် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့တာဝန်ရှိသူနှင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အို စောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူတို့က အမှာစကားပြောကြားသည်။

## မြန်မာနိုင်ငံမသန်စွမ်းသူများ အမျိုးသားကော်မတီကို ဖွဲ့စည်းရန် စီစဉ်ပြီးဖြစ်ရာ မသန်စွမ်းသူများ၏ အခွင့်အရေးများ အပြည့်အဝ ဖော်ဆောင်ပေးနိုင်တော့မည်

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)တွင် ကျင်းပသော မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း (၁၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်ပြီး အဖွင့်မိန့်ခွန်း၌ ကမ္ဘာ့ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၏ ထုတ်ပြန်ချက်အရ ကမ္ဘာ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်သည် မသန်စွမ်းမှုဖြင့် နေထိုင်ရှင်သန်ကြရသော သူများဖြစ်ပြီး မြန်မာနိုင်ငံတွင် လူဦးရေ ၂ ဒသမ ၃သန်းကျော် (၄ ဒသမ ၆) ရာခိုင်နှုန်းသည် မသန်စွမ်းသူများ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ၏ အခန်းကဏ္ဍ မြင့်မားရေးဆိုင်ရာ ဘာလီကြေညာချက် ဆယ်စုနှစ် လုပ်ငန်းစဉ် (၂၀၁၁-၂၀၂၀)၊ အာရှပစိဖိတ်ဒေသ မသန်စွမ်းသူများဆိုင်ရာ ဆယ်စုနှစ် လုပ်ငန်းစဉ်ဖြစ်သော အင်ချွန်းမဟာဗျူဟာ (၂၀၁၃-၂၀၂၂) ကဲ့သို့သော ဒေသတွင်း မဟာဗျူဟာ မြောက်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ခြင်း၊ ၂၀၁၅ ခုနှစ် ဇွန် ၅ ရက်က ပြဋ္ဌာန်းခဲ့သော မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ဥပဒေနှင့်ပတ်သက်၍ ဝန်ကြီးဌာနအနေဖြင့် နည်းဥပဒေများ အမြန်ဆုံးပေါ်ထွက်လာစေရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ၎င်းအပြင် မြန်မာနိုင်ငံမသန်စွမ်းသူများ အမျိုးသားကော်မတီကို ဖွဲ့စည်းရန် စီစဉ်ပြီးဖြစ်ရာ မသန်စွမ်းသူများ၏ အခွင့်အရေးများ အပြည့်အဝ ဖော်ဆောင်ပေးနိုင်တော့မည်ဖြစ်ကြောင်း ပြောကြားပြီး မသန်စွမ်းထူးချွန်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းနှင့် မသန်စွမ်းသူများအား မသန်စွမ်းအထောက်အကူပြုပစ္စည်းများ ပေးအပ်သည်။

**(သတင်းစဉ်)**

❏

**ပျော်ဘွယ် အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ပြည်သူများအနေဖြင့် မူခင်းဆိုင်ရာ အန္တရာယ်များ လျော့နည်းစေရေး၊ အသိပညာများ တိုးပွားစေရန် ရည်ရွယ်၍ ဒုတိယရဲမှူးမျိုးလွင် ဦးဆောင်သည့် အသိပညာပေးပြခန်းပါဝင်သော နယ်လှည့်မော်တော်ယာဉ်သည် အောက်တိုဘာ ၆ ရက် မွန်းလွဲပိုင်းက ပျော်ဘွယ်မြို့ မြင်းဘက်ရပ်ကွက် မြို့မရဲစခန်းရှေ့တွင် ပြခန်းများဖွင့်လှစ်ပြသခြင်း၊ မူခင်းကျဆင်းရေးဆိုင်ရာများ၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်း ဆိုင်ရာများကို ရပ်ကွက်နေပြည်သူများ၊ အထက-၂ (ပန်းစုံ)မှ ကျောင်းသား ကျောင်းသူများနှင့် အပြန်အလှန်ဆွေးနွေးခြင်းများ ပြုလုပ်ကြသည်။

## နယ်လှည့်အသိပညာပေးပြခန်းယာဉ် ပျော်ဘွယ်မြို့မရဲစခန်းရှေ့တွင် ပြသ



ရှေးဦးစွာ ဒုတိယရဲမှူးမျိုးလွင်က မူခင်းကျဆင်းရေး၊ ဒုတိယရဲမှူး အောင်ဇော်မင်းက ယာဉ်စည်းကမ်းလမ်းစည်းကမ်းဆိုင်ရာများ၊ ရဲအုပ်မောင်မောင်လှိုင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာများ၊ ဒု-ရဲအုပ် ရွှေလင်းက မူးယစ်ဆေးဝါးအန္တရာယ်တားဆီး ကာကွယ်ရေးဆိုင်ရာများကို ရပ်ကွက်နေပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့် အပြန်အလှန်ဆွေးနွေးကြသည်။

ထို့အပြင် ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကြည်စိုး၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရွှေဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသား ကျောင်းသူများက နယ်လှည့်အသိပညာပေးပြခန်းအား ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။ **မင်းမင်းထွေး(ပျော်ဘွယ်)**

# “မာယာကြာခြည်” မင်းသားမြင့်စိုး

## တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)

၁၉၂၀ ခုနှစ်က စတင်ခဲ့သော မြန်မာ့ရုပ်ရှင်သည် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၃ ရက်ဆိုလျှင် (၉၆)နှစ်ပြည့်မြောက်တော့မည်။ ရာပြည့်ခရီးသို့ရောက်ရန်လည်း မဝေးတော့ပေ။ မြန်မာ့ရုပ်ရှင်နေ့ အခမ်းအနားနှင့်အတူ ဂါရဝထားသည့်အနေဖြင့် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကိုလည်း ထည့်သွင်းကျင်းပလေ့ရှိသည်ဖြစ်ရာ မင်္ဂလာရှိလှပေသည်။ ထိုကန်တော့ခံသက်ကြီးရုပ်ရှင် အနုပညာရှင်များထဲတွင် နှစ်စဉ်မပျက်တက်ရောက်လေ့ရှိသည့် မင်းသားကြီးတစ်လက်ကို စာရေးသူသတိပြုမိသည်။ ထိုမင်းသားကြီးသည် သီလကောင်းသည့်အတွက် ယနေ့တိုင် ကျန်းမာစွာဖြင့် သက်ရှိထင်ရှားရှိနေဆဲ။ တစ်ခေတ်တစ်ခါက ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဆိုလျှင်လည်း မမှား။ သူသည် ထင်ပေါ်ကျော်ကြားလိုစိတ်ဖြင့် အနုပညာအလုပ်ကို လုပ်ခဲ့သူမဟုတ်။ ဝါသနာ၊ စေတနာအရင်းခံ၍ အနုပညာအလုပ်ကို တစိုက်မတ်မတ်လုပ်ဆောင်ခဲ့သည့်အတွက် ထင်ပေါ်ကျော်ကြားလာခဲ့သူ၊ အနုပညာနှင့်ပတ်သက်လာလျှင် ဘာလဲလုပ်ရလုပ်ရ၊ ဘယ်နေရာကပါရပါရ တစ်ခန်းစ၊ နှစ်ခန်းစဆိုလျှင်လည်း ဖြစ်သည်။ ရပ်ပွဲရွာပွဲများတွင် သူမပါလျှင် ပွဲမစည် ဇာတ်မင်းသားလို ကရမလား၊ ဇာတ်မင်းသမီးလိုလည်း ကတတ်သည်။ ပြဇာတ်လောက၊ ရုပ်ရှင်လောက၊ ဂီတလောက၊ ဗီဒီယိုလောက၊ တီဗွီကြော်ငြာလောကတို့မှာ နှစ်ပေါင်းများစွာကျင်လည်ရင်း အနုပညာမှတ်တိုင်များ အခိုင်အမာစိုက်ထူနိုင်ခဲ့သည်။ ယခုအခါ ဇရာပိုင်းသို့ရောက်ရှိလာပြီဖြစ်သော်လည်း အနုပညာနှင့် ပတ်သက်လာလျှင် ဇရာကိုမေ့ဘဝအတွေ့အကြုံများကို ခရေစေ့တွင်းကျ ပြောပြနိုင်စွမ်းရှိသည်။ မှတ်ဉာဏ်ကောင်း၊ သတိကောင်းနေဆဲ။ တစ်ချိန်က လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားခဲ့သည့် “မာယာကြာခြည်” ဇာတ်ကားတို့ဖြင့် သိမီလိုက်သည့် ပရိသတ်များ မေ့မည်မထင်။ သို့ဖြစ်၍ အလွယ်တကူအမှတ်ရစိမ့်သောငှာ “မာယာကြာခြည်” မင်းသားဟု တင်စားလိုက်ရပါသည်။

“မာယာကြာခြည်” မင်းသားမြင့်စိုးအမည်ရင်းမှာ မောင်ညွန့်မြင့်ဖြစ်ပြီး အဖဦးငွေစိုး(မီးရထားရုံးစာရေးကြီး)နှင့် အမိဒေါ်ဖွားစိန်(စစ်ကြိုခေတ် မြန်မာ့အလင်းသတင်းထောက်နှင့် ဘီးလင်းမြို့နယ်ကုမ္မာရီအသင်းဥက္ကဋ္ဌ)တို့က (၂၀-၈-၁၉၂၉) ရက် အင်္ဂါနေ့တွင် မွန်ပြည်နယ် ဘီးလင်းမြို့၌ မွေးဖွားခဲ့သည်။ ဘီးလင်းမြို့၌ ၈ တန်းအထိ ပညာသင်ကြားခဲ့ပြီး ၁၉၄၆ ခုနှစ်တွင် ရန်ကုန်မြို့သို့ပြောင်းရွှေ့ကာ တစ်ဖက်မှ စာတိုက်စာရေးအဖြစ်လုပ်ကိုင်ရင်း ပညာဆက်လက်သင်ယူခဲ့ရာ ၁၉၅၂ ခုနှစ်တွင် ၁၀ တန်းအောင်သည်။ တက္ကသိုလ်ရောက်ခဲ့သော်လည်း အနုပညာဘက်မှာ အားသန်နေသည့်အတွက် တစ်နှစ်မျှသင်ယူပြီး ဆက်မတက်ဖြစ်။ ဂီတစာဆို တက္ကသိုလ်စိုးနှင့် ဆက်စပ်မိပြီး တက္ကသိုလ်စိုးပေးသည့် “မြင့်စိုး” အမည်ကို ယနေ့တိုင်ခံယူရင်း အနုပညာလောက၌ ကျင်လည်ခဲ့သည်။

၁၉၅၁ ခုနှစ် အရပ်ပြဇာတ်များ ခေတ်စားချိန်၊ သိမ်ဖြူတိုက်နယ် သ/မအသင်းပြဇာတ်၊ မင်္ဂလာတောင်ညွန့်မြို့နယ် သ/မ အသင်းပြဇာတ်တို့တွင် ပြဇာတ်မင်းသားအဖြစ် ဝင်ရောက်ကပြရင်း ပြိုင်ပွဲများဝင်ခဲ့ရာ ဆုတံဆိပ်ပေါင်းများစွာရရှိခဲ့သည်။ လက်ဦးဆရာ တက္ကသိုလ်စိုးကလည်း ၎င်းကိုယ်တိုင် ဒါရိုက်တာအဖြစ်တင်ဆက်သည့် “ကာငွေး” ရှုံ၊ “ဝင်းဝင်း”ရှုံ ပြဇာတ်များတွင် “မြင့်စိုး”ကိုလိုသလိုထည့်သွင်းအသုံးပြုသည်။ သို့ဖြစ်၍ “မြင့်စိုး” နှင့်ပြဇာတ်တို့သည် မစိမ်း၊ ငယ်ပေါင်းကြီးဖက်များပမာ။ တစ်နေ့တေးသံရှင် ကိုကြည်တိုး၏ ဖခင်ရဲဝန်ထောက်ဦးအုန်းဖေက ပြဇာတ်လာကြည့်ရင်း “မြင့်စိုး” ကို သဘောကျပြီး ရဲပြဇာတ်များတွင် ကပြရန်ခေါ်ယူသည့်အတွက် ရဲဝန်ထမ်းဘဝဖြင့် ၁၉၅၂ ခုနှစ်မှ ၁၉၅၆ ခုနှစ်အထိ ရဲပြဇာတ်ငါးထုပ် ကပြခဲ့ရသည်။ ဂုဏ်သုံးသွယ်၊ ချစ်သည်းတစ်ပွင့်၊ ချိန်တန်ပြီမို့၊ မှားမိပြီမောင်နှင့် ထင်မိယောင်မှား ပြဇာတ်တို့ဖြစ်သည်။ တစ်နေ့ ရဲမှူးကြီးဦးခင်မောင်မောင်က “မြင့်စိုး ဒီနှစ် တို့သင်္ကြန်ကားထွက်မယ်၊ မင်းဇာတ်မင်းသားလိုက”ဟု ဆိုလာသည့်အတွက် ဝမ်းသာအားရ ဇာတ်မင်းသားဝတ်စုံ အပြေးအပ်ရာမှ ရုပ်ရှင်ဒါရိုက်တာ ဦးချစ်ဖေနှင့် ဆုံတွေ့ခဲ့ပြီး ရုပ်ရှင်လောကသို့ ရောက်ရှိခဲ့သည်။

၁၉၅၆ ခုနှစ်တွင် “ခိုင်ဟန်” ရုပ်ရှင်မှ ဒါရိုက်တာ ဦးချစ်ဖေ ရိုက်ကူးသည့် “ကဇန်းအင်းသိုက်” အသံတိတ်ဇာတ်ကားတွင် ခေါင်းဆောင်မင်းသားအဖြစ် မင်းသမီးမေရီမြင့်နှင့် တွဲဖက်ရိုက်ကူးခဲ့ရာ အောင်မြင်မှုရခဲ့သည့်အတွက် ဆက်တိုက်ဆိုသလိုပင် ဇာတ်ကားများ လက်မလည်နိုင်အောင် ရိုက်ကူးခဲ့ရသည်။ ခေါင်းဆောင်မင်းသား၊ ဒုတိယမင်းသား၊ ဇာတ်ပို့ အဖေခန်း၊ ဦးလေးခန်း၊ ဘကြီးခန်း စသည်ဖြင့် ပါဝင်ရိုက်ကူးခဲ့သည့် ရုပ်ရှင်ဇာတ်ကားပေါင်း ၁၅၀ ခန့်နှင့် ဗီဒီယိုဇာတ်ကားပေါင်းများစွာရှိသည်။ မင်းသားအဖြစ် ရိုက်ကူးခဲ့သည့် ဇာတ်ကားအချို့ကို လက်လှမ်းမီသမျှ ဖော်ပြရလျှင်

၁။ ၁၉၅၆၊ ခိုင်ဟန်ရုပ်ရှင်၊ ဒါရိုက်တာဦးချစ်ဖေ “ကဇန်းအင်းသိုက်” အသံတိတ်ဇာတ်ကား၊ မင်းသမီးမေရီမြင့် နှင့်တွဲဖက်၍ ရိုက်ကူးခဲ့သည်။

၂။ ၁၉၅၆၊ ပဒေသာရုပ်ရှင်၊ ဒါရိုက်တာ ဦးသိန်းမောင် “အချစ်ဇာတ်ခုံ” ဖေယျ၊ ဖိုးပါကြီး၊ ကြည်ကြည်ငွေး၊ မေရီမြင့်

၃။ ၁၉၅၇၊ သုခုမရုပ်ရှင်၊ ဒါရိုက်တာဗိုလ်ကလေး တင့်အောင် “နှောင်ကြိုးကိုင်ငပါမယ်” မြင့်အောင်၊ တင်တင်မူ

၄။ ၁၉၅၇၊ စိုးဘရားသားရုပ်ရှင်၊ ဒါရိုက်တာစိုးမောင် “တစ်ပွင့်မာလာ” မြင့်အောင်၊ မြင့်မြင့်ငွေး

၅။ ၁၉၅၇၊ မြညွန့်ရုပ်ရှင်၊ ဒါရိုက်တာဦးချင်းစိန်(ရွှေညာမောင်)၊ “ချစ်ဖေဖေ” မေရီမြင့်၊ မေမြ၊ ဦးချင်းစိန်၊ သန်းနွဲ့၊ ဖိုးပါလေး၊ ပါနှောက်

၆။ ၁၉၅၇၊ ရှုမဝရုပ်ရှင်၊ ဒါရိုက်တာတင့်တယ် “လာလုလုငေး” ထွန်းဝေ၊ ဘေဘီနွဲ့၊ အဆိုတော် ဒဂုံခင်

၇။ ၁၉၅၇၊ တင်ညွန့်ရုပ်ရှင်၊ ဒါရိုက်တာ ကျွန်တော်ချစ်မောင်၊ “မိမိကြီး” တင်ညွန့်၊ ကြည်ကြည်ငွေး

၈။ ၁၉၅၈၊ ဆောင်းဖလင်၊ ဒါရိုက်တာ ကျင်စိန်၊ “မုန်းပန်းတစ်ပွင့်” တင်တင်မူ၊ ဖေချစ်

၉။ ၁၉၅၈၊ အောင်မင်္ဂလာရုပ်ရှင်၊ ဒါရိုက်တာ ရွှေဘော်၊ “သစ္စာနဲ့ မေတ္တာ”၊ တင်ညွန့်၊ မေသစ်

၁၀။ ၁၉၅၈၊ စာဆိုတော်ရုပ်ရှင်၊ ဒါရိုက်တာသန်းထွန်း၊ “ချစ်ဝေစု”၊ ဖာတစ်လုံးခင်မောင်၊ မေမြ

၁၁။ ၁၉၅၈၊ ပဒေသာရုပ်ရှင်၊ ဒါရိုက်တာဦးညဏ၊ “မေသရဖူ”၊ မေရီမြ၊ မေနန်းနွယ်

၁၂။ ၁၉၅၈၊ ပဒေသာရုပ်ရှင်၊ ဒါရိုက်တာဦးညဏ၊ “မှောင်ထဲကမေ” နွယ်နွယ်

၁၃။ ၁၉၅၈၊ ရွှေမြင်းမိုရ်ရုပ်ရှင်၊ ဒါရိုက်တာ တက္ကသိုလ်နေဝင်း၊ “ဤရှုပ” ဖိုးပါကြီး၊ တင်တင်မူ

၁၄။ ၁၉၅၈၊ မျိုးမြင့်ဖလင်၊ ဒါရိုက်တာ အောင်သူ၊ “ဘဝကြင်ဖော်”၊ ရီရီစံ

၁၅။ ၁၉၅၈၊ ပဒေသာရုပ်ရှင်၊ ဒါရိုက်တာ ဦးညဏ၊ “မာယာကြာခြည်”၊ ကျော်ဝင်း၊ ကြည်ကြည်ငွေး၊ မေရီမြင့်၊ မေရီမြ၊ စောမူ(ဇာတ်ကားရိုက်ကူးနေစဉ် မေရီမြင့် ကွယ်လွန်သွားသည့်အတွက် ကြည်ကြည်ငွေးနှင့် ပြောင်းလဲရိုက်ကူးသည်)

၁၆။ ၁၉၅၉၊ သစ်ဆန်းရုပ်ရှင်၊ ဒါရိုက်တာ ဦးစိုးမောင်၊ “အောင်ထူး”၊ ဂျင်းဖော့မယ် ခင်ဖုန်းတင့်

၁၇။ ၁၉၅၉၊ အကယ်ဒမီရုပ်ရှင်၊ ဒါရိုက်တာဦးချင်းစိန်(ရွှေညာမောင်)၊ “မင်းကတော်”၊ ခင်ယုမေ၊ ကြယ်နီ၊ မခင်စိန်

၁၈။ ၁၉၅၉၊ ပေလေးပင်ရုပ်ရှင်၊ ဒါရိုက်တာ နေဒွန်း၊ “ရိုင်းတဲ့ဘဝ”၊ ရွှေဘ၊ သင်းသင်းလဲ့၊ နွယ်နွယ်

၁၉။ ၁၉၆၀၊ ဘားမားစတားရုပ်ရှင်၊ ဒါရိုက်တာ ရွှေလေးမောင်၊ “ငွေပင်စံ” ခင်မေသက်

၂၀။ ၁၉၆၀၊ ရွှေညာမောင်ရုပ်ရှင်၊ ဒါရိုက်တာ ဦးချင်းစိန်(ရွှေညာမောင်)၊ “အိမ်ထောင်စု”၊ ထွန်းဝေ၊ ကောလိပ်ဂျင်နေဝင်း၊ ခင်ယုမေ၊ မယ်ဗမာမစိန်ငွေး

၂၁။ ၁၉၆၁၊ ရွှေဝယ်သီရိရုပ်ရှင်၊ ဒါရိုက်တာ တက္ကသိုလ်ဝင်းဖေ၊ “ပြည်တန်တဲ့ကျည်ဆံ”၊ မြင့်မြင့်ငွေး၊ သင်းသင်းလဲ့၊ ကြယ်နီ



၂၂။ ၁၉၆၆၊ ဗန္ဓုလရုပ်ရှင်၊ ဒါရိုက်တာ ကျွန်တော်ချစ်မောင်၊ “ကြိုက်ပြီ”၊ မေသစ်၊ သန်းနွဲ့

၂၃။ ၁၉၆၉၊ ပဒေသာရုပ်ရှင်၊ ဒါရိုက်တာဦးညဏ၊ “ရာဇဒဏ်”၊ ခင်မောင်ဇင်၊ ကြည်ကြည်ငွေး

၂၄။ ၁၉၆၉၊ မဟာဗောဓိရုပ်ရှင်၊ ဒါရိုက်တာ ရဲဘော်သက်ရှည်၊ “ပွင့်သောပန်းတိုင်းမွှေးပါစေ”၊ ရဲဘော်သက်ရှည်၊ နွယ်နွယ်

ရုပ်ရှင်များရိုက်ကူးနေရင်း၊ ပြဇာတ်ကလိုသည့် ဆန္ဒကိုလည်း မစွန့်လွှတ်နိုင်၊ နိုင်ငံကျော် ဇာတ်ကြီးများဖြစ်သော မင်္ဂလာဦးအောင်မောင်း၊ အောင်လံတော်ခင်စိန်၊ ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်း ဇာတ်ကြီးများနှင့် တွဲဖက်၍ ရှေ့ပိုင်း ပြဇာတ်တာဝန်ခံ၊ ဒါရိုက်တာ မင်းသားအဖြစ် ပြဇာတ်ပေါင်းများစွာ ကပြခဲ့သည်။

ပြဇာတ်လောက၊ ရုပ်ရှင်လောကမှာသာမက ဂီတလောကမှာလည်း မြန်မာ့အသံ ဓာတ်ပြားတေးနှင့် ရောင်းတမ်းဓာတ်ပြားတေးများ သီဆိုခဲ့သည်။ မယ်ဒလင်ဆို/တီးကျွမ်းကျင်ပြီး လက်ဦးဆရာတက္ကသိုလ်စိုးရေးသားသည့်တေးများကို ကိုယ်တိုင်သီဆိုခဲ့သလို ကိုယ်တိုင်ရေးတေးများလည်း ရှိသည်။ ဒွေးလေးတို့အညာ၊ အတူတူနေမယ်၊ လုပ်အား၊ အားကစားနဲ့ မြန်မာ၊ ချစ်တတ်လာသောတစ်နေ့၊ မောင်ဇမ္ဗူ(ပင်္ဂဖေ) အောင်လိုသူ(မြင့်မြင့်ရှိန်)တေးတို့သည် အောင်မြင်သောတေးများဖြစ်သည်။

၁၉၈၈ ခုနှစ်မှစတင်၍ တီဗွီကြော်ငြာဒါရိုက်တာအဖြစ် ဇောက်ချလုပ်ကိုင်ခဲ့ရာ ဒီဇင်ဘာမျက်ခုံးမွှေးဆွဲခဲတံ၊ ဒီဇင်ဘာ လိုင်နာရည်၊ ဂျပန်နားသန့်ဆေး၊ သမ္မတသက်န်း၊ ကြာငါးခိုင်သက်န်း၊ ဘေဘီဗိုက်တာကလေးများ အားတိုးဆေး၊ ပုပ္ပားတောင်နှလုံးအားတိုးဆေး၊ ရွှေမန်းတောင်သွေးဆေး၊ ကိုရာစနိုး၊ နယ်(လ်)ဆင်ဆေးတိုက်၊ မွှေးကော်အိတ်၊ မှန်လေးမှန်၊ ဒေါ်နုလိမ်းဆေး၊ ဦးထုံရွှေဆိုင်၊ ရွှေပြည်နန်းသနပ်ခါး၊ ခိုင်မာလာနှင်းဆီသနပ်ခါး၊ သင်းပျံ့ပျံ့မွှေးသနပ်ခါး၊ မီလပ်(စ်)စနိုး၊ မှန်ချိုလိပ်ခေါင်းပျောက်ဆေး၊ နီဘန်းအင်တာနာ၊ လူပျံတော်ပတ္တမြား၊ ရွှေပင်ငွေပင်အားဆေးစသည်ဖြင့် တီဗွီကြော်ငြာပေါင်း ၆၀ ကျော် ရိုက်ကူးခဲ့သည်။ ကြော်ငြာများလက်မလည်နိုင်အောင် ရိုက်ရလွန်းသည့်အတွက် ဂီတလုလင်မောင်ကိုကိုမကွယ်လွန်မီက မင်္ဂလာဆောင်ဆိုရင် စိုးမြင့်(အေဝမ်းစိုးမြင့်)၊ ကြော်ငြာဆိုရင် မြင့်စိုး ဟု ဂုဏ်တင်ပြောသည်အထိ အောင်မြင်မှုရခဲ့သည်။ ကြော်ငြာသည်စက္ကန့်ပိုင်းမိနစ်ပိုင်းမျှသာ ပြသရသည့်အတွက် အချိန်တိုအတွင်း အနုပညာရသမြောက်ရန်၊ ပရိသတ်ရင်ထဲ၊ နားထဲစွဲသွားစေရန် လွန်စွာအရေးကြီးသည်။ ကြော်ငြာရိုက်ကူးရာတွင် နိုင်ငံကျော်အနုပညာရှင်များနှင့် ပူးပေါင်းဖန်တီးရသည်ဖြစ်ရာ တေးသံရှင် မာမာအေး၊ ရီရီသန့်၊ မေဆွိ၊ နီနီဝင်းရွှေ၊ မေခလာ၊ ကော်နီ၊ ချစ်ဝေဝေ၊ ရုပ်ရှင်သရုပ်ဆောင်လူမင်း၊ နေဆန်း၊ ထူးသာ၊ ညီဂျော်၊ ဇေယျ၊ မိုးဒီ၊ မေတ္တာ၊ ထက်ထက်မိုးဦး၊ မေသန်းနု၊ အိန္ဒြာကျော်ဇင်၊ စိုးမြတ်သူဇာ၊ ဆုပန်ထွာ၊ ထွန်းအိန္ဒြာဗို၊ နန္ဒာလှိုင်၊ ချစ်စနိုးဦး၊ ပန်းဖြူနွဲ့နွဲ့စန်း၊ ခင်ဇာခြည်ကျော်၊ မေသဥ္ဇာဦး၊ မေဝင်းမောင်၊ ခိုင်သင်းကြည်၊ စိုးမြတ်နန္ဒာ၊ လှအဥ္ဇလီတင့်၊ တစ်ခိုင်လုံးရွှေအေးအေးမြင့်၊ သန်းသန်းစိုး၊ မတူး စသည်ဖြင့် အနုပညာရှင်များစွာနှင့် တွဲဖက်ခဲ့ရသည်။

မင်းသားမြင့်စိုး၏ ဘဝအတွေ့အကြုံများကား စုံလှ၏။ ၁၉၇၃ ခုနှစ်မှ ၁၉၈၀ ခုနှစ်အထိ ရဟန်းဝတ်ခဲ့ပြီးနောက် သူ၏ ဇာတိမြေ ဘီးလင်းမြို့မှ ဘီးလင်းသူ ဒေါ်အုန်းသွင်နှင့် လက်ထပ်ခဲ့သည်။ သားသမီးမရှိ၊ နှစ်ကိုယ်တည်းဘဝ၊ ငယ်ဘဝတစ်လျှောက် အနုပညာလောကထဲမှာသာ ဘဝကိုမြှုပ်နှံခဲ့သော်လည်း အရွယ်ရလာသည့်အခါ သံသရာမှလွတ်မြောက်ရာ လမ်းစရှာရပြန်သည်။ အချိန်ရှိသရွေ့ ဘာဝနာတရားများကို ကျင့်ကြံအားထုတ်လေ့ရှိသော်လည်း ပုထုဇဉ်လူသားဖြစ်သည့်အတွက် အနုပညာကို ခင်တွယ်သည့်စိတ်သည်ကား ကုန်ခန်းသွားသည်မရှိ။ အခြေအနေပေးလျှင် ဇရာကိုပင်ထည့်မတွေးချင်။ လူပင်အိုသော်လည်း သူ၏ အနုပညာသည်မအို၊ စိတ်ပျိုတော့ ကိုယ်နု၊ စိတ်ဆောင်တော့အောင် ဆိုသကဲ့သို့ အနုပညာအာဟာရများကလည်း သူ့အတွက် အားအင်ဖြစ်စေခဲ့သည်ထင်၏။ မြန်မာ့ရုပ်ရှင်လောကအတွက် တစ်ထောင့်တစ်နေရာမှ အကျိုးပြုဖြစ်စေခဲ့သည့် မင်းသားမြင့်စိုး(ခေါ်) မင်းသားကြီးဦးမြင့်စိုး တစ်ယောက် မြန်မာ့ရုပ်ရှင်ရာပြည့်ပွဲ ပါဝင်ဆင်နွှဲနိုင်ပါစေ အသက်ရာကျော်ရှည်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်. .။ ။

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

၁၁ - ၁၀ - ၂၀၁၆ (အင်္ဂါနေ့)

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၈း၃၅ | ၂၀၁၆ခုနှစ် (၂၂)ကြိမ်မြောက်မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ရန် (အဆိုဘာသာရပ်) (ခေတ်ဟောင်းတေးနှင့်ကာလပေါ်တေး) [အခြေခံပညာ(၁၅-၂၀)အဆင့်] (အမျိုးသား) |
| ၈း၄၀ | ဥပဒေရေးရာအဖြာဖြာ “အတွေးမခေါင်စမ်းပါနဲ့” (ဦးစံပေါ်၊ ရဲဦး၊ စောယုနဒီ) [ဒါရိုက်တာ-ဝေဠု(ဝသန်)] |
| ၉း၃၅ | မြန်မာ့ရုပ်မြင်သံကြားလူငယ်အစီအစဉ် |
| ၁၀း၃၅ | မြန်မာ့ရုပ်မြင်သံကြားပညာရေးအစီအစဉ် |
| ၁၁း၃၅ | မျက်မှောက်ရေးရာသုံးသပ်စရာ |
| ၁၂း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ “သစ္စာတိုင်နေ့ရက်များ” (အပိုင်း-၇) |
| ၁း၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ “ဘုရင်မရဲ့ ပန်းရွှေကြာ” (အပိုင်း-၁၅) |
| ၂း၀၀ | Yes or No Talk Show "Sport or Adventure" (Part-2) |
| ၂း၂၀ | KARAOKE World Championships (KWC) Myanmar 2016 (LEVEL-2) (Group-4) |
| ၃း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ “တံ့မယူလို” (အပိုင်း-၁၆) |
| ၄း၁၅ | ၂၀၁၆ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ရန် (အဆိုဘာသာရပ်) (မဟာဂီတ) [ဝါသနာရှင် (ပထမတန်း)အဆင့်] (အမျိုးသား၊ အမျိုးသမီး) |
| ၄း၃၅ | “လူတိုင်းအခွန်ပေး ဆိုင်တိုင်းအခွန်ကောက်ခံ” |
| ၅း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း |
| ၆း၃၅ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ (Rဇာနည်) |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ “တံ့မယူလို” (အပိုင်း-၁၇) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ -နိုင်ငံခြားဇာတ်လမ်းတွဲ “ဘုရင်မရဲ့ ပန်းရွှေကြာ” (အပိုင်း-၁၆) -ပြည်သူ့နီတိ “လက်လှန်” (ညီညီမင်း၊ သူရဇ္ဇ၊ မင်းခိုင်) (ဒါရိုက်တာ-မိုးဇော်ကို) |

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# တစ်ပတ်အတွင်းအားကစားသတင်း သုံးသပ်ချက်

***ဒီတစ်ပတ်အတွင်းမှာတော့ ကမ္ဘာ့ဖလားခြေစစ်ပွဲတွေသာ ရှိခဲ့တာကြောင့် မြန်မာဘောလုံးပရိသတ်တွေအတွက်အနည်းငယ်အေးစက်တဲ့ ရက်သတ္တပတ်ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် ဒီပွဲစဉ်တွေထဲမှာလည်း အီတလီ- စပိန် ပွဲစဉ်၊ ဂျာမနီ-ချက်တို့ရဲ့ ပွဲစဉ်နဲ့ ပိုလန်-ဒိန်းမတ်၊ ပီရူး-အာဂျင်တီးနား၊ အီကွေဒေါ်-ချီလီတို့လို ပွဲကောင်းတွေပါဝင်နေတာတော့ တွေ့ကြရမှာဖြစ်ပါတယ်။ အင်္ဂလန်အသင်းကို အသင်းခေါင်းဆောင်နေရာကနေ ဆက်လက်ဦးဆောင်ခွင့်ရတဲ့ ဝိန်းရွန်းနီရဲ့ ခြေစွမ်းပိုင်းက ဝေဖန်မှုတွေကို မှန်ကန်တယ်ဆိုတာ ထောက်ခံခဲ့သလို အနေအထားဖြစ်ခဲ့တာကလည်း ရွန်းနီခေတ်ကုန်သွားခဲ့ပြီဆိုတဲ့ ဝေဖန်မှုတွေကို ရုပ်လုံးပေါ်လာစေခဲ့ပါတယ်။ ဒီတော့ တစ်ပတ်အတွင်း ဖြစ်ပျက်ခဲ့ကြတဲ့ အားကစားလောက ပုံရိပ်လေးတွေကို အနည်းငယ် ပြန်ပြီးငဲ့စောင်းကြည့်ကြရအောင်ပါ။***



### အကြိတ်အနယ်ရှိခဲ့တဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲများ

၂၀၁၆ကမ္ဘာ့ဖလားခြေစစ်ပွဲတွေကို ဇုန်အလိုက် ယှဉ်ပြိုင်ခဲ့ကြရာမှာ ဥရောပဇုန်နဲ့ တောင်အမေရိကဇုန်က ခြေစစ်ပွဲစဉ်အချို့ဟာ ဘောလုံးပရိသတ်တွေအတွက် အမှန်တကယ်ရသပေးစွမ်းနိုင်ခဲ့တာကို တွေ့ကြရမှာဖြစ်ပါတယ်။ အထူးသဖြင့် သရေရလဒ်တွေထွက်ပေါ်ခဲ့တဲ့ အီတလီ-စပိန်ပွဲ၊ ပီရူး-အာဂျင်တီးနားပွဲစဉ်တွေဟာ နောက်ဆုံးအချိန်အထိ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြရသလို ဟန်ဂေရီ-ဆွစ်ဇာလန်ပွဲ၊ ပိုလန်-ဒိန်းမတ်ပွဲစဉ်တွေကလည်း တကယ့်ကို ရင်သပ်ရှုမောဖွယ်ကောင်းလောက်အောင် ကောင်းမွန်ခဲ့ပါတယ်။ အီတလီနဲ့ စပိန်တို့ရဲ့ပွဲစဉ်တွေမှာတော့ နှစ်သင်းစလုံးက အသင်းခေါင်းဆောင်တွေရဲ့ အမှားတွေကြောင့် တစ်ဖက်နဲ့တစ်ဖက် သွင်းဂိုးတွေ ခွင့်ပြုခဲ့ရတာလို့တောင် ပြောလို့ရပြီး စပိန်အသင်းခေါင်းဆောင်ရာမို့စ်ကြောင့် အီတလီအသင်းကို ပင်နယ်တီကန်သွင်းခွင့်ပြုခဲ့ရတာဖြစ်သလို စပိန်ဘက်ကို ဦးဆောင်ဂိုး ပေးခဲ့ရတာက အီတလီအသင်းခေါင်းဆောင် လက်ပတ်ကို ဆင်မြန်းခွင့်ရထားသူ ဂိုးသမားဘတ်ဖွန် တည်ငြိမ်မှုကင်းမဲ့တာကြောင့်လို့ ယူဆရမှာဖြစ်ပါတယ်။

ဟန်ဂေရီ-ဆွစ်ဇာလန်တို့ ပွဲစဉ်မှာတော့ ပွဲချိန်ပြည့်ခါနီးအထိ တစ်ဖက်နှစ်ဂိုးစီ သရေကျနေခဲ့ပေမယ့် စတော်ကာရဲ့ ပွဲချိန် ၈၉ မိနစ် သွင်းဂိုးကြောင့် ဟန်ဂေရီတို့ အိမ်ကွင်းမှာပဲ ဆွစ်ဇာလန်ကို အရေးနိမ့်ခဲ့ရတာဖြစ်ပါတယ်။ ပီရူး-အာဂျင်တီးနားပွဲစဉ်မှာတော့ နာမည်ကြီး အာဂျင်တီးနားအသင်းမှာ ပေါင်ခြံဒဏ်ရာရရှိနေတဲ့ မက်ဆီပါဝင်ကစားနိုင်ခြင်းမရှိတာကြောင့် တိုက်စစ်ပိုင်းကို ဟီဂူအင်၊ အဂူရို၊ ဒီမာရီယာတို့နဲ့ ပွဲထွက်စေခဲ့ပေမယ့် ကွေဘာရဲ့ နောက်ကျချေပဂိုးဟာ အာဂျင်တီးနားအသင်းခေါင်းဆောင်အဖြစ်ဆောင်ရွက်ခဲ့သူ မာရှေယာနိုရဲ့ အမှားကတစ်ဆင့် ရရှိခဲ့တာကြောင့် ဒီတစ်ပတ် ကမ္ဘာ့ဖလားခြေစစ်ပွဲတွေဟာ နိုင်ငံလက်ရွေးစင်အသင်းခေါင်းဆောင်တွေ အမှားမကင်းတဲ့ ရက်သတ္တပတ်လို့တောင် သတ်မှတ်ရတော့မှာပါ။

### အမှိုက်စ ရွန်းနီတဲ့လား

အင်္ဂလန်ယာယီနည်းပြ ဆောက်ဂိတ်ရဲ့ အသင်းခေါင်းဆောင်လက်ပတ်ကို ယုံယုံကြည်ကြည်ဆက်လက် အပ်နှင်းခွင့်ခံရတဲ့ ရွန်းနီရဲ့ အင်္ဂလန်အသင်းနဲ့ မော်လ်တာ အသင်းတို့ရဲ့ ပွဲစဉ်အတွင်း ကစားပုံကြောင့် ရွန်းနီခေတ်ကုန်သွားခဲ့ပြီလို့ မီဒီယာတွေကရေးသားဖော်ပြလာပါတယ်။ ခြေစွမ်းပျောက်ဆုံးနေတဲ့ ရွန်းနီကြောင့် အင်္ဂလန်ပရိသတ်တွေရဲ့ ရပ်တည်ချက်ကမှန်ပြီး ရွန်းနီဟာ အသင်းအတွက် အမှိုက်တစ်စလို ရှုပ်နေတဲ့သူလို့ ဝေဖန်ရေးသားနေကြပါတယ်။ ကမ္ဘာ့အဆင့်(၁၇၄)နေရာရပ်တည်နေတဲ့ မော်လ်တာအသင်းကို အင်္ဂလန်အနေနဲ့ ယခုထက် ဂိုးပြတ်ရလဒ်နဲ့ အနိုင်ရသင့်ပေမယ့် ကွင်းလယ်ပိုင်း ထိန်းကျောင်းတဲ့ ကစားသမားသုံးဦး (ဒယ်လီအယ်လီ၊ ဟန်ဒါဆန်၊ ဝိန်းရွန်းနီ) ထဲမှာ ရွန်းနီရဲ့ ခြေမပေါ်ခဲ့တာကြောင့် အခုလို ဝေဖန်မှုတွေ ထွက်လာတာဖြစ်ပါတယ်။ ရွန်းနီက ဒီပွဲမှာ ဘောလုံးနဲ့ ၁၇၇ ကြိမ်အထိ ထိတွေ့ခွင့်ရခဲ့ပေမယ့် သူ့ရဲ့ ဖန်တီးပေးပို့မှုတွေဟာ ပင်နယ်တီဧရိယာအတွင်း တစ်ကြိမ်တစ်ခါမျှတောင် ဝင်ရောက်ခဲ့ခြင်းမရှိတာကတော့ အဆမတန် လေးလံနေတဲ့ ဖိအားတွေကြောင့် ခြေစွမ်းပိုင်း ပြန်မတက်လာလောက်အောင် ဖြစ်သွားခဲ့ရသလားဆိုတာ စဉ်းစားရမယ့် အချက်တစ်ချက်ပါပဲ။

အင်္ဂလန် ပရိသတ်တွေကတော့ နည်းပြတွေအနေနဲ့ ရွန်းနီကို ခေါင်းမာမာနဲ့ ဆက်သုံးနေမယ်ဆိုရင် အသင်းအတွက်သေချာပေါက် နစ်နာမှုတွေရှိနိုင်မယ်လို့ သူတို့ရဲ့ တွစ်တာ စာမျက်နှာတွေပေါ်မှာ ရေးသားဖော်ပြခဲ့ကြပါတယ်။ ဒီပွဲမှာ အကောင်းဆုံးကစားသမားအဖြစ်ရွေးချယ်ခံရတဲ့ ဂျော်ဒန်ဟန်ဒါဆန်ဆိုရင် ဘောလုံးထိတွေ့မှုအကြိမ်ပေါင်း ၁၈၇ မှာ အောင်မြင်တဲ့ ပေးပို့မှု ၁၅၃ကြိမ်ပြုလုပ်နိုင်ပြီး ကိုယ်တိုင်လည်း ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ဒါကြောင့် ဟန်ဒါဆန်နဲ့ ရွန်းနီရဲ့ အရည်အသွေးပိုင်း ယှဉ်ရင်တောင် အတော်ကွာခြားသွားပြီး ကွင်းလယ်မှာထားကစားရင် ဘယ်လိုမှ ခြေမပေါ်တဲ့ ရွန်းနီကို တိုက်စစ်မှာ ပြန်သုံးမလား၊ ဒါမှမဟုတ် မော်ရင်ဟိုလို အရန်ကစားသမားအဖြစ် ထားကစားမလားဆိုတာ နည်းပြ ဆောက်ဂိတ်ရှာရမယ့် အဖြေတစ်ခုဖြစ်ပါတယ်။

### ဘာကာအတွက် မက်ဆီ ပြန်လာပြီ

ဘာစီလိုနာတိုက်စစ်မှူး လီယွန်နယ်မက်ဆီတစ်ယောက် အက်သလက်တီကိုနဲ့ပွဲမှာရရှိတဲ့ ပေါင်ခြံဒဏ်ရာကြောင့် သုံးပတ်ခန့်အနားယူနေရပြီး ဘယ်အချိန်ပွဲထွက် ပြန်ကစားနိုင်မလဲဆိုတာ အားလုံးသိချင်နေတဲ့ အဖြေတစ်ရပ်ဖြစ်နေပါတယ်။ ဒါပေမယ့် အောက်တိုဘာ ၉ ရက်မှာတော့ မက်ဆီဟာ ဒီဗို့တီပို၊ မန်စီးတီးတို့ရဲ့ပွဲမှာ ပြန်ကစားနိုင်တော့မှာဖြစ်တယ်လို့ အားကစားမီဒီယာတွေက အတိအကျဖော်ပြပါတယ်။ မက်ဆီဒဏ်ရာပြဿနာ ကြုံနေရစဉ်အတွင်း ဘာစီလိုနာက စပို့တင်းဂီဂျွန်ကို ငါးဂိုးပြတ်နဲ့ အနိုင်ရခဲ့ပေမယ့် မိုချန်ဂလာဘတ်အသင်းကို အဝေးကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရဖို့ ခက်ခက်ခဲခဲကစားခဲ့ရသလို ဆယ်လ်တာဗီဂိုကို လေးဂိုး-သုံးဂိုးနဲ့ ရှုံးနိမ့်ခဲ့တာကြောင့်



အခုလို ဘာစီလိုနာအတွက် ခက်ခဲနေချိန်မှာ မက်ဆီပြန်ကစားနိုင်တာ သတင်းကောင်းတစ်ရပ်ဆိုတာ သေချာပါတယ်။ ဘာစီလိုနာနည်းပြ အင်းနရစ်က မက်ဆီပါဝင်တာနဲ့၊ မပါဝင်တာဟာ အသင်းရဲ့ရလဒ်ပိုင်းကို အများကြီးကွာခြားမှုရှိစေတာကြောင့် မက်ဆီမပါရင် ဘယ်လိုနိုင်အောင်ကစားရမလဲဆိုတာ အခုထိ ခက်ခဲတဲ့အဖြေတစ်ရပ်အဖြစ်ရှိနေဆဲပဲလို့ ဆိုပါတယ်။ မက်ဆီဟာ အောက်တိုဘာ ၁၉ ရက် မန်စီးတီးကို ရင်ဆိုင်မယ့် ချန်ပီယံလိဂ်ပွဲစဉ်မှာ ပါဝင်ဖို့သေချာပေမယ့် ဘာကာပရိသတ်တွေကတော့ ဒီဗို့တီပိုနဲ့ လာလီဂါပွဲမှာကတည်းက ဝင်ရောက်ကစားနိုင်ဖို့ မျှော်လင့်ထားပါတယ်။

### ယူရို သန်း ၂၀၀ တန် နေမာ

ပီအက်စ်ဂျီအသင်းဟာ လာမယ့်နွေဈေးကွက်အတွင်းမှာ ဘာစီလိုနာကြယ်ပွင့်တိုက်စစ်မှူးနေမာကို ခေါ်ယူဖို့ အခုကတည်းက လျှို့ဝှက်ပြင်ဆင်နေပြီလို့ ဂိုးလ်ဒေ့ါကွန်းက ဖော်ပြပါတယ်။ နေမာဟာ မန်ယူ၊ ပီအက်စ်ဂျီအသင်းတွေရဲ့ ကာလကြာရှည် ပစ်မှတ်ကစားသမားဖြစ်ပြီး ပီအက်စ်ဂျီအသင်းပိုင်ရှင် အယ်လ်ခီလိုင်ဖီဟာ နေမာကို ရဖို့ဆိုရင် ယူရိုသန်း၂၀၀သုံးစွဲဖို့ အဆင်သင့်ရှိနေတဲ့အပြင် မက်ဆီကိုပါ ခေါ်ယူဖို့ကြိုးပမ်းနေပါတယ်။ ဒါပေမယ့် ကန့်သတ်မှုတွေပြုလုပ်လာတဲ့ ဘဏ္ဍာရေးစည်းမျဉ်းကြောင့် စံချိန်တင်ကြေးဖြစ်လာမယ့် သူတို့နှစ်ဦးလုံးကို တစ်ပြိုင်နက်ခေါ်ယူဖို့ဆိုတာမဖြစ်နိုင်ဘဲ နှစ်ဦးထဲက တစ်ဦးကို အရင်ခေါ်ယူရမှာဖြစ်ပါတယ်။ ပြင်သစ်ကလာတဲ့ သတင်းတွေကတော့ နေမာကို အရင်ခေါ်ယူမယ်လို့ ဆိုပါတယ်။

### လက်ရှိချန်ပီယံဆု စွန့်လွှတ်လိုက်ရတဲ့ ဟာမီလ်တန်နဲ့ဂျာနယ်လစ်များကြား ပဋိပက္ခ


ဖော်မြူလာဝမ်းရဲ့ အမာခံပရိသတ်တွေအနေနဲ့ မာစီးဒီးစ်အသင်းက ဟာမီလ်တန် ဘယ်လိုကစားသမားလဲဆိုတာကောင်းကောင်းသိကြပါတယ်။ ပြောရင်ပြောသလို ဖြစ်အောင်လုပ်ပြတတ်ပြီး ချန်ပီယံဆုကို အကြိမ်ကြိမ်ကာကွယ်ထားနိုင်တဲ့ ဗြိတိန်သား ဟာမီလ်တန် ဂျပန်ဂရင်းပရီမှာလည်း တတိယနေရာနဲ့သာ ပန်းဝင်တာကြောင့် မာစီးဒီးစ်အသင်းဖော် ရော့စ်ဘတ်ကို လက်ရှိချန်ပီယံဘွဲ့လွှဲပြောင်းပေးလိုက်ရပါပြီ။ မလေးရှားဂရင်းပရီမှာ ကားအင်ဂျင်ချွတ်ယွင်းမှုကြောင့် ရော့စ်ဘတ်နဲ့ ရမှတ်၂၃ မှတ်အထိ ပြတ်ကျန်ခဲ့ပြီးဖြစ်သလို ဂျပန်ဂရင်းပရီမှာလည်း တတိယနေရာသာရရှိခဲ့လို့ ထိပ်ဆုံးကပန်းဝင်ခဲ့တဲ့ ရော့စ်ဘတ်နဲ့ ၃၃ မှတ်အထိ ကွာဟသွားခဲ့တာကြောင့် ချန်ပီယံဆုကို မာစီးဒီးစ်အသင်းဖော် ရော့စ်ဘတ်က လက်လွှဲရယူသွားနိုင်ခဲ့ပါပြီ။ ဟာမီလ်တန်ဟာ ဂျပန်ဂရင်းပရီပွဲမယှဉ်ပြိုင်မီ အစမ်းလေ့ကျင့်စဉ်မှာလည်း အမှားအယွင်းများခဲ့လို့ ဒီကိစ္စရပ်နဲ့ပတ်သက်ပြီး သတင်းထောက်တွေက မေးမြန်းဖို့ ကြိုးစားရာမှာ ဟာမီလ်တန်က “ခင်ဗျားတို့ ဘာမေးမေး ကျွန်တော် ဖြေမှာမဟုတ်ဘူး”လို့ ရင့်ရင့်သီးသီးပဲ ပြန်ဖြေခဲ့တာကြောင့်ဒီဖြစ်ရပ်အပေါ်မှာတောင် မာစီးဒီးစ်တာဝန်ရှိသူတွေက ဝင်ရှင်းပေးခဲ့ရတဲ့ အနေအထားကို တွေ့ခဲ့ရပါတယ်။ တကယ်ပြိုင်ပွဲဝင်ချိန်မှာလည်း ဟာလ်မီတန်ဟာ ပွဲအစ အမှားအယွင်းများနေခဲ့ပြီး နောက်ပိုင်းကျမှသာ ပုံမှန်ကစားရှိန်ရလာလို့ တတိယနေရာက ပန်းဝင်ခဲ့တာဖြစ်ပါတယ်။ ဖော်မြူလာဝမ်းပြိုင်ပွဲပြီးဆုံးဖို့ ဂရင်းပရီ လေးခုသာကျန်ရစ်တော့ချိန်မှာ ဟာမီလ်တန်တစ်ယောက် လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်ခွင့်မျှော်လင့်ချက် လုံးဝစွန့်လွှတ်လိုက်ရတာဖြစ်ပြီး ဗိုလ်စွဲခဲ့တဲ့ ဂျာမန်သား ရော့စ်ဘတ်ကလည်း မာစီးဒီးစ်အသင်းကသာဖြစ်လို့ ဖော်မြူလာဝမ်း ချန်ပီယံဆုကို မာစီးဒီးစ်အသင်းကသာ သုံးနှစ်ဆက်တိုက်ရယူနိုင်ခဲ့ခြင်းလည်း ဖြစ်လာခဲ့ပါတယ်။

### တရုတ်အိုးပင်း ချန်ပီယံဖြစ်ခဲ့တဲ့ မာရေး

ကမ္ဘာ့အဆင့်(၁)နေရာကို ရယူဖို့ ပစ်မှတ်ထားနေတဲ့ အန်ဒီမာရေးဟာ ရာသီလက်ကျန်ယှဉ်ပြိုင်သမျှ ပွဲစဉ်တိုင်းကို ဂရုတစိုက်ယှဉ်ပြိုင်နေပြီး အခုလည်း တရုတ်အိုးပင်းချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပြန်ပါတယ်။ မာရေးဟာ ဗိုလ်လုပွဲမှာ ဒီမီထရော့ဗ်ကို ၆-၄၊ ၇-၆၊ ၇-၂ နဲ့ အနိုင်ကစားပြီး ၂၀၁၆ ခုနှစ်အတွင်း သူ့အတွက် ပဉ္စမမြောက် ချန်ပီယံဆုအဖြစ်သာမက ပရော်ဖက်ရှင်နယ်သက်တမ်းတစ်လျှောက် အကြိမ် ၄၀ မြောက် ချန်ပီယံဆုအဖြစ်ပါ သိမ်းပိုက်နိုင်ခဲ့ပါတယ်။ မာရေးဟာ အခုပွဲမှာ ချန်ပီယံဖြစ်ခဲ့တာကြောင့် ဒဏ်ရာပြဿနာကြောင့် တရုတ်အိုးပင်း ပြိုင်ပွဲမှ နုတ်ထွက်သွားခဲ့တဲ့ ဂျိုကိုဗစ်ချ်နဲ့ အေတီပီရမှတ်ကွာဟမှုကို အတိုင်းအတာတစ်ရပ်အထိ လျှော့ချနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဂျိုကိုဗစ်ချ်ဟာ အခုထိ မာရေးနဲ့ ရမှတ် ၅၀၀ နီးပါးအထိ ကွာဟနေဆဲဖြစ်တာကြောင့် မာရေးအနေနဲ့ ဒီ ၂၀၁၆ မှာတော့ ကမ္ဘာ့အဆင့်(၁)နေရာနဲ့ ရာသီသိမ်းဖို့ အလှမ်းဝေးနေဆဲပဲလို့ ယေဘုယျယူဆရမှာဖြစ်ပါတယ်။ တကယ်လို့ မာရေးအနေနဲ့ ကမ္ဘာ့ အဆင့်(၁)နေရာကို လိုချင်ရင် ၂၀၁၇ ခုနှစ် ပထမသုံးလအတွင်း ဂျိုကိုဗစ်ချ်ရယူထားတဲ့ ဩစတြေးလျအိုးပင်း၊ အင်ဒီယန် ဝဲလ်စ်နဲ့ မိုင်ယာမီအိုးပင်းချန်ပီယံဆုတွေကို လက်လွှဲရယူနိုင်မှသာ ဖြစ်နိုင်ပါလိမ့်မယ်။ ဒါကြောင့် ဂျိုကိုဗစ်ချ်ကတော့ ငါးနှစ်ဆက်တိုက် ကမ္ဘာ့အဆင့်(၁)နေရာနဲ့သာ ရာသီသိမ်းဖို့ရှိနေပါတယ်။

### ကမ္ဘာ့ပထမဆုံး အစိမ်းကတ်

အီတလီစီးရီးဘီတာဝန်ရှိသူတွေက ကမ္ဘာ့ဘောလုံးသမိုင်းမှာ တစ်ကြိမ်တစ်ခါမျှ အသုံးပြုခြင်းမရှိဘူးသေးတဲ့ အစိမ်းကတ်ဆိုတာကို သုံးစွဲမယ်လို့ အောက်တိုဘာ၉ရက်မှာ အတည်ပြုလိုက်ပါတယ်။ ဒါပေမယ့် ဒီအစိမ်းကတ်ဟာ အဝါကတ်၊ အနီကတ်တို့လို ပြစ်ဒဏ်ကျူးလွန်သူတွေကို



ပြသတာမဟုတ်ဘဲ သန့်သန့်ရှင်းရှင်း ကစားတဲ့ကစားသမားတွေကို ဆုတံဆိပ်တစ်ခုအနေနဲ့ ချီးမြှင့်မြှောက်စားပေးမယ့် ဂုဏ်ပြုခံကတ်ပြားလို့ ဆိုပါတယ်။ ဒီကတ်ကို စီးရီးဘီရာသီအစမှာ စတင်အသုံးပြုသွားမှာဖြစ်ပြီး ရာသီကုန်ရင် အစိမ်းကတ်အများဆုံးပြသခံရတဲ့ ကစားသမားကို အသန့်ရှင်းဆုံး ကစားသမားဆု ချီးမြှင့်သွားမှာဖြစ်ပါတယ်။ စီးရီးဘီဥက္ကဋ္ဌ အာဘိုဒီကတော့ ဒီကတ်ပြားဟာ ကစားသမားတွေရဲ့ သန့်ရှင်းဖြူစင်စွာကစားမှုကို ဂုဏ်ပြုတဲ့အနေနဲ့ အသုံးပြုခွင့်ပေးမှာဖြစ်ပြီး ဘောလုံးလောကဆိုတာ ပြစ်ဒဏ်တွေချည်းသက်သက် ရှိတာမဟုတ်ဘဲ အပေါင်းလက္ခဏာဆောင်တဲ့ ဖြစ်စဉ်တွေလည်းရှိတယ်ဆိုတာ နားလည်စေချင်တဲ့ စေတနာနဲ့ အသုံးပြုဖို့ စီစဉ်တာလို့ ရှင်းလင်းပြောကြားလိုက်ပါတယ်။

### အီတလီပြန်ပို့ ခံရတဲ့ တိုက်စစ်မှူး ပယ်လီ

အီတလီတိုက်စစ်မှူး ပယ်လီဟာ အီတလီနည်းပြ ဗန်တူရာကို လက်ဆွဲနှုတ်ဆက်ဖို့ ငြင်းပယ်ခဲ့သည့်အတွက် မက်ဆီဒိုးနီးယားအသင်းနဲ့ ယှဉ်ပြိုင်မယ့် အီတလီအသင်းရဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲ လူစာရင်းကနေ ထုတ်ပယ်ပြီး မွေးရပ်မြေအီတလီနိုင်ငံကို ပြန်ပို့ခံခဲ့ရပါတယ်။ အီတလီနှင့် စပိန်တို့ ယှဉ်ပြိုင်ခဲ့တဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် နည်းပြ ဗန်တူရာက ပယ်လီကို အင်မိုဘိုနဲ့ လူစားလဲခဲ့တဲ့အတွက် ပယ်လီက ဒေါသထွက်ပြီး နည်းပြ ဗန်တူရာ ကမ်းထားတဲ့လက်ကို မသိကျိုးကျွန်ပြုခဲ့တာဖြစ်တယ်။

နည်းပြ ဗန်တူရာက ပယ်လီအနေနဲ့ ပွဲချိန်အတွင်းပြသခဲ့တဲ့ စွမ်းဆောင်ရည်ကြောင့်သာ လူစားလဲခံရခြင်းဖြစ်တဲ့အတွက် ဒီကိစ္စရပ်နဲ့ ပတ်သက်လို့ စိတ်ဆိုးစရာ အကြောင်းမရှိဘူးလို့ ပွဲအပြီးသတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားခဲ့ပါတယ်။ ပယ်လီကတော့ သူ့ရဲ့အပြုအမူအတွက် နောင်တရမိကြောင်းနဲ့ နည်းပြအပါအဝင် အသင်းဖော်များကိုလည်း တောင်းပန်ပါကြောင်း သူရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှတစ်ဆင့်ရေးသားဖော်ပြခဲ့ပါတယ်။

မေလှဲ့သင်း - စုစည်းသည်

## မိုးတွင်းကာလ သွားလာရေးခက်ခဲလျက်ရှိသည့် ညောင်ဦးဖီးရပ်ကွက်အတွင်းမှ မြေသားလမ်းအား ကိုယ့်အားကိုယ်ကိုး ကျောက်ချ ဂျင်းမြေဖို့

**မြင်းမူ အောက်တိုဘာ ၁၀**

မြင်းမူမြို့ ညောင်ဦးဖီးရပ်အတွင်းရှိ မြေသားလမ်းသည် နှစ်စဉ် မိုးတွင်းကာလ၌ လမ်းပေါ်ရွှံ့ဗွက်များကြောင့် ဒေသခံများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မြင်းမူမြို့နယ် ပုလဲတန် ညောင်ရင်းကျေးရွာ စစ်ကိုင်းမြို့နယ်မှ ရွှေလှေဦးအိုင်ကျွန်း၊ တာတိုင်၊ ဒါးဝယ်တဲ အစရှိသည့်ကျေးရွာများမှ ပြည်သူများသည် အဆိုပါလမ်းမှ သွားလာကြရသည့်အခါ ခက်ခက်ခဲခဲသွားလာကြရကြောင်း သိရသည်။

မြစ်ရေကြီးချိန်တွင်လည်း ၎င်းလမ်းပေါ် ရေကျော်ခဲ့သဖြင့် လမ်းနိမ့်ကျခြင်း၊ ချိုင့်ခွက်ဖြစ်ပေါ်ခြင်း၊ ၁၂ ဘီးကားများဖြတ်သန်းမောင်းနှင်ခြင်းများရှိခဲ့သောကြောင့် လမ်းပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။ ယင်းသို့ လမ်းပျက်စီးမှုအား ရပ်ကွက်ပြည်သူတချို့ကဦးဆောင်၍ လမ်းချိုင့်ခွက်နေရာများ ဗွက်ထူထပ်သည့်နေရာတစ်လျှောက် ကျောက်ကြီးချခြင်း၊ ဂျင်းမြေဖို့ခြင်းများကို ရပ်ကွက်လူငယ်များက အောက်တိုဘာ ၉ ရက် နံနက်ပိုင်းကစတင်၍ လုပ်အားပေးကာ စုပေါင်းလုပ်ဆောင်ခဲ့သည်။ အခြေခံပညာကျောင်းများ၊ မူကြိုကျောင်းများ၊ ဘော်ဒါဆောင်များ၊ ကျူရှင်ကျောင်းများ၊ ဝန်ထမ်းအိမ်ရာများတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ခဲ့သည်။ **(၆၂၄)**

## ရွှေလှေချောင်ကျေးရွာမြေများ အက်ကြောင်းပိုမိုကြီးလာကာ နိမ့်ဆင်းမှုရှိ၍ ဒေသခံတို့စိုးရိမ်



**တွံတေး အောက်တိုဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရွှေလှေချောင် (တွံတေး) ကျေးရွာအုပ်စု ရွှေလှေချောင်ကျေးရွာတွင် မြစ်ရေထိုးမှုကြောင့် အောက်တိုဘာ ၄ ရက် နံနက် ၁၀ နာရီမှစတင်၍ ပပ်ကြားအက်ကြောင်းများဖြစ်ပေါ်ခြင်းကြောင့် အောက်တိုဘာ ၈ ရက် ည ၉ နာရီမှ တဖြည်းဖြည်းအက်ကြောင်းဟလာကာ အောက်တိုဘာ ၉ ရက် နံနက် ၆ နာရီတွင် ယခင်ပပ်ကြားအက်ကြောင်းထက် သိသိသာသာကျယ်လာပြီး မြေတစ်ပေခန့်နိမ့်ဆင်းသွားခဲ့သည်။

ယင်းသို့ဖြစ်ပွားရာ ကျေးရွာသို့ တွံတေးမြို့နယ် နယ်မြေခံတပ်ရင်း ခလရ (၇၀) မှ ယာယီတပ်ရင်းမှူး ဗိုလ်မှူးလကျ်ာအောင်ဦးစီးသော တပ်မတော်သားအယောက် ၃၀ နှင့် အတူဆေးတပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရေအရင်းမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ပပ်ကြားအက်ကြောင်းအတွင်းပါဝင်သော အိမ်ထောင်စုများနှင့် ထိကပ်လျက်ရှိသော နေအိမ်ခြောက်လုံးမှ လူဦးရေ ကျား ၁၀ ဦး မ ၁၅ ဦး စုစုပေါင်း ၂၅ ဦးကို ဘုရားကြီးကျောင်းတိုက်ဓမ္မာရုံ၌ ခေတ္တယာယီနေရာချထားပေးခဲ့ပြီး ပစ္စည်းဆုံးရှုံးမှုမရှိစေရန် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ပြီး ထိခိုက်ဒဏ်ရာရခဲ့သူများအား တပ်မတော်ဆေးအဖွဲ့မှ ပြုစုစောင့်ရှောက်ပေးခဲ့ကြောင်း သိရသည်။

"အခုလို အက်ကြောင်းပပ်ကြားအက်တွေဖြစ်ဖြစ်ပြီး မြေပြိုကျနေတဲ့အတွက် ကြာရင်ရွာပါကုန်သွားလိမ့်မယ်။ အခု ရွာသူ၊ ရွာသားတွေ အတော်ထိတ်လန့်စိုးရိမ်နေကြပါတယ်" ဟုကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ဦးကျော်ဝင်းက ပြောသည်။

**မျိုးလှိုင်(တွံတေး)**

## အတုလမာရဇိန်ဘုရားကြီး ပန်း၊ ဆီမီး (၉၀၀၀) ထွန်းညှိပူဇော်ပွဲ စည်ကားစွာ ကျင်းပမည်



**ညောင်တုန်း အောက်တိုဘာ ၁၀**

ညောင်တုန်းမြို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော အမှတ်(၂)ရပ်ကွက် လမ်းမတော်လမ်းရှိ အတုလမာရဇိန်ဘုရားရုပ်ပွားတော်မြတ်ကြီးကို ၁၂၅၃ ခုနှစ်က စတင်တည်ထောင်ခဲ့ရာ နှစ်ပေါင်း ၁၂၅ နှစ်ကျော်တိုင်ရှိပြီဖြစ်ရာ နှစ်စဉ် အဆိုပါသွန်းဘုရားကြီးတွင် သီတင်းကျွတ်လပြည့်နေ့နှင့် သီတင်းကျွတ်လပြည့်ကျော်(၁)ရက်၌ ပရဟိတအမျိုးသားလူငယ်များနှင့် ဘုရားဂေါပကအဖွဲ့တို့က ကြီးမှူး၍ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် သီတင်းကျွတ်မီးထွန်းပွဲတော် ဆီမီး၊ ပန်း (၉၀၀၀) ကျော် ပူဇော်ကန်တော့ပွဲကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မိုးဟုတ်ဘုရားကြီး နိုင်ငံအေးဘုရားကြီးတွင်လည်း ဆီမီး၊ ပန်းများ ဆပ်ကပ်လှူဒါန်းပူဇော်ကြမည်ဖြစ်ပြီး ဥသျှစ်လှူစေတီများတွင်လည်း ဆီမီး၊ ပန်းများဖြင့် ထွန်းညှိပူဇော်ကန်တော့ကြမည်ဖြစ်သည်။

ပွဲတော်အတွင်း စတုဒိသာအကျွေးအမွေးပေါင်းစုံဖြင့် ဘုရားဖူးလာဧည့်ပရိသတ်များအား စည်ကားစွာ ကျွေးမွေးလှူဒါန်းသွားမည်ဖြစ်ပြီး အောင်ရတနာလမ်း၊ မိုးဟုတ်ဘုရားကြီးလမ်းတစ်လျှောက်၊ တောရကျောင်းလမ်း၊ ညာဏဗလလမ်းနှင့် မြို့မလမ်းမတော်လမ်းတစ်လျှောက်တို့တွင် မြတ်စွာဘုရားအား ဆီမီးရောင်စုံများ ထွန်းညှိပူဇော်ခြင်းများ၊ စတုဒိသာအကျွေးအမွေးများ၊ ဆန်၊ ဆီ၊ ဆား၊ အဝတ်အထည်များ လှူဒါန်းပေးကမ်းခြင်းနှင့် ပျော်ပွဲရွှင်ပွဲများ၊ အနယ်နယ်အရပ်ရပ်မှ လာရောက်ရောင်းချသော ဈေးသည်များ၊ ဘုရားဖူးလာဧည့်သည်များနှင့် တိုးမပေါက်အောင် စည်ကားစွာကျင်းပသွားမည်ဖြစ်ကြောင်း ဘုရားပွဲတော်ကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နှစ်ပေါင်း(၁၂၅)နှစ်ကျော်ခန့်ရှိ သွန်းဘုရားကြီးအား ယခုအခါတွင် ဘက်စုံမွမ်းမံပြင်ဆင်လျက်ရှိရာ ဘုရားအဝင်မုခ်ဦး၊ အာရုံခံတန်ဆောင်းတော်ကြီးအတွင်းရှိ ကျောက်တိုင်ကျောက်ပြားများ၊ လျှပ်စစ်မီးသီးများ၊ ဘုရားမျက်နှာရှေ့ အုတ်တံတိုင်း ကျောက်တိုင်များလှူဒါန်းနိုင်ကြောင်းလည်း သိရသည်။ အဆိုပါဘုရားကြီးဝင်းအတွင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များ၊ အဓိဋ္ဌာန်ဝင်သူများနှင့် နေ့စဉ် စည်ကားလျက်ရှိကြောင်းသိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

## ရေမြောင်းများအတွင်းစွန့်ပစ်အမှိုက်များကြောင့် ရေစီးရေလာများပိတ်ဆို့နေသဖြင့် ကျန်းမာရေးထိခိုက်နိုင်

**မလှိုင် အောက်တိုဘာ ၁၀**

မလှိုင်မြို့ပေါ်ရှိ အများပြည်သူသွားလာနေသော ရေမြောင်းများအတွင်း၌ စွန့်ပစ်အမိုက်များကြောင့် ရေစီးရေလာမစီးဆင်းခြင်းကြောင့် ပြည်သူများအတွက် ကျန်းမာရေးထိခိုက်နိုင်သဖြင့် ဒေသခံများက ရှင်းလင်းပေးစေလိုကြောင်း သိရသည်။

မလှိုင်မြို့နယ်သည် မြို့ပေါ် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၂ အုပ်စု၊ ကျေးရွာပေါင်း ၂၄၇ ရွာရှိ လူဦးရေတစ်သိန်းခုနစ်သောင်းခန့် နေထိုင်ကြပြီး မြို့နေလူဦးရေထက် ကျေးလက်ဒေသများတွင် နေထိုင်သူ ပိုမိုများပြားသည်။ ကျေးလက်ဒေသများတွင် နေထိုင်သူများမှာ တောင်ယာစိုက်ပျိုးသီးနှံများစိုက်ပျိုးခြင်းများဖြင့် အသက်မွေးကြပြီး မြို့ပေါ်နေသူများမှာ ပွဲရုံလုပ်ငန်းအစရှိသည့်လုပ်ငန်းများလုပ်ကိုင်ပြီး စီးပွားရေးအဆင်ပြေကြသည်။

မလှိုင်မြို့နယ်တွင် ယခုဆိုလျှင် ကိုယ်ပိုင်အထက်တန်းကျောင်းများ၊ ပွဲရုံလုပ်ငန်းများရှိခြင်းကြောင့် တစ်မြို့နယ်မှတစ်မြို့နယ်ကို ကုန်စည်ကူးသန်းရောင်းဝယ်ရေးတွင်လည်း ပိုမိုအဆင်ပြေလာခဲ့သည်။ ယင်းသို့ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒေသခံပြည်သူများကလည်း စည်းစနစ်နဲ့အညီ နေထိုင်သင့်ပြီး မိမိတို့စွန့်ပစ်အမိုက်များကို အမိုက်ပုံးစသည်များနဲ့ စနစ်တစ်ကျထုပ်ပိုးစွန့်ပစ်သည့်အလေ့အထများ မွေးမြူသင့်ကြောင်း၊ ရေမြောင်းများအတွင်း စွန့်ပစ်ခြင်းကြောင့် ရေစီးရေလာကောင်းမွန်ခြင်းမရှိဘဲ ဒေသခံပြည်သူများအတွက် ကျန်းမာရေးထိခိုက်နိုင်ကြောင်း ဒေသခံပြည်သူများက ပြောသည်။

သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ရေမြောင်းများအတွင်းရှိ အမှိုက်စသည်များကို ရှင်းလင်းပေးစေလိုပြီး ကျန်းမာရေးနှင့်မညီညွတ်သောရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေအိုင် စသည်များစီးပွားရေးလုပ်ငန်းတစ်ခုခုတို့မှ စီးဆင်းသည့်ရေကြောင့် အများပြည်သူနှင့် သက်ဆိုင်သောလမ်းများ ပျက်စီးခြင်းမရှိစေရန်နှင့် လမ်းဘေးပလက်ဖောင်းများ ပျက်စီးနေခြင်းများကို ဒေသခံများက အမြန်ဆုံး ရှင်းလင်းပြုပြင်ဆောင်ရွက်ပေးရန် မျှော်လင့်နေကြောင်းသိရသည်။ **ကျော်ကျော်(မလှိုင်)**

## လမ်း၊ တံတားလုပ်ငန်းများနှင့်ပတ်သက်၍ အသိပေးရှင်းလင်း

**ပုလော အောက်တိုဘာ ၁၀**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပုလောမြို့နယ်အတွင်း လမ်း၊ တံတားလုပ်ငန်းများနှင့် ပတ်သက်၍ အသိပေးရှင်းလင်းပွဲကို အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီခွဲက ပုလောမြို့နယ် ကမ်းရိုးတန်းရတနာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ပုလောမြို့နယ် လမ်းဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးခင်မောင်စိုးက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပုလောမြို့နယ်အတွင်း လမ်း၊ တံတားလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးရန်ပုံငွေများဖြင့် လျာထားချက်၊ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခဲ့သည်။

ပုလောမြို့နယ် လမ်းဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေ ကျပ်သန်း ၁၉၈၀ ဖြင့် nox sulveñt ရှစ်စင်း၊ Guard Oail (၃×၂၅) မိုင်၊ ကျောက်စီမြေကာ နံရံလေးခု၊ မျက်ကွယ်ကွေ့ချဲ့ နှစ်ခု၊ ချဉ်းကပ်လမ်းမြေထိန်းနံရံနှင့် ကွန်ကရစ်ဘလောက်တုံးစီ၊ ၁၈ ပေအကျယ် လမ်း ၂၄ ပေချဲ့ ၁၃ မိုင်ကို ဆောင်ရွက်လျက်ရှိပြီး ရာခိုင်နှုန်း ၃၀ ပြီးစီးပြီဖြစ်သည်။

မိုင် (၁၀×၆) လမ်း ၁၈ ပေ အကျယ် ၂၄ ပေ ချဲ့၊ လမ်းသစ်ခင်း ပေ ၄၀၀၊ တောင်မြေဖြတ်ထုတ်၍ လမ်းချဲ့သုံးဖာလုံ၊ လမ်းဖြောင့် ကျောက်ချောလမ်းခင်း ငါးဖာလုံ၊ မြေသားတာပေါင်ဖို့ (၁×၁) မိုင်၊ ပေ ၅၀ အောက် တံတား ၁၁ စင်း၊ ပေ ၅၀ နှင့် ၁၀၀ ကြား တံတားတစ်စင်း၊ nox sulveñt ခုနစ်စင်း ပြုလုပ်နိုင်ရန် ငွေကျပ်သန်း ၂၁၄၉ ကို ခွင့်ပြုနိုင်ရန် လျာထားတင်ပြထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လူမှုကာကွယ်စောင့်ရှောက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၁၀**

လူမှုဝန်ထမ်းဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများစောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော လူမှုကာကွယ်စောင့်ရှောက်ရေးအလုပ်ရုံဆွေးနွေးပွဲကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ Hotel Mandalay ၌ အောက်တိုဘာ ၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။ အစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများစောင့်ရှောက်ရေးဌာနမှ ကိုယ်စားလှယ်မစ္စတာဂေါ့ဖ်ဖရက်ပေါက အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများက အုပ်စုဖွဲ့၍ အပြန်အလှန် ဆွေးနွေးခဲ့သည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# မကွေးမြို့နယ်အတွင်း ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတား၊ ရေပေးရေး လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး



**မကွေး အောက်တိုဘာ ၁၀**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် မကွေးခရိုင်အတွင်း တင်ဒါအောင်မြင်ဆောင်ရွက်ကြမည့် ကျေးလက်လုပ်ငန်းများဖြစ်သည့် ကျေးလက်လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာစွာ ရှင်းလင်းဆွေးနွေးညှိနှိုင်းပွဲကို အောက်တိုဘာ ၁၀ ရက် နံနက် ၁၀ နာရီက အဆိုပါခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မည့် ကျေးရွာအုပ်စု၊ ကျေးရွာအမည်၊ အတိုင်းအတာ၊ ခွင့်ပြုရန်ပုံငွေနှင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီစာရင်းများအား ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍တင်ဒါအောင်မြင်သော ကုမ္ပဏီများနှင့် ကျေးရွာအုပ်စု၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ အပြန်အလှန် ညှိနှိုင်းဆွေးနွေးကြရန်နှင့် လုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီနှင့်ပြည်သူများကြား လုပ်ငန်းပိုင်းနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိစေရေး၊ စံချိန်စံညွှန်းနှင့်အညီ လုပ်ငန်းပြီးစီးရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားရန် ပြောကြားခဲ့သည်။

လုပ်ငန်းဆောင်ရွက်မည့် ကိစ္စများနှင့်ပတ်သက်၍ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများအား တင်ဒါရရှိခဲ့သည့် မြန်မာလင်း(မ်) ကုမ္ပဏီနှင့် ကျေးလက်ရေပေးရေးလုပ်ငန်းများ၊ တင်ဒါရရှိသည့် လင်းမြတ်မင်းကုမ္ပဏီတို့မှ ကုမ္ပဏီတာဝန်ခံများက အသီးသီးရှင်းလင်းပြောကြားခဲ့ပြီး ဌာနဆိုင်ရာများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများမှ သိလိုသည့်မေးမြန်းမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လုပ်ငန်းဆောင်ရွက်မည့်ကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ၊ တင်ဒါရကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့သည်။

၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်အတွင်း မကွေးမြို့နယ်၌ဆောင်ရွက်မည့် ကျေးလက်လုပ်ငန်းများအဖြစ် လမ်း၊ တံတားလုပ်ငန်းမှာ လမ်းသုံးလမ်း၊ ကွန်ကရစ်တံတားလေးစင်း၊ ရေကျော်နှစ်စင်း၊ Box-Culvert တစ်စင်း၊ လုပ်ငန်းအတိုင်းအတာအတွက် ခန့်မှန်းကုန်ကျငွေ စုစုပေါင်းငွေကျပ် ၃၁၇ ဒသမ ၇၅၇ သန်းဖြစ်သည်။

ကျေးလက်ရေပေးရေးလုပ်ငန်းအဖြစ် ကျေးရွာခြောက်ရွာ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများအတွက် ခန့်မှန်းကုန်ကျငွေ စုစုပေါင်းငွေကျပ် ၁၃၇ ဒသမ ၄ သန်းဖြစ်ကာ လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းအတွက် စုစုပေါင်းခန့်မှန်းကုန်ကျငွေကျပ် ၄၅၅ ဒသမ ၁၅၇ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူခင်းကျဆင်းရေး တွေ့ဆုံဆွေးနွေး

**တပ်ကုန်း အောက်တိုဘာ ၁၀**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်း ဒေသခံပြည်သူများ၏ အကျိုးရှေးရှု၍ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူခင်းကျဆင်းရေး တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို အောက်တိုဘာ ၈ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အောင်ဆန်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဇော်ခင်အောင်က နေပြည်တော်ကောင်စီနယ်မြေတစ်ခွင် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူခင်းကျဆင်းရေးဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြခဲ့ပြီး တပ်ကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်လွင်ဦးက မြို့နယ်အတွင်း ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူခင်းကျဆင်းရေး ဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ နေပြည်တော် မူးယစ်တပ်ဖွဲ့စု ၁၀၁ စုမှ ဒုရဲမှူးအောင်မိုးက မူးယစ်ဆေးဝါးအမျိုးအစားများနှင့် ဆိုးကျိုးအန္တရာယ်များ၊ ပြစ်မှု၊ ပြစ်ဒဏ်များနှင့် ပတ်သက်၍ အသီးသီးရှင်းလင်းတင်ပြခဲ့သည်။

နေပြည်တော်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာလှလှကြည်က မူးယစ်ဆေးဝါးသုံးစွဲမှု လျော့နည်းစေရေးနှင့် မူခင်းကျဆင်းရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ နေပြည်တော် ပညာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကိုကိုက ကျောင်းတွင်းပညာရေးနှင့် မူးယစ်ဆေးဝါးကင်းစင်ရေးအကြောင်းနှင့်ပတ်သက်၍လည်းကောင်း၊ နေပြည်တော် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်တာက မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် အပြစ်ဒဏ်ကျခံပြီးသူများ၊ ဆေးဝါးဖြတ်တောက်သူများအား လူမှုဝန်ထမ်းဦးစီးဌာနမှ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်ပေးနေမှုအခြေအနေများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းနောင်နှင့် ဦးတင်ထွဋ်၊ ဥတ္တရခရိုင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေ၊ တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဇော်ခင်အောင်၊ နေပြည်တော်အဆင့်၊ ဥတ္တရခရိုင်အဆင့်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၅ ခုမှ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။

**တင်စိုးလွင်(ပြန်/ဆက်)**

## ၂၀၁၆ ခုနှစ် မဟာပဋ္ဌာန်းကျမ်းမြတ်ရွတ်ဖတ်ပူဇော်မှု အကောင်းဆုံးရွေးချယ်ပွဲ ဆုချီးမြှင့်

**မိတ္ထီလာ အောက်တိုဘာ ၁၀**

မိတ္ထီလာတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသည့် ၂၀၁၆ ခုနှစ် မဟာပဋ္ဌာန်းကျမ်းမြတ်ရွတ်ဖတ်ပူဇော်မှု အကောင်းဆုံးရွေးချယ်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို အောက်တိုဘာ ၉ ရက်က နဂါးရုံမဟာဗောဓိစေတီတော် ပညာဓိကတန်ဆောင်းအတွင်း ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းမဟာပဋ္ဌာန်းကျမ်းမြတ်ရွတ်ဖတ်ပူဇော်မှု အကောင်းဆုံးရွေးချယ်ပွဲတွင် ခရိုင်အတွင်းရှိ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်အသင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆုကို မိတ္ထီလာ၊ ဒုတိယဆုကို သာစည်၊ တတိယဆုကို ဝမ်းတွင်းနှင့် နှစ်သိမ့်ဆုကို မလှိုင်မြို့နယ် ၄ ခုမှ အမျိုးသမီးရေးရာအဖွဲ့ဝင်အသင်းများအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှဌေးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**ချမ်းသာ(မိတ္ထီလာ)**

## ကမ္ဘာ့စားနပ်ရိက္ခာနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မျိုးစေ့ထုတ် စံပြကွက်တွင် မိုးစပါးစိုက်တောင်သူပညာပေးကွင်းသရုပ်ပြသ

**ခင်ဦး အောက်တိုဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၌ အောက်တိုဘာ ၁၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ကံသစ်ကျေးရွာတောင်သူဒေါ်ခင်မာဌေး၏ ကွင်းအမှတ် (၂၄၁၃)၊ ဦးပိုင် (၆၀/၄) မိုးစပါး (G.A.Ps) မျိုးသန့်မျိုးစေ့ထုတ်စံပြကွက် ဧက ၅၀ စိုက်ကွင်းတွင် အောက်တိုဘာ ၇ ရက်က မိုးစပါးစိုက်တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးနိုင်က အမှာစကားပြောကြားခဲ့ပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဆွေက မိုးစပါးစိုက်ပျိုးပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးအောင်က မိုးစပါးစိုက်တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကျင်းပရခြင်းရည်ရွယ်ချက်များကိုလည်းကောင်း၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ရီရီသိန်းက မိုးစပါးစိုက်ခင်းများ ပိုးမွှားရောဂါကာကွယ်ရမည့် လုပ်ငန်းများကိုလည်းကောင်း၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်မေကြွယ်ဝင်းက မျိုးစေ့များ အရည်အသွေးထိန်းသိမ်းခြင်း နည်းပညာများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး စံပြကွက်တွင်စိုက်ပျိုးထားသော ရွှေဘိုပေါ်ဆန်း ၃၅ ဧက၊ ဧရာမင်း ဧက ၁၀ နှင့် ရွှေဆည်ရင် ငါးဧကတွင် လူဖြင့်ကြဲပက်စိုက်ပျိုးနည်းစနစ်၊ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနည်းစနစ်၊ သိပ္ပံနည်းကျဖြင့် စိုက်ပျိုးနည်းစနစ်နှင့် ပျိုးသက်နုစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးထားသော အောင်မြင်ဖြစ်ထွန်းနေမှုများ၊ သဘာဝပိုးသတ်ဆေး လက်တွေ့ပြုလုပ်သုံးစွဲနည်းများကို ကွင်းဆင်းပြသခဲ့ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

## ရေစီးရေလာကောင်းရေး စက်ယန္တရား၊ လူအင်အားများဖြင့် ဆယ်ယူရှင်းလင်း

**ရန်ကုန် အောက်တိုဘာ ၁၀**

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်အတွင်း အခြေခံပညာကျောင်းများဝန်းကျင်တွင် ရေဝပ်ရေလျှံမရှိစေရေးအတွက် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်း၏ ကြီးကြပ်မှုဖြင့် အောက်တိုဘာ ၈ ရက်က အမှတ် ၁ အခြေခံပညာအထက်တန်းကျောင်းအရှေ့၊ ဘူတာရုံလမ်းတစ်လျှောက် ပိတ်ဆို့အမှိုက်၊ နုန်း၊ သဲများအား စက်ယန္တရား၊ လူအင်အားဖြင့် ဆယ်ယူရှင်းလင်းနေကြောင်း သိရသည်။

"ကျောင်းရှေ့ရေနုတ်မြောင်းက အမှိုက်သရိုက်တွေ၊ နုန်း၊ သဲတွေနဲ့ ပိတ်ဆို့မှုဖြစ်ပေါ်နေတယ်။ ဒါကြောင့် လမ်းတံတားဌာနက စက်ယန္တရားအကူအညီယူပြီး လမ်းတံတားဌာန၊ သန့်ရှင်းရေးဌာနက လုပ်သားတွေနဲ့ ဆယ်ယူရှင်းလင်း ဆောင်ရွက်ပေးတာပါ" ဟု မြို့နယ်စည်ပင်သာယာလက်ထောက်အုပ်ချုပ်ရေးမှူး ဦးကျော်လင်းက ပြောသည်။

"နှစ်တိုင်း မိုးရာသီရောက်ပြီဆိုရင် ကားလမ်းတွေရေကျော်တဲ့ဖြစ်ရပ်က ရန်ကုန်မြို့ရဲ့ဝေလေ့လိုဖြစ်နေတယ်။ အခုတော့ ဒီဖြစ်ရပ်တွေ သိသိသာသာလျော့နည်းလာတယ်" ဟု ယင်းမြို့နယ်တွင် နေထိုင်သည့် ဒေသခံပြည်သူတစ်ဦးကပြောသည်။

မျက်မှောက်ကာလတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေဝပ်ရေလျှံမရှိစေရေး၊ ရေစီးရေလာကောင်းရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ စီစဉ်မှုဖြင့် အချို့သောမြို့နယ်များတွင် ကန်ထရိုက်စနစ်ပေးဆောင်ရွက်သကဲ့သို့ အချို့သောမြို့နယ်များတွင် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးများက ဦးဆောင်ပြီး ရှင်းလင်းခြင်းများပြုလုပ်ခဲ့ကြောင်း သိရသည်။

**မောင်သုည**

## စည်းကမ်းပျက်ယာဉ်များအား မော်တော်ယာဉ်ဥပဒေအရ ချလန်ဖြတ်အရေးယူဆောင်ရွက်လျက်ရှိ

**ထားဝယ် အောက်တိုဘာ ၁၀**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရ ထားဝယ်မြို့တွင် ပြည်သူများ ယာဉ်အန္တရာယ်လျော့နည်းကျဆင်းရေး၊ လမ်းအန္တရာယ်မဖြစ်မပွားစေရေး၊ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရေးအတွက် ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများ၊ နံပါတ်ပြားတပ်ဆင်ခြင်းမရှိဘဲ မော်တော်ဆိုင်ကယ်မောင်းနှင်သူများအား အမှတ်(၇၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ရဲမှူးအောင်ကြီးဦးစီး၍ ရဲအုပ်မောင်နိုင်၊ ဒုရဲအုပ်မျိုးသန့်၊ တိုင်းအကူတပ်ဖွဲ့ ခွဲများပူးပေါင်းပါဝင်၍ အောက်တိုဘာ ၉ ရက် နံနက် ၉ နာရီတွင် ထားဝယ်မြို့ အာဇာနည်လမ်း မီးပွိုင့်လမ်းဆုံတွင် စည်းကမ်းပျက်ယာဉ်များအား ဥပဒေအရ ချလန်ဖြတ်အရေးယူဆောင်ရွက်ခဲ့သည်။

ပြည်သူများအား ယာဉ်မတော်တဆမဖြစ်စေရေး၊ ဆိုင်ကယ်စီးနင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ သွားလာမောင်းနှင်တတ်စေရေး၊ ယာဉ်စည်းကမ်းလိုက်နာမှုမရှိဘဲ ယာဉ်အသုံးပြုသွားလာမောင်းနှင်နေသူများအား စည်းကမ်းတကျ ယာဉ်မောင်းနှင်တတ်စေရေးနှင့် စည်းကမ်းလိုက်နာမှုမရှိသော ယာဉ်အသုံးပြုသူများအား ပညာပေးဆောင်ရွက်လျက်ရှိသည်။

**ထားဝယ်ခရိုင်(ပြန်/ဆက်)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

## ရေနည်းငါးတစ်ကောင်၏ဘဝအားမာန်





မြေလတ်မောင်မြင့်သူ ရေးသားပြုစုသည့် "ရေနည်းငါးတစ်ကောင်၏ ဘဝအားမာန်" လူငယ်လူရွယ်ဆိုင်ရာအက်ဆေးများ အသိပညာပေးစာအုပ် ထွက်ရှိလာသည်။

လူငယ်လူရွယ်များ အတွက် သိမှုမင်္ဂလာများကို ရည်ရွယ်ထားသည့် လူငယ်လူရွယ်ဆိုင်ရာ ဆောင်းပါး ၁၉ ပုဒ်ကို စုစည်း ဖော်ပြ ထားသည်။ လူငယ်လူရွယ်နှင့် သိမှုမင်္ဂလာတွင် စာရိတ္တကောင်းကိုအခြေခံသော သီလ၊ သမာဓိ၊ ပညာအခြေခိုင်သည့် လူဖြစ်လာလျှင် အသိတရားများလည်း အလိုလို ထွန်းကားလာနိုင်ပုံ၊ အသိ တရားရှိသော လူသည် မင်္ဂလာရှိသော လူဖြစ်သည်ဟု ညွှန်းဆိုထားသည်။ လူငယ်လူရွယ်နှင့် နိဝါတမင်္ဂလာတွင်လောကဥ္စ နိဝါတတရားထွန်းကားပါက ဂါရဝတရားလည်း ပြန့်ပွားလာပုံ၊ ဂါရဝတရား ပြန့်ပွားပါက ကြီးငယ်အရွယ်မရွေး၊ ဆူကျုံနိမ့်မြင့်၊ အဆင့် အတန်းမရွေး မေတ္တာစေတနာတို့ဖြင့် ကူးလူးတုံ့ပြန်ကာ ဗြဟ္မဝိဟာရ တရားများ စည်ပင်ထွန်းကားလာမည်ကို စာရေးသူက တိုက်တွန်းထားသည်။ မကြောက်တရား သို့မဟုတ် မကြောက်စိတ်ကို ပွဲတွေ့ကဗျာဖြင့် မှတ်ချက်ပြုထားသည်။ မိုက်ရူးရဲခြင်းနှင့် သတ္တိရှိခြင်း ကွာခြားချက်ကိုလည်း အသိပေးထားသည်။ ပန်းတိုင်အတွက် မေ့လျော့ပေါ့ဆမှုမရှိအောင် သတိဆောင်ဖို့ကိုလည်း နှိုးဆော်ထားသည်။

**အဆိုပါစာအုပ်ကို လင်းလွန်းခင်စာပေ၊ တိုက်(ဒီ)၊ ပထမထပ်(လယ်)၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၂၀၁၇၃၀ က တန်ဖိုးကျပ် ၂၅၀၀ ဖြင့်ဖြန့်ချိထားသည်။**

## တောဓိရန်နှင့် လောကဓမ္မရသစာစုများ





ဆရာတော် အရှင်သမင်္ဂလ (စစ်ကိုင်း)၏ Daily Eleven သတင်းစာနှင့် Weekly Eleven ဂျာနယ်တို့တွင် ဖော်ပြခဲ့သော စာစုများကို စာအုပ်အဖြစ် ပြန်လည်စုစည်း ထုတ်ဝေ ထား ခြင်းဖြစ်သည်။

စာအုပ်မှာ ဆရာတော်၏ဇာတိ ဘဝ၊ ပဝတ္တိဘဝတို့၌ ထင်သောမြင်သမျှ၊ ကြားသမျှ၊ ခံစားရသမျှတို့ကို ဆင်ခြင်သိဖြင့်ရေးသားထားသောစာများဟု ဆိုရမည်ဖြစ်သည်။ ဆရာတော်ရေးသားသော စာများတွင် ဝိစကိစ္ဆာသက်ာ နှစ်ခွမရှိ၊ အတွေးကွဲမှု မရှိ၊ လှပသော အထုံးအဖွဲ့ စာပသာဒဂုဏ်ဖြင့် ရေးသားထားသည်။ ဗုဒ္ဓရာဇဝင်ကို တောဓိရန်နှင့်ကဲ့သို့ သင်းပြန့်အောင် ရေးဖွဲ့ထားသည်။ စာအုပ်အဖွင့် အစမှာပင် ဘုရားလောင်း သိဒ္ဓတ္ထမင်းသား၏ဇာတ်အိမ်ကို ဥဒါဟရုဏ်ဆောင်၍ဖွင့်ဟပြထား ပြီး နိပါတ်တော်ကို ဇာတ်လမ်းသဖွယ် ဖတ်ရှုနိုင်အောင် တင်ပြထားရာမငြီးငြူဖွယ်ဖြစ်သည်။ တောထွက်တောမူခြင်းကိုပင် သစ်ပင်ချစ်စိတ်ဖြင့် ညွှန်းဆိုထားရာ မြတ်စွာဘုရားဖြစ်တော်စဉ်၌ ဘုရားနှင့်သစ်ပင်တို့ အဆက်အစပ်ရှိခဲ့ လွန်းပုံတို့ကို တစ်စိတ်တစ်ဒေသဖော်ပြထားသည်။ မြတ်စွာဘုရားဖြစ် တော်မူစဉ်တွင် လည်း သစ်ပင်ကြီးအောက်၊ မြတ်စွာဘုရား ခန္ဓာဝန်ကို အပြီးအပိုင်ပစ်ချ၍ အနုပါဒိသေသနိဗ္ဗာန်ဝင်စံခဲ့ရာ အရပ်မှာလည်း အလွန်လှပသော သစ်ပင်များကြီးစိုးရာ တောအုပ်ကြီးအတွင်းပင်ဖြစ်ရာ မြတ်စွာဘုရား ဖြစ်တော်စဉ် အစ၊ အလယ်၊ အဆုံး သုံးပါးစလုံး၌ သစ်ပင်ကြီးများ၏ အရေးပါပုံတို့ကို သစ်ပင်ဟူသော ခေါင်းစဉ်ဖွဲ့ကာ ရေးသားအားထုတ်နိုင်မှုမှာ ဆရာတော်၏စာအလင်္ကာဖွဲ့ဆိုနိုင်မှုကို ထင်ဟပ်စေသည်။ ထိုမျှသာမက ဖြစ်တော်စဉ်များကို ရာသီကာလနှင့် ထင်ရှားသည့်အထင်ကရများနှင့်ပါ ထင်ဟပ်ထားသဖြင့် မြတ်စွာဘုရားဖြစ်တော်စဉ်များကို ဇာတ်တော်နိပါတ်တော်တို့ကဲ့သို့ ကျမ်းကြီးကျမ်းခိုင် မဖတ်နိုင်သူများအတွက် ပေါ့ပေါ့ပါးပါး လွယ်လင့်တကူဖတ်ရှုနိုင်မည့် စာအုပ်တစ်အုပ်ဟုဆိုချင်ပါသည်။

**အဆိုပါ စာအုပ်ကို လင်းလွန်းခင်စာပေ၊ တိုက်(ဒီ)၊ ပထမထပ်(လယ်)၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၂၂၀ ၁၇၃၀ က တန်ဖိုးကျပ် ၃၀၀၀ ဖြင့်ဖြန့်ချိထားသည်။**

## ပင်လုံဦးဖေခင်နှင့် ၂၀ ရာစုပင်လုံညီလာခံ




၂၀ ရာစုပင်လုံသမိုင်းတွင် ကိုယ်တိုင်ကိုယ် ကျပါဝင်ဆောင်ရွက်ခဲ့သည့် ဦးဖေခင်၏ တူအရင်းဖြစ်သူ ဒေါက်တာညွန့်ရွှေ(တောင်ကြီး)ရေးသားပြုစုထား သော"ပင်လုံဦးဖေခင်နှင့် ၂၀ ရာစုပင်လုံ"စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်သည် ၂၀ ရာစုပင်လုံညီလာခံတွင် ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်ခဲ့သူ မြန်မာ တိုင်းရင်းသားမျိုးချစ်တစ်ဦးဖြစ်သည့် သံအမတ်ကြီး အငြိမ်းစားဦးဖေခင်၏ ကောက်ကြောင်း ရာဇဝင်နှင့် မြန်မာ့နိုင်ငံရေးသမိုင်းတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့သည့် အကြောင်းအရာများကို အသေးစိတ် ပြန်လည်တင်ပြထားသည့် စာအုပ်တစ်အုပ်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင် သည့် မြန်မာ့လွတ်လပ်ရေးဗိသုကာ ခေါင်းဆောင်ကြီးများ ပါဝင်ကြိုးပမ်းဆောင်ရွက်မှုများကြောင့် သမိုင်းဝင်ပင်လုံစာချုပ် ကို လက်မှတ် ရေးထိုးနိုင်ခဲ့ပြီး မြန်မာနိုင်ငံလွတ်လပ်ရေးကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ရယူပေးနိုင်ခဲ့ ခြင်း၏ နောက်ခံသမိုင်းကြောင်းများပါဝင်သည်။ မျက်မှောက်ကာလ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံကျင်းပနေချိန်တွင် သမိုင်းကြောင်းအစဉ် အလာကောင်းသော (၂၀) ရာစုပင်လုံညီလာခံမှ တိုင်းရင်းသားစည်းလုံးညီညွတ်မှုအား အခိုင်အမာတည်ဆောက်နိုင်ပုံတို့အား ပြတ်ပြတ်ထင်ထင် တင်ပြထားသည်။ ၂၀ ရာစုပင်လုံ ညီလာခံကိုအခြေတည်သည့် ၂၁ ရာစုပင်လုံညီလာခံ အောင်မြင်ရေးအတွက် တစ်ထောင့် တစ်နေရာက အားဖြည့်ပေးထားသော စာအုပ် တစ်အုပ်ဖြစ်သည်။

**အဆိုပါစာအုပ်ကို နေရီရီစာအုပ်တိုက်၊ အမှတ် ၂(က)၊ အောင်ရတနာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့က ထုတ်ဝေဖြန့်ချိထားပြီး တန်ဖိုးမှာ ကျပ် ၂၇၀၀ ဖြစ်သည်။**

## ရှေးဟောင်းပျူတို့၏မြေ သရေခေတ္တရာ





ကြည်စိုးသောင်း ရေးသားပြုစုသည့် "ရှေးဟောင်းပျူတို့၏မြေ သရေခေတ္တရာ Sri Ksetra, the Land of Ancient Pyu" ခေါင်းစဉ်အမည်ပေးထားသော သမိုင်း၊ သမိုင်းဒဿန၊ သမိုင်းဗေဒနှင့် သရေခေတ္တရာဆိုင်ရာ ခြေတံရှည်အတွေးစာစုများ စာအုပ်ထွက်ရှိလာသည်။

ထိုစာအုပ်မှာ မြန်မာတို့၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် စာရင်းဝင်တစ်ခုဖြစ်သည့် သရေခေတ္တရာမြို့ဟောင်းနှင့်စပ်ဆိုင်သမျှ အတွေး၊ အမြင် အကြောင်း အရာများကို ကျမ်းတစ်ဆူ၊ ပေတစ်ဖွဲ့ သမိုင်းမှတ်စာအုပ် အနေဖြင့်မဟုတ်ဘဲ ဝတ္ထုစကားပြေသဘောဟန်ဖြင့် တင်ပြထားသည်။ စာအုပ်၏အပိုင်း(၁)တွင် သရေခေတ္တရာမြို့တော်ဟောင်းနှင့်တကွ ရှေးဟောင်းပျူလူမျိုးတို့နှင့်ဆက်စပ်ပြီး တွေးတောစဉ်းစားဖွယ်ရာတို့ကို ပေါ့ပေါ့ ပါးပါးတင်ပြထားသည်။ အပိုင်း(၂)တွင် သမိုင်းဒဿနနှင့်အလှမ်းဝေးနေသော မြန်မာလူငယ်များအား သမိုင်းဒဿနပညာရပ်နှင့်ပတ်သက်သော စာရေးသူ၏ ကိုယ်ပိုင်အမြင်များကို တင်ပြထားသည့် စာစုများပါဝင်သည်။ ယခုစာအုပ်သည် သရေခေတ္တရာနှင့်ပျူလူမျိုးတို့၏ အကြောင်းအရာများ၊ အတွေးအမြင်များ၊ ဒဿနနှင့် အသိဉာဏ်ပညာများကို လက်လှမ်းမီသရွေ့စုစည်းတင်ပြထားသော စာအုပ်တစ်အုပ်ဖြစ်သည်။

**အဆိုပါစာအုပ်ကို Must Publishing House အမှတ် ၃၂ (A)၊ ဒုတိယထပ်၊ ရှမ်းကုန်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၄၃၄၂၄ က တန်ဖိုးကျပ် ၆၀၀၀ ဖြင့်ဖြန့်ချိထားသည်။**

## ခေါင်းဆောင် ၁၀၀




ကမ္ဘာ့နိုင်ငံများမှ ခေါင်းဆောင် ၁၀၀ အကြောင်းကို မိုးသိမ်းက ဘာသာပြန်ဆို စုစည်းဖော်ပြလိုက်သည့် "ခေါင်းဆောင် ၁၀၀ သမိုင်းမှတ်တမ်း အထုပ္ပတ္တိစာအုပ် ထွက်ရှိ လာသည်။

ထိုစာအုပ်တွင် သမိုင်းမှတ်တမ်းအတွင်းမှ အရေးကြီးပုဂ္ဂိုလ် ၁၀၀ တို့၏ ဘဝဖြစ်စဉ်ကို သမိုင်းဆိုင်ရာအချက်အလက် အနည်းငယ်မျှကိုသာတို့ထိပြီး အဆိုပါပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ဘဝမှတ်တမ်းများကို ဖြစ်စဉ်ပြရေးသားနည်းဖြင့် တင်ပြထားသည်။ ထင်မြင်ယူဆချက်မပါသည့် အတ္ထုပ္ပတ္တိသမိုင်းစာအုပ်တစ်အုပ်ဖြစ်သည်။ မျက်မှောက်ကာလ နိုင်ငံရေးကိုလေ့လာ သုံးသပ်ကြရာတွင် ရှေးအစဉ်အဆက်သမိုင်း ကြောင်းအစဉ်အလာရှိသည့် ခေါင်းဆောင်တို့၏အချက် အလက်များမှာ မှတ်သား နည်းယူဖွယ်ရာ များသာဖြစ်သည်။ ထိုမှတ်သားစရာများကို ယခုစာအုပ်တွင် ဒီမိုသီး နပ်စ်၊ အလက်ဇန်းဒါး သဂရိတ်၊ ပွန်မ်ပေသဂရိတ်၊ ဂျူးလီးယက် ဆီဇာ၊ အီဂျစ်ဘုရင်မ ကလီယိုပါထရာ၊ သြဂတ် စတပ်ဆီဇာ၊ ဟာဒရီယာနပ်စ်၊ မာကပ်စ်အော် ရီလီယပ်စ်၊ ဇီနိုဘီယား၊ ကွန်စတန်တင်သဂရိတ်မှ ပထမမြောက် အင်္ဂလန်ဘုရင်မမေရီ၊ ဒုတိယ မြောက်ဖိလစ်၊ ပထမမြောက် အဲလစ္စဘက်၊ အိုလီဗာကရွမ်းဝဲလ်၊ ပထမမြောက်ပီတာ၊ ဘင်ဂျမင်ဖရန်ကလင်၊ ဂျော့ဝါရှင်တန်၊ သောမတ်ဂျက်ဖာဆင်၊ နပိုလီယံဘိုနာပက်တို့ အပြင် နောက်ဆုံးဘုရင်ဟူစိန်၊ ဒက်စမွန်တူးတူး၊ ဟဲလ်မွတ်ခိုးလ် တို့အထိပါဝင်သည်။

**အဆိုပါစာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်(၂၃၇)၊ ပထမထပ်(ဝဲ)၊ (၃၉)လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၉၂၈၃၅ က တန်ဖိုး ကျပ် ၂၅၀၀ ဖြင့်ဖြန့်ချိထားသည်။**

## သဘာဝစားစရာများနှင့်မုန်လာဥနီ၏အစွမ်း




ဟန်း(ဘူမိ)ရေးသားပြုစုထားသည့် "ကင်ဆာရောဂါများအတွက် အစွမ်းထက်သော သဘာဝစားစရာများနှင့် မုန်လာဥနီ၏အစွမ်း" စာအုပ်ထွက်ရှိ လာသည်။

မျက်မှောက်ကာလ အဖြစ်များနေသော ကင်ဆာရောဂါများနှင့်ပတ်သက်သည့် သိသင့်သိထိုက်သည်များနှင့် သဘာဝစားစရာများဖြင့် ကာကွယ်ကုသ နိုင်ပုံတို့ကို စုစည်းဖော်ပြထားသည်။ ထိုစာအုပ်တွင် ကင်ဆာရောဂါဆိုသည်မှာ အဘယ်နည်း။ ဆဲလ်ကွဲထွက်ခြင်းပြဿနာများ၊ ကင်ဆာကြိတ်၊ အာဟာရချို့ယွင်းခြင်း၊ သင့်ကိုယ်တွင်းခုခံအားစနစ်အား ကူညီပေးခြင်း၊ ကင်ဆာအားကုသပေးခြင်း၊ ကင်ဆာရောဂါကိုကာကွယ်ခြင်း၊ ဆရာဝန်များ၏သဘောထားအမြင်၊ ထိရောက်သော အန်တီအောက်စီးဒန့်ဖြည့်စွက်စာများ၊ လိုအပ်သောဗီတာမင်များနှင့်သတ္တုဓာတ်များ၊ အပင်ထွက် မဟာအားဖြည့်စာများကိုဖော်ပြထားပြီး ကင်ဆာ ရောဂါအတွက် ပေါင်းကူးဖြည့်စွက်ကုထုံးနည်းနှင့်သိပ္ပံနည်းကျ အထောက်အထားများ၊ အေအိုင်ဒီအက်စ်နှင့်ကင်ဆာ၊ ကင်ဆာရောဂါအတွက် အစွမ်းထက်လှသည့် မုန်လာဥနီအကြောင်းကို အသုံးဝင်ပုံ၊ စားသုံးပုံတို့ပါမကျန်ဖော်ပြထားပြီး ကင်ဆာရောဂါအတွက် အသုံးပြုနိုင်သည့် ဟင်းသီးဟင်းရွက် ဖျော်ရည်များပါမကျန် ပြည့်ပြည့်စုံစုံ စုစည်းတင်ပြထားသည်။

**အဆိုပါစာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်(၂၃၇)၊ ပထမထပ်(ဝဲ)၊ (၃၉)လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၉၂၈၃၅ က တန်ဖိုး ကျပ် ၁၀၀၀ ဖြင့်ဖြန့်ချိထားသည်။**

## စစ်ကိုင်းဓာတ်ပုံအသင်း လပတ်တံခွန်စိုက်နှင့် နှစ်ပတ်လည်တံခွန်စိုက် ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်




**စစ်ကိုင်း အောက်တိုဘာ ၁၀**

စစ်ကိုင်းဓာတ်ပုံအသင်း ၂၀၁၅-၂၀၁၆ ပထမအကြိမ် လပတ်တံခွန်စိုက်နှင့် နှစ်ပတ်လည်တံခွန်စိုက် ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက် အောင်ထူးခန်းမ၌ အောက်တိုဘာ ၈ ရက် ညနေ ၅ နာရီခွဲက ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ ဓာတ်ပုံပညာရှင်များ၊ သတင်းမီဒီယာသမားများ၊ လပတ်ပြိုင်ပွဲ၊ တစ်နှစ်စာပြိုင်ပွဲ ဂုဏ်ပြုဆုရရှိခဲ့သည့် ဓာတ်ပုံပညာရှင် ၁၁ ဦးနှင့် အခြားဖိတ်ကြားထားသည့်ဧည့်သည်များ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးသန်းထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပေးခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုမြတ်ထက်က အမှာစကားချီးမြှင့်ပေးခဲ့သည်။

ဆက်လက်၍ စစ်ကိုင်းဓာတ်ပုံအသင်းဥက္ကဋ္ဌက ဆုပေးပွဲအခမ်းအနားဖြစ်မြောက်ရန်အတွက် ကျပ်ငါးသောင်းနှင့်အထက် ပံ့ပိုးကူညီသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပေးခဲ့ပြီး ဆုရရှိသူများကို လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုမြတ်ထက်၊ ခရိုင်ပြန်ဆက်ဦးစီးမှူး ဓာတ်ပုံအသင်းအတွင်းရေးမှူး ဦးအောင်ကျော်တင်နှင့် တော်ဝင်ဓာတ်ပုံတိုက်မှ ဦးမောင်မောင်ကြီးတို့ကဆုများ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**နိုင်ဇေယျ**

# စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးခြင်းနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဟောပြောပွဲ ကျင်းပ

**သရက် အောက်တိုဘာ ၁၀**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် အင်းလယ်ကျေးရွာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စားသုံးသူရေးရာဦးစီးဌာန၊ ဘော်နယ်မြေရဲစခန်းတို့ပူးပေါင်း၍ ကျေးရွာနေပြည်သူများ အသိပညာဗဟုသုတ တိုးပွားရန်ရည်ရွယ်၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးခြင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေးခြင်း အခမ်းအနားကို အောက်တိုဘာ ၈ ရက်က ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ဘော်နယ်မြေရဲစခန်းမှူး ရဲအုပ်မောင်မောင်တိုးက မှုခင်းကျဆင်းရေးနှင့် ပက်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းစိန်က အစားအစာများတွင် ဘေးဥပါဒ်အန္တရာယ်ရှိနိုင်သဖြင့် သတိပြုဝယ်ယူစားသုံးကြရန်နှင့် အသင့်ထုပ်ပိုးပြီး အစားအစာများတွင်ပါဝင်သော ပစ္စည်းများမှာ တာရှည်ခံဆေး၊ မှိုမတက်ရန် ဓာတုဆေး၊ အရောင်ဆိုးဆေးနှင့် အခြားသောကုန်ကြမ်းပစ္စည်းများပါဝင်ပြီး ထုတ်လုပ်သည့်ရက်စွဲ မပါဝင်ခြင်း၊ ပါရှိသော်လည်း စိတ်ချရမှုမရှိခြင်း စသည့် ရှောင်ရန်၊ ဆောင်ရန်များကို ပြောကြားပေးခဲ့သည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ဆွေက လူကုန်ကူးမှုပေါ်ပေါက်လာရခြင်းအကြောင်းနှင့် တားဆီးကာကွယ်ရေးဆောင်ရွက်ချက်များ၊ လူကုန်ကူးမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးအကြောင်း၊ ကျေးရွာနေပြည်သူများ စာပေဖတ်ရှုခြင်းအကျိုးများကိုလည်းကောင်း၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေးနှင့် ပိုးသတ်ဆေးဥပဒေဆိုင်ရာများကို စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်နိုင်ဦးကလည်းကောင်း၊ တစ်နိုင်တစ်ပိုင်မွေးမြူရေးအကြောင်းများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှမြို့နယ်ဦးစီးမှူး ဒေါက်တာသန်းဌေးတို့က ပြောကြားခဲ့သည်။ **ဇော်ထက်(သရက်)**

## ခရမ်းမြို့တွင် မော်တော်ဆိုင်ကယ်မောင်း(က)လိုင်စင်များ ကွင်းဆင်းထုတ်ပေး

**ခရမ်း အောက်တိုဘာ ၁၀**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင်ရုံးမှ မော်တော်ဆိုင်ကယ်မောင်း(က) လိုင်စင် ကွင်းဆင်းထုတ်ပေးရေးကို အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီက ခရမ်းမြို့ မီးသတ်ဦးစီးဌာနဝင်းအတွင်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ရာသို့ ခရမ်းမြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်လတ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမျိုးခိုင်တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ရန်ကုန်တောင်ပိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ရှေနှင့် စစ်ဆေးရေးမှူး ဦးဝေလင်းထက်၊ ခရမ်းမြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့စု (၅၆) မှ ဒုရဲမှူး ကျော်ဆန်းဦးတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ၊ ဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များ၊ လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်း၊ စည်းကမ်းများ၊ ရှောင်ရန်ဆောင်ရန်များကို ပညာပေးဟောပြောခဲ့ပြီး မော်တော်ဆိုင်ကယ်မောင်း(က) လိုင်စင်လျှောက်ထားသူ ၁၉၀၀ ဦးတို့အား မော်တော်ဆိုင်ကယ်မောင်း(က) လိုင်စင်များအား နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**

# ဒီမော့ဆိုးမြို့နယ်၊ ပန်ပက်ကျေးရွာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်

**လွိုင်ကော် အောက်တိုဘာ ၁၀**

ဒီမော့ဆိုးမြို့နယ် ပန်ပက်ကျေးရွာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များအားဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ကယားပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီက ရွှမ်းကူကျေးရွာခန်းမဆောင်၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။



ပြည်နယ်ဝန်ကြီးချုပ်က ဒီမော့ဆိုးမြို့နယ် ပန်ပက်ကျေးရွာအုပ်စုရှိ ကျေးရွာများအတွက် လိုအပ်သော ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ပန်ပက်ကျေးရွာကို ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်၊ ဒေသခံတိုင်းရင်းသားပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားများက ပန်ပက်ကျေးရွာအတွင်းလိုအပ်လျက်ရှိသော လမ်းမကြီးကောင်းမွန်မှုရှိရေးနှင့် လျှပ်စစ်မီးရရှိရေး၊ ကျေးရွာတွင်း ရေရရှိရေးနှင့် ကျေးရွာအားကစားကွင်းရရှိစေရေး၊ ထိုင်းနိုင်ငံ နယ်စပ်ရောက် ကြေးကွင်းစွပ်ကယန်း တိုင်းရင်းသူများ ပြန်လာနိုင်ရေး၊ နိုင်ငံခြားသားခရီးသွားဧည့်သည်များကို စနစ်တကျကြပ်မတ်ရေး၊ ဘုန်းတော်ကြီးသင် ပရဟိတစာသင်ကျောင်း ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ရေးနှင့် ယခုဖွင့်လှစ်သည့် ရွှမ်းကူကျေးရွာ ဘုန်းတော်ကြီးသင်မူလတန်းကျောင်းကို မူလတန်းလွန်ကျောင်းအဖြစ် တိုးချဲ့ပေးနိုင်ရေး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် လက်မှုပညာရပ်များ ဆောင်ရွက်ပေးနိုင်ရေး စသည့်အချက်များအားတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဝန်ကြီးများ၊ ဌာနဆိုင်ရာတို့နှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မူလတန်းကျောင်းအဆင့်မှ မူလတန်းလွန်ကျောင်းအဆင့်သို့ တိုးမြှင့်မည့်ကျောင်းနေရာအားလည်းကောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲရှိ ကျန်းမာရေးဆေးခန်း ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ကျေးရွာသောက်သုံးရေရရှိရေးအတွက် စီမံစမ်းရေသွယ်ယူမည့်နေရာသို့လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။ **ပြည်နယ်(ပြန်/ဆက်)**

## နောင်ကုလားရှမ်းရွာ ကျေးရွာအား မူးယစ်ကင်းစင်ကျေးရွာအဖြစ်သတ်မှတ်

**သထုံ အောက်တိုဘာ ၁၀**

မွန်ပြည်နယ် သထုံမြို့နယ် နောင်ကုလားရှမ်းရွာကျေးရွာအား မူးယစ်ဆေးဝါးကင်းစင်သော ကျေးရွာအဖြစ် အောက်တိုဘာ ၈ ရက် နံနက်က မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆိုင်းဘုတ်စိုက်ထူကာ သတ်မှတ်ပေးခဲ့ကြောင်း သိရသည်။

"မူးယစ်ဆေးဝါးနဲ့ပတ်သတ်ရင် မြို့ပေါ်ကျေးရွာတွေပါမကျန် သုံးစွဲခြင်း၊ ရောင်းချခြင်းမရှိစေဖို့ ပညာပေးလုပ်ငန်းတွေမျိုးစုံ ဆောင်ရွက်နေပါတယ်။ ဒီရွာက မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီးတော့ အစဉ်အလာကောင်းခဲ့တဲ့ ကျေးရွာဖြစ်လို့ ရွေးချယ်ပေးရတာပါ။ မွန်ပြည်နယ်တစ်ပြည်နယ်လုံးကို မူးယစ်ဆေးဝါးကင်းစင်တဲ့ နယ်မြေဖြစ်လာဖို့ ဆက်ပြီးကြိုးပမ်းသွားမှာပါ" ဟု မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဝင်းက ပြောသည်။

မူးယစ်ဆေးနှင့်ပတ်သက်သည့် ဆိုးကျိုးများကို ပြည်သူအများ သိရှိစေရန် ပညာပေးယာဉ်များဖြင့် ဟောပြောခြင်းများအပြင် မူးယစ်ဆေးဖြတ်လိုသူများအား အရေးယူခြင်းမရှိဘဲ ကုသနိုင်ရန် ကူညီပေးခြင်းနှင့်အတူ ကင်းစင်ပပျောက်စေရန် ဖမ်းဆီးမှုအခြေနေကိုလည်း အရှိန်တိုးမြှင့်ဆောင်ရွက်နေကြောင်း ၎င်းကဆက်လက်ပြောသည်။

မွန်ပြည်နယ်တစ်ခုလုံးတွင် ယခု ၂၀၁၆ ခုနှစ် ဇန်နဝါရီမှ စက်တင်ဘာအထိ ကိုးလတာကာလအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၂၁၀ မှ ဖမ်းဆီးရမိခဲ့ပြီး ဆေးပြားပေါင်း ၈၁၂၇၇ ပြား၊ ဆေးခြောက် ၂ ဒသမ ၆၁၄ ကီလို၊ ၁၅၂ ဒသမ ၂ ဂရမ်၊ ဘိန်းစာရွက် ၇၈၀ ဂရမ် တို့အား သိမ်းဆည်းရမိကာ တရားခံ ၃၀၃ ဦးအား ထိန်းသိမ်းနိုင်ခဲ့ကြောင်း ယခုနှစ် အောက်တိုဘာလအထိ မူးယစ်ဆေးဝါးကင်းစင်သော ကျေးရွာပေါင်း ၁၀ ရွာ သတ်မှတ်ထားပြီးဖြစ်၍ သထုံခရိုင်အတွင်းရှိ မြို့နယ်လေးခုမှ ကျေးရွာလေးရွာအား မူးယစ်ဆေးဝါးကင်းစင်သော ကျေးရွာများအဖြစ် တစ်ပြိုင်တည်း သတ်မှတ်ခဲ့သည်။

**သက်ဦး(သထုံ)**



## ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်၌ သတင်းစာဆရာအသင်း လစဉ်ပုံမှန်စည်းဝေးပြုလုပ်

**ဒလ အောက်တိုဘာ ၁၀**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် သတင်းစာဆရာအသင်း လစဉ်ပုံမှန်အစည်းအဝေးကို အောက်တိုဘာ ၈ ရက် ည ၇ နာရီက မြို့မ(၄) ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ သာသနာ့ဟိတေသီဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် အောက်တိုဘာ ၅ ရက်က ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံသတင်းစာဆရာအသင်းရုံးခန်း၌ ပြုလုပ်ခဲ့သော မြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌများနှင့် တွေ့ဆုံပွဲ၌ ပြောကြားခဲ့သည့် သတင်းထောက်ကတ်ပြားများအား ယခုလအတွင်းထုတ်ပေးရေး၊ သတင်းစာဆရာများအားလုံး အသက်အာမခံထားရှိစေရေးနှင့် သတင်းသမားများ ဘဝလုံခြုံမှုရှိစေရေးအတွက် ဗဟိုမှ စီစဉ်ဆောင်ရွက်မှုများ၊ သတင်းစာအသီးသီးမှ အယ်ဒီတာ၊ စာတည်းမှူး၊ သတင်းထောက်များအားလုံး၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်းတွင် အသင်းဝင်များအဖြစ် လျှောက်ထားပါဝင်ရန်စသည့် အကြောင်းအရာများအား ဒလမြို့နယ် သတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဦးထွန်းလှက အသင်းဝင်များအား ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ဒလမြို့နယ်သတင်းစာဆရာအသင်းအနေဖြင့် အံ့ကြီးအနောက်ရပ်ကွက်ရှိ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ စက်တင်ဘာ ၁၀ ရက်က ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မအူပင်မြို့နယ်၊ ပန်းတနော်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ သွားရောက်လှူဒါန်းခြင်းအား မှတ်တမ်းတင်ခြင်း၊ အသင်းဝင်များက သွားရောက်လှူဒါန်းမှုတွင် ပါဝင်သောအဖွဲ့အတွက် ပံ့ပိုးလှူဒါန်းသည့် အလှူငွေအတွက် မှတ်တမ်းတင်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**

# (၈၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာစာကြည့်တိုက်များနှင့်စာကြည့်တိုက်အသင်းအဖွဲ့များအသင်းကြီး၏ ကမ္ဘာ့စာကြည့်တိုက်များနှင့် သတင်းအချက်အလက်များညီလာခံ

ဒေါ်မြဦး

(၈၂)ကြိမ်မြောက်၊ အပြည်ပြည်ဆိုင်ရာစာကြည့်တိုက်များနှင့် စာကြည့်တိုက်အသင်းအဖွဲ့များ အသင်းကြီး၏ ကမ္ဘာ့စာကြည့်တိုက်များနှင့် သတင်းအချက်အလက်များညီလာခံ 82nd International Federation of Libraries and Associations World Libraries and Information Congress (IFLA WLIC) ကို အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် ကိုလံဘတ်မြို့ရှိ Greater Columbus Convention Center တွင် အမေရိကန်နိုင်ငံ စာကြည့်တိုက်အသင်း (American Library Association)၊ အမေရိကန်နိုင်ငံ ကမ္ဘာ့စာကြည့်တိုက်များနှင့် သတင်းအချက်အလက်များ ညီလာခံကျင်းပရေး အမျိုးသားကော်မရှင် (IFLA WLIC 2016 National Committee) ကကြီးမှူး၍ ၂၀၁၆ ခုနှစ် ဩဂုတ်လ (၁၃) ရက်နေ့မှ (၁၉) ရက်နေ့အထိ ကျင်းပခဲ့ပါသည်။

ကိုလံဘတ်စ်မြို့သည် အမေရိကန်နိုင်ငံတွင်စာကြည့်တိုက်မြို့ဟု တင်စားခေါ်လောက်သည်အထိ စာကြည့်တိုက်များစွာတည်ရှိသော မြို့တစ်မြို့ဖြစ်ပြီး ကမ္ဘာပေါ်တွင် သုတေသနနှင့်သိပ္ပံဆိုင်ရာ အထောက်အထားအချက်အလက်များကို အဓိကပံ့ပိုးပေးသော Chemical Abstracts နှင့် Battelle Memorial Institute တို့တည်ရှိနေပါသည်။ ထို့အပြင် ကမ္ဘာ့သတင်းအချက်အလက်များ စုစည်းဖြန့်ဖြူးသည့် OCLC ၏ ဌာနချုပ်တစ်ခုသည်လည်း အိုဟိုင်းယိုးပြည်နယ် တက္ကသိုလ် စာကြည့်တိုက်များနှင့် ပူးပေါင်းဆောင်ရွက်ကာ ကိုလံဘတ်စ်မြို့ရှိThompson Library တွင် အခြေချလျက်ရှိပါသည်။

ကမ္ဘာ့စာကြည့်တိုက်များညီလာခံကို Connections Collaboration. Community. ဆက်သွယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ လူမှုအဖွဲ့အစည်းဟူသောခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပါသည်။ 'ဆက်သွယ်ခြင်း'ဟူသော စကားလုံးသည် လူပုဂ္ဂိုလ်အချင်းချင်း၊အရာဝတ္ထုအချင်းချင်း၊ အတွေးအခေါ်အချင်းချင်းအကြား ပေါင်းစည်းချိတ်ဆက်ထားသောဆက်နွယ်မှုဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။ 'ပူးပေါင်းဆောင်ရွက်မှု'ဟူသော စကားလုံးမှာ တစ်စုံတစ်ရာကို ဖန်တီးရန်၊ ထုတ်လုပ်ရန်အတွက် အခြားသူများနှင့်အတူပြုလုပ်ဆောင်ရွက်ခြင်းဟု ဆိုပါသည်။ 'လူမှုအဖွဲ့အစည်း'ဟူသော စကားလုံးကို တူညီသောသဘောထား၊ အကျိုးစီးပွားနှင့် ရည်မှန်းချက်ပန်းတိုင်များကို မျှဝေခံစားခြင်းဖြင့် ပေါက်ဖွားလာသည့် အဖွဲ့အစည်းစိတ်ဓာတ်ဟု အဓိပ္ပာယ်ဖော်ဆောင်နိုင်ပါသည်။ စာကြည့်တိုက်မှူးများသည် ကမ္ဘာပေါ်ရှိအချက်အလက်အထောက်အထားများကို ရှာဖွေစုစည်းဖြန့်ဝေပေးသူများဖြစ်ကြပါသည်။ စာကြည့်တိုက်များသည်မိမိတို့၏ လူမှုအဖွဲ့အစည်းအတွက် အကောင်းဆုံးအရာများကို ဆောင်ကြဉ်းပေးနိုင်ရန်၊ လူထုအခြေပြုစာကြည့်တိုက်စနစ် ကျယ်ပြန့်လာစေရန်နှင့် စာကြည့်တိုက်၏ အရင်းအမြစ်များ ပိုမိုတိုးပွားလာစေရန်အတွက် အခြားသောအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ကမ္ဘာ့စာကြည့်တိုက်များ ညီလာခံသို့ နိုင်ငံပေါင်း (၁၃၇) နိုင်ငံမှ စာကြည့်တိုက်ပညာရှင်များနှင့် စာကြည့်တိုက်နှင့် ဆက်နွယ်သောပညာရှင်များ စုစုပေါင်း (၃၁၀၀) ဦးခန့် တက်ရောက်ခဲ့ကြပါသည်။ ညီလာခံတွင် အမေရိကန်နိုင်ငံတစ်ဝန်းမှသာမက အခြားနိုင်ငံများမှ စာကြည့်တိုက်အသီးသီးမှ စာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်သင်တန်းသားများ၊ ကျောင်းသားကျောင်းသူများ၊ အငြိမ်းစား စာကြည့်တိုက်မှူးများနှင့် စာကြည့်တိုက်ဝန်ထမ်းများအပါအဝင် လုပ်အားပေးဆောင်ရွက်သူ စုစုပေါင်း ၃၅၀ ဦးခန့်ရှိပြီး မှတ်ပုံတင်ခြင်း၊ ညီလာခံပစ္စည်းများထုတ်ပေးခြင်း၊ ဆွေးနွေးပွဲကျင်းပရာ အစည်းအဝေးခန်းများ၊ အစားအစာရောင်းချရာနေရာများသို့ လမ်းညွှန်ပေးခြင်း၊ ပြပွဲခန်းမနှင့် ပိုစတာပြိုင်ပွဲခန်းမများတွင် ကူညီညွှန်ပြပေးခြင်း၊ Headset များထုတ်ပေးခြင်း၊ ဆွေးနွေးပွဲများတွင် တစ်ပြိုင်နက်တည်းဘာသာပြန်ဆိုပေးခြင်း၊ ကျန်းမာရေးအရေးပေါ်ဝန်ဆောင်မှုများဆောင်ရွက်ပေးခြင်း၊ စာကြည့်တိုက်လေ့လာရေးခရီးများတွင် လိုက်ပါကူညီခြင်းစသည်ဖြင့် ညီလာခံကျင်းပချိန်အတွင်း အဆင်ပြေချောမွေ့အောင်ဆောင်ရွက်ပေးကြသည်ကို တွေ့ရပါသည်။

၁၄-၈-၂၀၁၆ နေ့တွင် ကမ္ဘာ့စာကြည့်တိုက်များ ညီလာခံဖွင့်ပွဲအခမ်းအနားကို ကွန်ဗင်းရှင်းစင်တာတွင် ပြုလုပ်ခဲ့ပါသည်။ ဖွင့်ပွဲမပြုလုပ်မီ ညီလာခံသို့ ပထမဆုံးအကြိမ် တက်ရောက်သူများအတွက် Newcomers Session ကို နံနက် ၈း၃၀ နာရီတွင်ပြုလုပ်ခဲ့ပြီး ညီလာခံ အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြပါသည်။ ဖွင့်ပွဲအခမ်းအနားကို နံနက် ၁၀း၃၀ နာရီတွင် Hall E ၌ ကျင်းပခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာစာကြည့်တိုက်များနှင့် စာကြည့်တိုက်အသင်းအဖွဲ့များအသင်းကြီး (IFLA)၏ ဥက္ကဋ္ဌ Dr. Donna Scheeder နှင့် အထွေထွေအတွင်းရေးမှူး Mr. Gerald Leitner တို့က အဖွင့်အမှာစကားအသီးသီးပြောကြားခဲ့ကြပြီး အမေရိကန်နိုင်ငံ ကမ္ဘာ့စာကြည့်တိုက်များနှင့် သတင်းအချက်အလက်များညီလာခံကျင်းပရေးအမျိုးသားကော်မရှင်တွဲဖက်ဥက္ကဋ္ဌများဖြစ်သည့် Ms. Carol Pitts Diedrichs နှင့် Mr. Patrick Losinski တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ကြပါသည်။

၁၄-၈-၂၀၁၆ နေ့ မွန်းလွဲပိုင်းမှစတင်၍ ညီလာခံ၏ဆွေးနွေးပွဲကဏ္ဍများကို ပြုလုပ်ခဲ့ပါသည်။ ညီလာခံတွင် ကဏ္ဍပေါင်း (၂၂၉) ခုပါဝင်ပြီး ၁၃-၈-၂၀၁၆ နေ့မှ ၁၈-၈-၂၀၁၆ နေ့အထိ ကွန်ဗင်းရှင်း စင်တာ၏ ခန်းမကြီးများနှင့် အစည်းအဝေးခန်းများတွင်လည်းကောင်း၊ ကိုလံဘတ်စ်မြို့တွင်းရှိ စာကြည့်တိုက်များ၊ ပြတိုက်များနှင့် အနုပညာခန်းမများတွင်လည်းကောင်း၊ တစ်ပြိုင်တည်းပြုလုပ်ခဲ့ကြပါသည်။ ညီလာခံ၏ကဏ္ဍအသီးသီးတွင် နိုင်ငံပေါင်း ၁၃၇ နိုင်ငံမှ စာကြည့် တိုက်ပညာရှင်များနှင့် စာကြည့်တိုက်ဆိုင်ရာ နည်းပညာကျွမ်းကျင်သူများ ၅၃၇ ဦးက ပညာရပ်ဆိုင်ရာစာတမ်းများ ဖတ်ကြားတင်သွင်းဆွေးနွေးခြင်း၊ အဖွဲ့ကြီး၏ ဆပ်ကော်မတီဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခြင်း၊ အဖွဲ့ကြီး၏ အထွေထွေညီလာခံ (General Assembly) ကို ကျင်းပခြင်းများဆောင်ရွက်ခဲ့ကြပါသည်။

ညီလာခံ၏ကဏ္ဍများတွင် အမျိုးသားစာကြည့်တိုက်များနှင့်ပတ်သက်၍ ဦးဆောင်ရသည့် လုပ်ငန်းများ၊ နိုင်ငံ၏အမွေအနှစ်များကို ဒစ်ဂျစ်တယ်နည်းလမ်းများအသုံးပြု၍ ထိန်းသိမ်းသည့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသတွင်းရှိ အမျိုးသားစာကြည့်တိုက်များအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများနှင့် စိန်ခေါ်မှုများ၊ အမျိုးသားစာကြည့်တိုက်ဥပဒေများ ပြုစုခြင်းနှင့် အမျိုးသား စာစုစာရင်းဆိုင်ရာစိန်ခေါ်မှုများ၊ အမျိုးသားစာကြည့်တိုက်၏ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ၊ ပူးပေါင်းဆောင်ရွက်မှုများ၊ စာကြည့်တိုက်များကို ပိုမိုသိသာထင်ရှားစေရန်နှင့် ပိုမိုအသုံးပြုလာစေရန် တိုးမြှင့်ဆောင်ရွက်ရသည့် လုပ်ငန်းများ၊ ကျောင်းစာကြည့်တိုက်များ၏အရေးပါမှုနှင့် ကျောင်းစာကြည့်တိုက်များကို မြှင့်တင်ရေးဆောင်ရွက်ချက်များ၊ မူပိုင်ခွင့်ဥပဒေများတွင် စာကြည့်တိုက်များ၏ဝန်ဆောင်မှုများအတွက် ကင်းလွတ်ခွင့်ပါဝင်ရန် ကြိုးပမ်းဆောင်ရွက်ချက်များ နှင့် ကမ္ဘာ့ဉာဏပစ္စည်းမူပိုင်ခွင့်အဖွဲ့အစည်းနှင့် စာကြည့်တိုက်များ၏ ပူးပေါင်းဆောင်ရွက်ချက်များ၊ ဥပဒေဆိုင်ရာစာကြည့်တိုက်များ၏ အရေးပါသောအခန်းကဏ္ဍများ၊ တက္ကသိုလ်၊ကောလိပ် စာကြည့်တိုက်များတွင် စာစုများ လွယ်ကူလျင်မြန်စွာ ရရှိစေရေးနှင့် စာကြည့်တိုက်များ အစုအဖွဲ့ဖန်တီး၍ ပူးပေါင်းဆောင်ရွက်မှုများ၊ ပြည်သူ့စာကြည့်တိုက်များတွင် စာဖတ်ခန်းများနှင့် စာအုပ်ငှားရမ်းခြင်းလုပ်ငန်းများအပြင် ပြည်သူလူထုက လာရောက်အသုံးပြုနိုင်ရေးအတွက် နေရာများစီစဉ်ထားရှိပေးခြင်း၊ လူထုအကျိုးပြုဝန်ဆောင်မှုများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာစာကြည့်တိုက်များနှင့် စာကြည့်တိုက်အသင်းအဖွဲ့များအသင်းကြီး (IFLA)၏ ကော်မတီအသီးသီး၊ ဒေသဆိုင်ရာအသင်းခွဲများကဆောင်ရွက်ချက်များနှင့် ကုလသမဂ္ဂအဖွဲ့ကြီး၏ ၂၀၃၀ ရည်မှန်းချက် (United Nations 2030 Agenda) အစီအစဉ်တွင် IFLA က ပါဝင်ဆောင်ရွက်မည့်လုပ်ငန်းများ စသည်တို့ကို တင်ပြဆွေးနွေးကြပါသည်။

မြန်မာနိုင်ငံ အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ညွှန်ကြားရေးမှူးသည် အမေရိကန်နိုင်ငံ စာကြည့်တိုက်အသင်းနှင့် အမေရိကန်နိုင်ငံ ကမ္ဘာ့စာကြည့်တိုက်များနှင့် သတင်းအချက်အလက်များ ညီလာခံကျင်းပရေးအမျိုးသားကော်မရှင်ထံမှ စာကြည့်တိုက်မှူးများအတွက်ချီးမြှင့်ငွေ (Fellowship)ကို ရရှိခဲ့သဖြင့် ၎င်းညီလာခံသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ အမေရိကန်နိုင်ငံ စာကြည့်တိုက်အသင်းနှင့် အမေရိကန်နိုင်ငံ ကမ္ဘာ့စာကြည့်တိုက်များနှင့် သတင်းအချက်အလက်များ ညီလာခံကျင်းပရေးအမျိုးသားကော်မရှင်သည် ကမ္ဘာတဝန်းမှ ချီးမြှင့်ငွေ(Fellowship) လျှောက်ထားသူပေါင်း ၃၃၀၀ ဦးအနက် နိုင်ငံပေါင်း ၇၅ နိုင်ငံမှ စာကြည့်တိုက်မှူး ၁၈၀ ဦးကို ရွေးချယ်၍ ၈၂ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာစာကြည့်တိုက်များနှင့် စာကြည့်တိုက်အသင်းအဖွဲ့များ အသင်းကြီး၏ ကမ္ဘာ့စာကြည့်တိုက်များနှင့် သတင်းအချက်အလက်များ ညီလာခံသို့ တက်ရောက်နိုင်ရန် ရန်ပုံငွေချီးမြှင့်ခဲ့ခြင်းဖြစ်ပါသည်။

မြန်မာကိုယ်စားလှယ်သည် ညီလာခံ၏ ကဏ္ဍ ၀၇၈၊ မူပိုင်ခွင့်ဥပဒေများနှင့် စာကြည့်တိုက်များ၏ပူးပေါင်းပါဝင်ဆောင်ရွက်မှုတွင် မြန်မာနိုင်ငံ၌ လက်ရှိ ကျင့်သုံးနေသော မူပိုင်ခွင့်ဥပဒေပါ အချက်အလက်များနှင့်ကာကွယ်မှုများ၊ စာကြည့်တိုက်များနှင့် ပတ်သက်သည့်ပြဋ္ဌာန်းချက်များ၊ အသစ်ရေးဆွဲနေသော မူပိုင်ခွင့်ဥပဒေ၏အခြေအနေ၊ ဥပဒေမူကြမ်းတွင် စာကြည့်တိုက်များနှင့် ပညာရေးဌာနများအတွက် ကင်းလွတ်ခွင့်များ ပါဝင်စေရေးအတွက် EIFL မှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းတို့၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများအကြောင်းကို စာတမ်းတင်သွင်းဖတ်ကြားခဲ့ပါသည်။

ညီလာခံတွင် စာကြည့်တိုက်များ၊ စာကြည့်တိုက်အသင်းများ၊ စာကြည့်တိုက်နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ စုစုပေါင်း ၉၂ ခုက ပြခန်းများ ခင်းကျင်းပြသခဲ့ကြရာ စာကြည့်တိုက်စနစ်များ၊ စာကြည့်တိုက်သုံးပစ္စည်းများ၊ ဒစ်ဂျစ်တယ်ပြုလုပ်သည့် စက်ကိရိယာများ၊ အမှတ်တရပစ္စည်းများ၊ စာအုပ်စာတမ်းများစသည်တို့ကို ခင်းကျင်းပြသ ရောင်းချခဲ့ကြပြီး ပြပွဲစတင်သည့် ၁၅-၈-၂၀၁၆ နေ့မှ ၁၇-၈-၂၀၁၆ နေ့အထိ အဖွဲ့အစည်းများက ရှင်းလင်းပြသပွဲများကို ပြပွဲခန်းမအတွင်း ပြုလုပ်ခဲ့ကြပါသည်။

ညီလာခံတက်ရောက်လာသောစာကြည့်တိုက်များမှ ပိုစတာများကို ပြိုင်ပွဲပြုလုပ်ခဲ့ရာ စာကြည့်တိုက်အသီးသီးက ပိုစတာပေါင်း ၂၀၀ ကျော်ကို ချိတ်ဆွဲခင်းကျင်းပြသ၍ ပြိုင်ပွဲဝင်ခဲ့ကြပါသည်။ ပိုစတာပြိုင်ပွဲတွင် စာကြည့်တိုက်က ပထမဆုရရှိခဲ့ပါသည်။

ညီလာခံ ပိတ်ပွဲအခမ်းအနားကို ၁၈-၈-၂၀၁၆ နေ့ ညနေ ၄း၁၅ နာရီတွင် ကွန်ဗင်းရှင်းစင်တာ Hall E ၌ ပြုလုပ်ခဲ့ပါသည်။ IFLA President Ms. Donna Scheeder က အမှာစကားပြောကြားပြီး အထွေထွေအတွင်းရေးမှူးရာထူးမှ အနားယူသွားသော Ms. Jannefer Nicholson ကို ဂုဏ်ပြုချီးမြှင့်ပါသည်။ ညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီးရေးအတွက် တာဝန်ယူဆောင်ရွက်ခဲ့ကြသော အမျိုးသားကော်မတီနှင့် အဘက်ဘက်မှပါဝင်ကူညီခဲ့ကြသော လုပ်အားပေးအဖွဲ့ဝင်များကိုလည်း ဂုဏ်ပြုချီးမြှင့်ခဲ့ပါသည်။

၈၃ ကြိမ်မြောက်ကမ္ဘာ့စာကြည့်တိုက်များညီလာခံကို ပိုလန်နိုင်ငံ Wroclaw မြို့တွင် ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ပြုလုပ်မည်ဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် ပြုလုပ်မည့် ၈၄ ကြိမ်မြောက် ညီလာခံကို မလေးရှားနိုင်ငံက ကျင်းပခွင့်ရရှိပါသည်။

၁၉-၈-၂၀၁၆ နေ့တွင် စာကြည့်တိုက်လေ့လာရေးခရီး၌ အုပ်စု ၁၄ စု ခွဲကာ ကိုလံဘတ်စ် မြို့တွင်းရှိ စာကြည့်တိုက်များသို့လည်းကောင်း၊ ကိုလံဘတ်စ်မြို့ပြင်ရှိ စာကြည့်တိုက်များသို့လည်းကောင်း စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများက လိုက်ပါပို့ဆောင်ပေးခဲ့ကြပါသည်။

ကိုလံဘတ်စ်မြို့တွင်းရှိ စာကြည့်တိုက်လေ့လာရေးခရီးစဉ်တွင် စာကြည့်တိုက် ၂၁ ခုပါဝင်ပြီး အုပ်စုအလိုက်သတ်မှတ်ထားသော စာကြည့်တိုက်များသို့ သွားရောက်လေ့လာခဲ့ကြပါသည်။ Columbus Metropolitan Library's Main Library, Columbus Metropolitan Library Main Library}s Operation Center, Whitehall Branch Library, Driving Park Branch Library, Bexley Public Library, Parsons Branch, Copyright Memorial Library at Otterbein University, Upper Arlington Library, Northwest Library, Orange Branch – Delaware County Library, Westerville Public Library, Ohio State University Libraries, OCLC, Chemical Abstracts Service, Columbus School for Girls Libraries, Walnut Springs Middle School Virtual Tour, St. Charles Preparatory School Media Center များဖြစ်ပါသည်။

ကိုလံဘတ်စ်မြို့ပြင်ရှိ စာကြည့်တိုက်လေ့လာရေးခရီးတွင် စာကြည့်တိုက် ၂၀ ပါဝင်ပါသည်။ University of Cincinnati Libraries, The Libraries of University Circle, Academic and Public Libraries Tour in Dayton, Cuyahoga County Public Library, Tour of the Public Library of Cincinnati and Hamilton County, Cleveland Rocks Tour: Cleveland Public Library and the Rock and Roll Hall of Fame Library and Archives, The Magnificent Main Library, Oberlin College Library our, Library Tour in Bluegrass Region of Kentucky များပါဝင်ပါသည်။

အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ညွှန်ကြားရေးမှူးအနေဖြင့် ၈၂ ကြိမ်မြောက် ကမ္ဘာ့စာကြည့်တိုက်များညီလာခံသို့ တက်ရောက်ခွင့်ရရှိခဲ့ပြီး မြန်မာနိုင်ငံတွင် မူပိုင်ခွင့်ဥပဒေရေးဆွဲခြင်း၌ စာကြည့်တိုက်များ ပူးပေါင်းပါဝင်သည့်အခြေအနေကို စာတမ်းတင်သွင်းဖတ်ကြားခဲ့သဖြင့် မြန်မာနိုင်ငံ၏သတင်းအချက်အလက်ကို နိုင်ငံတကာမှ စာကြည့်တိုက်မှူးများသို့ မျှဝေပေးနိုင်ခဲ့ပါသည်။ ညီလာခံ၏ကဏ္ဍအသီးသီးသို့ တက်ရောက်ခဲ့ရသဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှစာကြည့်တိုက်များ၏ ဝန်ဆောင်မှုလုပ်ငန်းများ၊ အမျိုးသားစာကြည့်တိုက်များက ဦးဆောင်ရမည့် ကဏ္ဍများ၊ စာကြည့်တိုက်အသင်းများအနေဖြင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများ၊ မြန်မာနိုင်ငံစာကြည့်တိုက်များ၏ အနာဂတ်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရာတွင် ပါဝင်ရမည့် အချက်အလက်များကို သိရှိမှတ်သားခဲ့ရပြီး နောင်အနာဂတ်တွင် မိမိတို့စာကြည့်တိုက်များ တိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အဆက်အသွယ်များရရှိခဲ့ပါသည်။ **စာမျက်နှာ ၂၁ သို့**

ကြေးမုံ
အောက်တိုဘာ ၁၁၊ ၂၀၁၆

# သီတင်းကျွတ်လနှင့် မြန်မာမှုဓလေ့ ပူဇော်ကန်တော့ခြင်းအစဉ်အလာ

ဝိသုဇ္ဈက (ပဲခူး)



ဝါကျွတ်ကာလအခါသမယသည် မိုးရာသီကုန်လုနီးချိန်ဖြစ်၏။ မိုးလည်းမပီ ဆောင်းမမည်သေးသောကာလဖြစ်၏။ အနောက်တောင်မုတ်သုံလေတစ်ပြည်လုံးမှ ဆုတ်ခွာစပြုချိန်ဖြစ်သည်။ အားနည်းသောမိုးကြွင်းမိုးကျန်များသာ ရွာလေ့ရှိသည်။ ခြေခင်းလက်ခင်းသာစပြုချိန် ပွင့်လင်းရာသီ၏ အကြိုကာလပင်ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုအရ သီတင်းကျွတ်လကိုတူရာသီဟုခေါ်သည်။ ထိုလတွင် လမင်းနှင့် ယှဉ်ပြိုင်ထွန်းလင်းနေသော နက္ခတ်မှာ အသဝနီနက္ခတ်ဖြစ်သည်။ အနီးကပ်၍ တောက်ပနေသည်မှာ ကြိုးတာရာဖြစ်သည်။ နက္ခတ်တာရာတို့သည် မိုးကောင်းကင်တွင်မြင်တွေ့နေကြရသော ကြယ်များပင်ဖြစ်သည်။ ပလ္လင်ဆေးမိုးလောက်သာရွာသည်။ တစ်မိုးတွင်းလုံး မိုးဒဏ်လေဒဏ်ပြင်းထန်ရာမှ လျော့ပါးလာခဲ့၏။ ကြာဖြူကြာနီကြာပန်းတို့ ဝေဝေဆာဆာဖူးပွင့်နေကြ၏။ ထို့ကြောင့်စာဆိုတော် ဦးကြော့က “ကြယ်အသဝနီရွှေကောဇောနှင့် ငွေတရာစန်းဖြူ ဘွေညာမြကြဌန်းငူမှာ တနန်းသူသာပေ့၊ ငါးကြာနံ့ကုဏ္ဍာအိုင်မှာ၊ ဒုမ္မာခိုင်ခွေယိမ်းလို့ ပျော့ဆဒ္ဒန်ပိုင့်ညီလာခံသည်။ သီတာပျံတွေမော့၊ ဒီပါလျှံကေလျော့လို့၊ ရွှေကန်တောစံချိန်၊ ရတနာထီးစင်းကြို၊ မီးမြင့်မိုရ်ညီးပျို့ ထိန်ထိန်” ဟူ၍ ဖွဲ့ဆိုထား သည်။ စာဆိုတော်တိုင်းတာ မြို့သူကြီးဦးဖက်သည် “စိုးဒီပံစံသမုငယ်နှင့် မြတ်ကမ္ဘုရိပ်လှုံ၊ ရာဇဂ်ခါကြုံကို၊ ပင် စုံခြယ်တင့်၊ ဥကင်သသီဟာမှာ၊ သေနဂါးသန်းရွှေဗိုလ်နှင့်၊ တူရတူချိန်ယံကို၊ တိမ်ယုဂံဘုံမြင့်၊ ရွှေသဝဏ်ဂုဏ်ဝင့်လို့၊ စန်းယုန်ပွင့်စက်မှာ၊ လမ်းတညီပြိုင်ပသည့်၊ ကြိုးညိုမြကြယ်လှတာရာ၊ ငါးရန့်ရွှေကြာဝယ်၊ ဝေဆာဆာကြိုင်ဝတ်နှင့်၊ ဝါကျွတ်ကာလသည်သဘင်ပွဲကို ပွဲမြင်းမိုရ်ကဲ၊ ဆယ်စာဆင့်ပိုအောင်၊ မိုးဗဟိုရ်သည်၊ ဆော်ညှင်းခဲ့လေး” ဟူ၍ ဝေဆာလှပစွာရေးဖွဲ့ခဲ့၏။

ဖိုးသူတော်ဦးမင်းကလည်း “ကြာငါးမည်ကြိုင်သင်းလို့၊ လျှံဝင်းတဲပြောင်ထိန်၊ ရွှေတောင်တော်ဦးမှလေ၊ ကွန့်မြူးမြင်းမိုရ်၊ မီးညီးတဲ့ခါချိန်၊ ရှိခိုးရယ်နှိမ်သုံးကြိမ်ရိုပြောင်း၊ သက္ကစ္စဂါရဝါနှင့်၊ စဉ်အလာပူဇော်ပွဲကို၊ နွှဲကြပေကောင်း” ဟုဖွဲ့ဆိုခဲ့၏။

ထိုစဉ်အခါသမယတောင်ထိပ်တွင် တည်ထားသောစေတီတော်တွင် ဆီးမီးထွန်းညှိပူဇော်ထားခြင်းကိုမြင်းမိုရ်မီးများသည် ညည့်အခါအမှောင်ကိုထိုးဖောက်ပြီး ထွန်းလင်းတောက်ပကြသည်ဟု ဆိုထား၏။ စာဆိုတော်ဖိုးဝဇီရကလည်း ပုထုဇဉ်တို့သဘာဝအတိုင်းအလွမ်းအဆွေးစိတ်ဓာတ်လေးဖြင့် စာပေနှင့် ကွန့်ထားသည်။ “ပူပါပြီ၊ တူရာသီခေါ်လေမို့၊ ပျော်မွေ့နိုင်ဘူး၊ လေစီးငယ်ခို၊ ရွှေကြိုးညိုပျံ့လပေမို့၊ ဟန်ရအောင်၊ ယဉ်သလူကြောင့်၊ သည်ငူမှာ ဘဝင်ဆူလိုက်ပြန်တော့တယ်၊ မေမောဟိုက်လို့မူး” ဟူ၍တူရာသီကြုံတွေ့သောဘဝကို ဖော်ပြထား၏။

သီတင်းကျွတ်လအခေါ်အဝေါ်ကို ရှေးခေတ်ဗေဒင်ကျမ်း၊ ဆေးကျမ်းများတွင်လည်း သန်တူလဟူ၍ ခေါ်နေကြသည်။ ထို့ကြောင့် သန္တုလ၏ အဓိပ္ပာယ်ကိုစိစစ်ကြသည်။ သန္တုလနှင့်ပတ်သက်သည့်အကြောင်းကို စာဆိုတော်သျှင်အုံးညိုက “မိဂဒါဝယ်ဓမ္မာရစက်၊ ဟောနှုတ်ပွက်က၊ လက်ဦးဆိုဝါတွင်းကျမှ၊ အခါတိမ်းမှတ် သန္တုကျွတ်သော်”ဟူ၍ သီတင်းကျွတ်ကိုသန္တုကျွတ်ဟုသုံးနှုန်းထားသည်။ ပြာဋ္ဌိဟာအခန်းပျို့အချို့တွင် “ပုဏ္ဏာတိတိပြည့်စံညီပ၊ သန္တုလဟု၊ မည်ရခေါ်မြေ၊ သုံးနေ့တွင်သုံးလေ့သီလစရိတ္တဖြင့်”စသည်ဖြင့်တွေ့ရ၏။ မင်းဇေယရန္တမိတ်ခေတ်တွင် “သပြေရတနာ၊ အချာခေါင်ထွတ်ပြဟု၊ လွတ်ဝယ်ဝါကျွတ်သန်ပွဲ၊ ကန်တော့စဲက” အစရှိသဖြင့် တွေ့ရှိသည်။ “အောင်ဘုံဌာနေချီ”ရတုတွင် သန္တုလအကြောင်းဖော်ညွှန်းထားသည်။ ဝေါဟာရလိ နတ္ထိဒီပနီတွင် သန္တုလ၏အဓိပ္ပာယ်ကို ဝသနမိုးဥတုဟုဆိုကာ “သန်” ဟု ရှေးကအဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြသည်။

တူပါရုံဘုရားစသောကျောက်စာများတွင် မိုးကာလ၌ လုပ်ဆောင်ရသောလယ်ကို “သန်လယ်”ဆောင်းဥတုတွင် လုပ်ကိုင်ရသောလယ်ကို “မုရင်းလယ်”ဟု ရေးသားထားသည်ကို ယူဆရ၏။ ဝသန္တဥတုရာသီကို ဆိုလို ကြောင်းအဓိပ္ပာယ်ဖွင့်ဆိုထားလေသည်။ အချို့အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ “သန္တုဆိုသည်မှာ ကောက်စပါးပင်များ ပေါက်ဖွားထွက်ထောင်မတ်လာသောကာလဟု အဓိပ္ပာယ်ရှိသည်ဆိုကြပြန်သည်။ “သီတင်းကျွတ်နှင့် သီတင်းကျွတ်”ရေးသားပုံမှာ ရှေးဦးအရေးမှာအသံထွက်အတိုင်း “သတင်းကျွတ်လ”ဟုရေးသားခဲ့ကြသည်။ သီတင်းကျွတ်ဟူသည့် စကားကိုအင်းဝခေတ်သက္ကရာဇ် ၈၀၀ လောက်ကျမှ ကျောက်စာတို့တွင် သက္ကရာဇ် ခေါင်းစဉ်တပ်ဖော်ပြကြရာ၌ “လက်၏အမည်” အဖြစ်ဖြင့် သုံးစွဲလျက်ရှိသည်ကိုတွေ့ရ၏။ ထိုသို့တွေ့ရသော ကျောက်စာများအနက်ကိုမူလအတိုင်းတည်ရှိသည်ဟု ယုံကြည်လောက်သော ၈၇၁ ခုနှစ်၊ သံဃရာဇာ ကျောင်းကျောက်စာ ၉၂၅ ခုနှစ်စွဲ စုက္ကတေးကျောင်းကျောက်စာတို့တွင် “သတင်းကျွတ်” ဟု “သ”သက်သက်ဖြင့်သော ရေးသားထားပေသည်။

သီတင်းကျွတ်မီးထွန်းပွဲတော်ကြီးနှင့်ပတ်သက်၍ သီတင်းကျွတ်လပြည့်နေ့၌ မြတ်ဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ သင်္ကဿမြို့သို့ကြွဆင်းလာပုံကို သရုပ်ဖော်ရေးဆွဲထားသော ပန်းချီကားကို ပုဂံရှိမြင်းကပါဂူပြောက်ကြီးဘုရားတွင်တွေ့ရှိရပေသည်။ အင်းဝခေတ်၌ကျင်းပသော မီးမြင်းမိုရ်ပွဲအကြောင်းကို လောကဗျူဟာကျမ်းတွင်ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရမည်ဖြစ်၏။ ကုန်းဘောင်ခေတ်အလယ်ပိုင်း၌ သီတင်းကျွတ်လ ဆီမီးထွန်းညှိပူဇော်ပုံကို ဘိုးတော်ဘုရားလက်ထက် ထင်ရှားသည့်စာဆိုတော်တစ်ဦးဖြစ်သည့် ဦးယာက “ကြော်သဲ အုတ်အော် ပူဇော်ဆီမီး သီတင်းကျွတ်မီးထွန်းပွဲတော်ဆင်နွှဲရာ၌ လှပစွာဝတ်စားဆင်ယင်ကြကာ မောင်မယ်စုံယှဉ်တွဲလျက် ဆင်နွှဲကြသည်။“သက်မျှကြင်သူ ဆင်းရွှေအူနှင့် အတူတကွမောင်ကတိုင်မြှောက် မယ်ကဖောက်၍ နှစ်ယောက်စုံလင်၊ စွယ်တော်စင်တွင်း၊ ပန်းတင်ရေသွန်း၊ ဆုယူညွှန်းသည်၊ ပြောင်းရွှန်းဆီမီးတိုင်နှင့်လေး” ဟူ၍ စပ်ဆိုခဲ့၏။

သီတင်းကျွတ်လပြည့်နေ့သည် မြတ်ဘုရားရှင်က အဘိဓမ္မာတရားတော်ကို နတ်ပြည်၌ နတ်ဗြဟ္မာအပေါင်းတို့အား အကျယ်နည်းဖြင့် ဟောကြားပြီးဆုံးသည့်နေ့ဖြစ်ခြင်း၊ စန္ဒကူးတော၌ အရှင်သာရိပုတ္တရာအား အကျဉ်းနည်းဖြင့် ဟောကြားပြီးဆုံးသည့်နေ့ဖြစ်ခြင်း၊ ထို့နောက် အရှင်သာရိပုတ္တရာက လင်းနို့သားဖြစ်ခဲ့ဖူးသော ရဟန်းငါးရာတို့အား မကျဉ်းမကျယ်အလယ်အလတ်နည်းဖြင့် ဟောကြားပြီးဆုံးသည့်နေ့ဖြစ်ခြင်းတို့ကြောင့် “အဘိဓမ္မာအခါတော်နေ့” အဖြစ် ပေါ်ပေါက်လာသည်။

အဘိဓမ္မာတရားတော်တွင် -

(၁) ကုသိုလ်၊ အကုသိုလ် စသောတရားတို့ကို အကျဉ်းချုပ်အားဖြင့် ပြဆိုဟောကြားတော်မူသော “ဓမ္မသင်္ဂဏီကျမ်း”

(၂) ခန္ဓာစသော တရားတို့ကို သုတ္တန်နည်းအဘိဓမ္မာနည်းတို့ဖြင့် အမေးအဖြေပြုကာ အကျယ်တဝင့် ဝေဖန်ဟောကြားသော“ဝိဘင်းကျမ်း”

(၃) ဓာတ်အမျိုးမျိုးကို ဟောကြားသော “ဓာတုကထာကျမ်း”

(၄) ပုဂ္ဂိုလ်အမျိုးမျိုးတို့ကို ခွဲခြားသတ်မှတ်အမည်တပ်၍ ဟောကြားသော “ပုဂ္ဂလပညတ်ကျမ်း”

(၅) အယူဝါဒနှင့်ဆိုင်သော စကားတို့၏ တည်ရာဖြစ်၍ အဘိဓမ္မာအနှစ်သာရတို့နှင့်ပြည့်စုံသော “ကထာဝတ္ထုကျမ်း”

(၆) အနုလုံနှင့်ပဋိလုံ ပုစ္ဆာနှင့်ဝိသဇ္ဇနာ သန္နိဋ္ဌာန်နှင့် သံသယအစုံစုံပြု၍ဟောကြားသော “ယမိုက်ကျမ်း”

(၇) အကြောင်းအမျိုးမျိုးနှင့် ကုသိုလ်စသော တရားတို့ကို ၂၄ ပစ္စည်းတို့ဖြင့် ဝေဖန်ဟောကြားပြီး သဗ္ဗညုတဉာဏ်တော်၏ ကျက်စားရာဖြစ်သည့် “ပဋ္ဌာန်းကျမ်း” ဟူ၍ ခုနစ်ကျမ်းဖြစ်၏။ အဘိဓမ္မတရားတော်၏ ထူးခြားချက်များ -

မြတ်ဘုရားရှင်က သန္တုသိတမည်သော မယ်တော်နတ်သားအား ကျေးဇူးဆပ်သည့်အနေဖြင့် ဟောကြားတော်မူသောတရားဖြစ်ခြင်း၊

တာဝတိံသာနတ်ပြည်၌ ဟောကြားတော်မူသောတရားဖြစ်ခြင်း၊

မြတ်ဘုရားရှင်သည် ဝါတွင်းသုံးလပတ်လုံးဟောကြားတော်မူခြင်း၊

ပကတိမြတ်ဘုရားရှင်နှင့် နိမ္မိတဘုရားရှင်တို့ တစ်လှည့်စီဟောကြားတော်မူခြင်းဟူသည့် ထူးခြားချက်လေးမျိုး နှင့်ပြည့်စုံပေသည်။

အဘိဓမ္မာတရားတော်သည် ပါဠိ၏နက်နဲခြင်း၊ အဓိပ္ပာယ်၏ နက်နဲခြင်း၊ ဟောကြားပုံအစီအစဉ်၏ နက်နဲခြင်း၊ ဉာဏ်တော်၏နက်နဲခြင်းဟူသော ဂမ္ဘီရလေးမျိုးနှင့်လည်းပြည့်စုံပါပေ၏။

အဘိဓမ္မာတရားတော်ကို ရွတ်ပွားပူဇော်နာယူရခြင်းအကျိုးတရားတို့ကား -

လင်းနို့သားဖြစ်ခဲ့ဖူးသော ရဟန်းတော်များကဲ့သို့ နာမရူပ ပရိစ္ဆေဒဉာဏ်ရင့်သန်စေခြင်း၊

မဂ်ဖိုလ်နိဗ္ဗာန်ရောက်ရန် လမ်းကြောင်းအထောက်အပံ့ကောင်းရနိုင်ခြင်း၊

ဘေးဥပဒ်အန္တရာယ်ကင်းဝေးစေခြင်း၊

ကျက်သရေမင်္ဂလာအဖြာဖြာနှင့်ပြည့်စုံစေခြင်း စသည့်အကျိုးတရားများ ရရှိနိုင်ကြပေသည်။

သီတင်းကျွတ်လပြည့်နေ့တွင် ရဟန်းသံဃာတော်များအနေဖြင့် ဘုရားရှင်၏ ဝိနည်းဒေသနာတော်အရ ပဝါရဏာပွဲတော်ကျင်းပကြသည်။ ပဝါရဏာဟူသည် ဖိတ်ကြားခြင်း၊ တောင်းပန်တိုက်တွန်းခြင်းအဓိပ္ပာယ်ရသည်။ “ငါ့ရှင်တို့တပည့်တော်သည် သံဃာကိုဖိတ်ကြားပါ၏။ တပည့်တော်၏ အပြစ်ကိုမြင်၍သော်လည်းကောင်း၊ ကြား၍သော်လည်းကောင်း၊ သံသယရှိ၍သော်လည်းကောင်း၊ တပည့်တော်အားသနားသောအားဖြင့် ပြောဆိုသတိပေးကြပါ။ အပြစ်ကိုရှု၍ကုစားပါမည်”ဟု သုံးကြိမ်တိုင်တိုင် သံဃာအားဖိတ်ကြားတိုက်တွန်းရခြင်းဖြစ်၏။

ဝါကျွတ်ချိန်ခါသမယတွင် မြန်မာမှုအစဉ်လာအရ သက်ကြီးရွယ်အို ဘိုးဘွားမိဘဆရာသမားတို့အား ပူဇော်ကန်တော့လေ့ရှိကြပေသည်။ ဝါကျွတ်ကာလကန်တော့ခြင်းကို မြန်မာမင်းများလက်ထက်နန်းတော်တွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြပုံသည် စာဆိုဦးကြော့က သီတင်းကျွတ်လတွင် “ဆဒ္ဒပိုင်ညီလာခံသည် သီဟာပျံပေမော့ ဒီပါလျှံကေလျော့လို့၊ ရွှေကန်တော့စံချိန်၊ ရတနာထီးစင်းကြို၊ မီးမြင်းမိုရ်ညီးပျို့ထိန်ထိန်” တေးထပ်ဖြင့် ဖွဲ့ဆိုထား၏။

ထိုသီတင်းကျွတ်သက်ကြီးပူဇော်ပွဲတွင် ပါဝင်ဆင်နွှဲလိုသောဆန္ဒ ကြီးမားစွာဖြင့် ရပ်ဝေးတစ်ရာနေရာတွင် ရှိကြသူတို့ ပူဇော်ကန်တော့ပွဲအမီ မိမိဌာနေသို့ပြန်လိုသောစိတ်များဖုံးလွှမ်းကာ မှန်းဆတမ်းတလွမ်းတသသ ဖြစ်ရရှာသူများကို အကြောင်းပြု၍ ရှေးစာဆိုတစ်ဦး၏ သီတင်းကျွတ်လဖွဲ့ခွန်းတောက်တစ်ပုဒ်တွင် “ဌာန်တော့ ဆီတကြော့ကလေးဆံကိုဖြီလို့ ကန်တော့မီပြန်လိုက်စမ်းချင်လှ၊ နန်းမြို့ရိပ်ဟောင်းကိုလ၊ သော်တာ မျှော်ပါရော်ခါရမ်းရတယ်ရှင်၊ လွမ်းဖို့မိတ်ပေါင်း” ဟု ရေးဖွဲ့ထားခဲ့သည်။

ဤသို့ထူးခြားမှုအဖုံဖုံ ဂုဏ်အမျိုးမျိုးတို့ဖြင့် ပြည့်စုံလှသည့် သီတင်းကျွတ်လပြည့်နေ့၌ မြတ်ဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူပြီးနောက် သင်္ကဿနဂိုရ်ပြည်သို့ ပြန်လည်ကြွမြန်းလာသည်ကို အကြောင်းပြု၍ လူတို့က ဆီမီးများပူဇော်ထွန်းညှိကြိုဆိုကြသည်မှာ ရိုးရာအစဉ်အလာရှိလာသည်။

မြတ်ဘုရားရှင်ဟောကြားတော်မူသည့် အဘိဓမ္မာတရားတော်ကို ရွတ်ပွားပူဇော်နာယူကြလျက် မြန်မာမှုဓလေ့အစဉ်အလာအရ သက်ကြီးရွယ်အို ဘိုးဘွား မိဘဆရာသမားတို့အား ပူဇော်ကန်တော့ခြင်းဖြင့် ဘေးဥပါဒ်အန္တရာယ်ကင်းဝေးပြီး ကျက်သရေမင်္ဂလာအဖြာဖြာတို့ဖြင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သလိုက်ရပါသတည်း။

# အခွန်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းပညာပေးဟောပြောပွဲကျင်းပ

**ပင်လောင်း အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် မြို့နယ်အခွန်ဦးစီးဌာနမှ အခွန်ဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းပညာပေးဟောပြောပွဲကို အောက်တိုဘာ ၉ ရက် နံနက် ၉ နာရီခွဲခန့်က နယ်စပ်တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် သင်တန်းကျောင်းကျောင်းအုပ်ဆရာကြီး ဦးချစ်ဆွေက အမှာစကားပြောကြားခဲ့ပြီး မြို့နယ်အခွန်ဦးစီးဌာန ဦးစီးမှူး ဦးဌေးဝင်းက အခွန်နှင့်သက်ဆိုင်သည့်လုပ်ငန်းများကိုလည်းကောင်း၊ မြို့နယ်အခွန်ဦးစီးဌာန လ/ထဦးစီးမှူး ဦးစည်သူအောင်က အခွန်ပေးဆောင်ရသည့် လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးပေးခဲ့သည်။

အဆိုပါဟောပြောပွဲသို့ သင်တန်းကျောင်းဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၁၀၀ ကျော်တက်ရောက်ခဲ့ကြောင်း သိရသည်။**(ပြန်/ဆက်)**

# ထားဝယ်မြို့ DDPC Shopping Center ဖွင့်ပွဲအခမ်းအနားကျင်းပ




**ထားဝယ် အောက်တိုဘာ ၁၀**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ DDPC Shopping Center ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၉ ရက် နံနက် ၉ နာရီတွင် ထားဝယ်မြို့ ကမ်းနားလမ်းနှင့် ကမြောကင်းလမ်းထောင့်ရှိ DDPC Shopping Center ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က ထားဝယ်ဖွံ့ဖြိုးတိုးတက်မှု အများပိုင်ကုမ္ပဏီလိမိတက်နဖူးစီးဆိုင်းဘုတ်အား ဖွင့်လှစ်ပေးခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ထားဝယ်ဖွံ့ဖြိုးတိုးတက်မှု အများပိုင်ကုမ္ပဏီလိမိတက်မှ ဥက္ကဋ္ဌဦးခင်စိုး၊ ထားဝယ်ဖွံ့ဖြိုးတိုးတက်မှု အများပိုင်ကုမ္ပဏီလိမိတက်မှ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က Shopping Center အရောင်ပြခန်းအား ဖွင့်လှစ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ထားဝယ်ဖွံ့ဖြိုးတိုးတက်မှု အများပိုင်ကုမ္ပဏီလိမိတက်မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ အစုရှယ်ယာရှင်များ တက်ရောက်ခဲ့သည်။

DDPC Shopping Center မြေအကျယ်အဝန်းမှာ (၁၅ ဒသမ ၅၃) ဧက၊ အဆောက်အအုံအကျယ်အဝန်းမှာ အလျား ၂၉၁ ပေ၊ အနံ ၁၃၅ ပေ၊ နှစ်ထပ် RC အမျိုးအစားဖြစ်ပြီး ဆိုင်ခန်းပေါင်း ၃၄ ခန်းဖြင့် ၂၀၁၂ ခုနှစ် ဇွန် ၂၃ ရက်တွင် စတင်ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

ထားဝယ်မြို့သည် တနင်္သာရီတိုင်းဒေသကြီး မြို့တော်ဖြစ်သည်နှင့်အညီ မြို့တော်အင်္ဂါရပ်တစ်ခုဖြစ်သော Shopping Center ကြီးတစ်ခုကို ပြည်သူများ ခေတ်မီစွာဈေးဝယ်နိုင်ရန်၊ မိသားစုအပန်းဖြေနိုင်ရန်ရည်ရွယ်၍ အများနှင့်သက်ဆိုင်သော ကုမ္ပဏီတစ်ခုတည်ထောင်၍ DDPC Shopping Center ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ **တနင်္သာရီတိုင်းဒေသကြီး(ပြန်/ဆက်)**

## တိုင်းလုံးကျွတ် ဓမ္မစကြာပြိုင်ပွဲကျင်းပမည်

**ကျွန်းလှ အောက်တိုဘာ ၁၀**

တိုင်းလုံးကျွတ်ဓမ္မစကြာပြိုင်ပွဲကို စစ်ကိုင်းမြို့စူဠာမဏိကောင်းမှုတော်ခြေရင်းတွင် အောက်တိုဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဓမ္မစကြာဝတ်အသင်း(မ) ပြိုင်ပွဲဝင်မည့် ဓမ္မစကြာဝတ်အသင်းများသည် သတ်မှတ်ပြိုင်ပွဲဝင်စည်းကမ်းချက်များနှင့်အညီ နေပုံ၊ ထိုင်ပုံ၊ သွားလာပုံနှင့် ရွတ်ဖတ်မှုအစရှိသည်တို့ကို လေ့ကျင့်လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအား တင်ဒါရကုမ္ပဏီများမှ မိတ်ဆက်ရှင်းလင်း

**အထက်မင်းလှ အောက်တိုဘာ ၁၀**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ဦးစီးဌာန ခွင့်ပြုရန်ပုံငွေအား တင်ဒါစနစ်ဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာတင်ဒါရကုမ္ပဏီများက မိတ်ဆက်ရှင်းလင်းပွဲကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကိုက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးရေးဦးစီးဌာနမှူး ဦးမင်းဇော်ဟန်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် တင်ဒါရကုမ္ပဏီများအား မိတ်ဆက်ရှင်းလင်းခဲ့သည်။

ယင်းနောက် တင်ဒါရကုမ္ပဏီနှစ်ခုဖြစ်သည့် ခိုင်ထူးကုမ္ပဏီနှင့် တော်ဝင်ရှုခင်းမိမိတို့မှ ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များအား ရှင်းလင်းပြောကြားခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် လုပ်ငန်းဆောင်ရွက်မည့် ကျေးရွာများမှကိုယ်စားလှယ်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များက သိရှိလိုသည်များကိုမေးမြန်း၍ သက်ဆိုင်ရာတာဝန်ရှိသူများက ဖြေကြားခဲ့သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ဦးစီးဌာန ခွင့်ပြုရန်ပုံငွေ တင်ဒါစနစ်ဖြင့်ဆောင်ရွက်မည့်လုပ်ငန်းခြောက်ခုတွင် လမ်း၊ တံတားလုပ်ငန်းနှစ်ခု၊ မြေသားရေကန်နှစ်ကန်၊ စက်ရေတွင်းနှစ်ခုတို့ကို ခွင့်ပြုရန်ပုံငွေကျပ် ၆၄ ဒသမ ၃ သန်းဖြင့် ကျေးလက်နေပြည်သူများ အမှန်တကယ်လိုအပ်၍ အရည်အသွေးကောင်းမွန်ပြည့်ဝသည့်လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုသက်(အထက်မင်းလှ)**

## သွေးလွန်တုပ်ကွေးကာကွယ်ရေးများ ဆောင်ရွက်

**မြင်းမူ အောက်တိုဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့ပေါ်ရှိ အခြေခံပညာမူလတန်းကျောင်းများနှင့် စာသင်ဝိုင်း၊ ဘော်ဒါဆောင်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားခြင်းမရှိစေရေးနှင့် အေးချမ်းစွာစာသင်ကြားနိုင်ရေးအတွက် ခြင်ဆေးဖျန်းခြင်းဖြင့် ကာကွယ်မှုဆောင်ရွက်ပေးခြင်းကို အောက်တိုဘာ ၈ ရက်က ပြုလုပ်ခဲ့သည်။

ခြင်ဆေးဖျန်းခြင်းဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြတ်သုခလူမှုကူညီရေးအသင်းနှင့် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်းပြီး မြင်းမူမြို့ပေါ်ရှိ အမှတ်(၁)မှ အမှတ်(၇) ထိ အခြေခံပညာမူလတန်းကျောင်း (၇)ကျောင်း၊ မူကြိုကျောင်း (၁)ကျောင်းနှင့် ဘော်ဒါဆောင်(၃)ခုတို့အား ကျောင်းပိတ်ရက်ကိုရွေးချယ်ကာ ကာကွယ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **အောင်စိုးဖေ(ပြန်/ဆက်)**

## တိုင်းရင်းဆေး ကျန်းမာရေးပညာပေးဟောပြောခြင်းနှင့် အခမဲ့ကွင်းဆင်းကုသခြင်းများ ဆောင်ရွက်

**တပ်ကုန်း အောက်တိုဘာ ၁၀**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ဘုရင့်နောင်ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီက မြို့နယ်တိုင်းရင်းဆေးကုဌာန၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးပညာပေးဟောပြောခြင်းနှင့် အခမဲ့ကွင်းဆင်းဆေးကုသပေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ဆွေဆွေယုက တိုင်းရင်းဆေးမြီးတိုများအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ဒေသခံတိုင်းရင်းဆေးဆရာကြီး ဦးလှဌေးနှင့် ဦးရွှေကိုတို့က မီးဖိုချောင်သုံးဆေးဖက်ဝင်အပင်အကြောင်းများနှင့် မြန်မာ့တိုင်းရင်းဆေးပညာ ရပ်မှာမြန်မာလူမျိုးတို့ပိုင်ဆိုင်သော ရိုးရာအမွေအနှစ်ဆေးပညာစစ်စစ်ဖြစ်ကြောင်းတို့အား အသေးစိတ်ရှင်းလင်းပြောကြားပေးခဲ့သည်။

အဆိုပါ ကျန်းမာရေးပညာပေးဟောပြောပွဲသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား အခမဲ့စမ်းသပ်ကုသပေးခဲ့ပြီး ဒူးနာ၊ ခါးနာ၊ ထုံကျင်၊ အကြောတက်၊ နှလုံးအားနည်းစသည့်ဝေဒနာရှင်များအား အများဆုံးကုသပေးခဲ့ရပြီး စမ်းသပ်ကုသသည့်ဝေဒနာရှင် စုစုပေါင်း အယောက် ၃၀ ရှိကြောင်း သိရသည်။ **တင်စိုးလွင်(ပြန်/ဆက်)**



**မြန်မာ့မီးရထားတိုင်းအမှတ်(၂)အတွင်းမော်လူးဘူတာစကြိန်အတွင်းမီးလိုင်းကြိုးများနှင့်မလွတ်ကင်းသောသစ်ပင်သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းခြင်းကို မော်လူးဘူတာရုံမှ မီးရထားဝန်ထမ်းများက မြန်မာ့လျှပ်စစ်ဝန်ထမ်းများနှင့်အတူ အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။** သတင်းနှင့်ဓာတ်ပုံ- ခင်မောင်ဆွေ(မော်လူး)

## (၈၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာစာကြည့်တိုက်... စာမျက်နှာ ၁၉ မှ

အမေရိကန်နိုင်ငံကိုလံဘတ်စ်မြို့ရှိ စာကြည့်တိုက်များသို့ လေ့လာရေးသွားရောက်ခဲ့ရာတွင် Columbus Metropolitan Library's Main Library ၌ လွန်ခဲ့သော နှစ်တစ်ရာခန့်က ရှေးဟောင်းဗိသုကာလက်ရာများကို မူလပုံစံအတိုင်းမပြောင်းလဲစေဘဲ ပြုပြင်မွမ်းမံ၍ ခေတ်မီစာကြည့်တိုက်အဆောက်အအုံကို တွဲစပ်ဆောက်လုပ်ထားပြီး စာကြည့်တိုက်လုပ်ငန်းများဆောင်ရွက် နေသည်ကို လေ့လာတွေ့ရှိရသဖြင့် ရန်ကုန်မြို့လယ်၌ ဖွင့်လှစ်မည့် အမျိုးသားစာကြည့်တိုက် (ရန်ကုန်) အဆောက်အဦကို မွမ်းမံပြုပြင်ရာတွင် ထည့်သွင်းစဉ်းစားနိုင်မည့် အချက်အလက်များရရှိခဲ့ပါသည်။

စာကြည့်တိုက်များတွင် မူကြိုအရွယ်မှစ၍ စာကြည့်တိုက်သို့ လာရောက်နိုင်ရန် ဝန်ဆောင်မှု များပေးလျက်ရှိပြီး ဆယ်ကျော်သက်များအတွက် ပညာပေးကဏ္ဍများ၊ လူကြီးများအတွက် ဝန်ဆောင်မှုများနှင့်နားနေရန်နေရာများ၊ စာပေ၊ ယဉ်ကျေးမှုနှင့် အထွေထွေဗဟုသုတများရရှိစေနိုင်သည့် ပြပွဲ၊ ဟောပြောပွဲ၊ ဖျော်ဖြေပွဲ၊ ဘာသာစကားသင်တန်းများ၊ ကွန်ပျူတာသင်တန်းများ၊ တစ်သက်တာပညာရှာမှီးနိုင်သည့်အစီအစဉ်များစသည့် အစီအစဉ်များကို စဉ်ဆက်မပြတ် လစဉ် စီစဉ်ဆောင်ရွက်ပေးသည်ကို လေ့လာတွေ့ရှိရသဖြင့် အမျိုးသားစာကြည့်တိုက်ကို ရန်ကုန်မြို့လယ်သို့ ပြောင်းရွှေ့ပြီးချိန်တွင် တိုးမြှင့်ဆောင်ရွက်ရမည့် ဝန်ဆောင်မှုများအတွက် အတွေးအခေါ်များရရှိခဲ့ပါသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကဖြစ်သော အသိပညာကြွယ်ဝဖွံ့ဖြိုးရေးနှင့် တီထွင်ဖန်တီး နိုင်သည့် ဆန်းသစ်သောအတွေးအခေါ်များ ပေါ်ပေါက်စေရေးအတွက် ပံ့ပိုးပေးသည့်စာကြည့်တိုက်များ ပိုမိုတိုးတက်လာရေး၊ အရည်အသွေးပြည့်ဝသောဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်မည့် အရည်အချင်းမြင့်မားသော စာကြည့်တိုက်ဝန်ထမ်းများဖြစ်လာစေရေးအတွက် နိုင်ငံတကာအတွေ့အကြုံရရှိစေရန် ယခုကဲ့သို့ ကမ္ဘာ့စာကြည့်တိုက်များညီလာခံနှင့် ဒေသဆိုင်ရာစာကြည့်တိုက်များ အစည်းအဝေးများ၊ တိုးတက်သောနိုင်ငံများရှိ စာကြည့်တိုက်များသို့ လေ့လာရေးခရီးများသို့ မိမိတို့၏စာကြည့်တိုက်ဝန်ထမ်းများကို စေလွှတ်သင့်ပါသည်။ ထိုသို့သွားရောက်နိုင်ရန်အတွက် စာကြည့်တိုက်ဝန်ထမ်းများအနေဖြင့် အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်စေရန် ကြိုတင်လေ့ကျင့် ထားရန်လိုပါသည်။

ပြည်ပနိုင်ငံများသို့ သွားရောက်လေ့လာခဲ့ရသော စာကြည့်တိုက်ဝန်ထမ်းများအနေဖြင့် မိမိတို့ရရှိလာသော အတွေ့အကြုံ၊ အသိအမြင်များကို စာကြည့်တိုက်လုပ်ငန်းများတွင် ပြန်လည်အသုံးချနိုင်မှသာ ဌာနမှစေလွှတ်ရကျိုးနပ်မည်ဖြစ်၍ အရည်အချင်းရှိသော စာကြည့်တိုက်ဝန်ထမ်းများကို လေ့ကျင့်စေလွှတ်ကာ စာကြည့်တိုက်လုပ်ငန်းများတွင်ပြန်လည် အသုံးချရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ပွင့်လင်းမြင်သာသောနိုင်ငံရေးအကူးအပြောင်းကာလတွင် နိုင်ငံ၏ ပညာရေး၊ လူမှုရေးကို အထောက်အကူပြုသည့် စာကြည့်တိုက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်များပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်နေ သော အခြေအနေဖြစ်ရာ စာကြည့်တိုက် လုပ်ငန်းများသာမက စာကြည့်တိုက်ဝန်ထမ်းများ၏ အရည်အသွေးသည်လည်း နိုင်ငံတကာက တိုးတက်ပြောင်းလဲမှုများနှင့်အညီ လိုက်မီနိုင်ရေးအတွက် နိုင်ငံတကာမှ စာကြည့်တိုက်များ၊ စာကြည့်တိုက်အသင်းအဖွဲ့များ၊ စာကြည့်တိုက်နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံအနေဖြင့် ဆက်လက်ပါဝင် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

(၆၁)ကြိမ်မြောက်ကာရင်ပြည်နယ်နေ့အထိမ်းအမှတ်ပွဲတော်နှင့်ကုန်စည်ပြပွဲကြီး
(ဘားအံမြို့) (၆.၁၁.၂၀၁၆) မှ (၁၁.၁၁.၂၀၁၆) ရက်နေ့အထိ (သီရိကွင်း)
TIN KO KO BUSINESS GROUP Co.;Ltd.
Contact : 09 8634497, 09 5178393, 09 49585752, 09 260093331, 09 420766100,09 250010953




## "ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ရန်အောင်(၆)လမ်း၊ ရွှေအုံးပင်အိမ်ရာ၊ တိုက်(၅/၁)၊ အခန်း(၁၁)တွင် တည်ရှိသော ကုဋေကုဋာခိုင်ကုမ္ပဏီလီမိတက်၏ လွှဲအပ်ချက်အရ လုပ်ငန်းသုံး ကုန်အမှတ်တံဆိပ်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အသုံးပြု၍ Solar ပြား၊ LED မီးသီးမီးချောင်းအမျိုးမျိုးနှင့် လျှပ်စစ်နှင့်သက်ဆိုင်သောလုပ်ငန်းအမျိုးမျိုးတို့ကို ရန်ကုန်တိုင်းဒေသကြီး အပါအဝင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းတွင် ဆိုင်ခန်းများ၊ ရုံခန်းများနှင့် ရုံးခွဲများဖွင့်လှစ်ပြီး လုပ်ငန်းများလုပ်ဆောင်သွားရန်အတွက် အဆိုပါအမှတ်တံဆိပ်အား ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ်-၄/၁၃၁၉၂ ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

အထက်ပါကုန်အမှတ်တံဆိပ်အား မည်သူမဆို တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ၊ ထင်ယောင်ထင်မှား ဖြစ်စေရန်ပုံတူကူး၍ဖြစ်စေ၊ တုပခြင်းမပြုရန် သတိပေးတားမြစ်လိုက်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလွင်ဦး LL.B, D.M.L, D.B.L
အထက်တန်းရှေ့နေ(စဉ်-၃၃၁၀၂)
အမှတ်-၉/၁၁၊ ၁၀၂-စီ၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉ ၄၂၁၁၅၆၇၇၂

မြန်မာနိုင်ငံသားတိုင်း အကောင်းစား Laptopတစ်လုံးကို ပိုင်ဆိုင်နိုင်ရန် (109,000 ကျပ်) ဖြင့် ရောင်းချပေးနေပါပြီ ....




သတိုးအောင်ဖေယျ ကွန်ပျူတာဆိုင်မှ
(11.10.16) မှ (18.10.16) အထိ
Facebook တွင် ttazy ရိုက်လိုက်ပါ
သိချင်တာအားလုံးကို ရှင်းလင်းစွာ ဖော်ပြထားပါသည်။
အရစ်ကျစနစ်ဖြင့် ဝယ်ယူလိုပါက ဆက်သွယ်ရမည့်ဖုန်း ၀၉၅၀၇၁၇၇၉၊ ၀၉၇၇၄၅၅၉၃၀၉၊ ၀၉၄၃၀၈၅၃၁၀

အမှတ်(၁၁၆)၊ ဆိပ်ကမ်းသာလမ်း (မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား)။ ဖုန်း ၀၁-၂၅၀၀၀၄၊ ၀၉-၅၀၇၁၇၇၉၊ ၀၉-၉၇၇၂၂၁၃၃၁
အမှတ်(၆၆/၆ဂ)၊ တိုက်(A)၊ အခန်း(D)၊ စံရိပ်ငြိမ် အင်းစိန်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၄၃၀၈၅၃၁၀၊ ၀၉-၄၃၀၂၉၉၃၉
အမှတ်(ပ-၅၃)၊ ပွဲရုံအတွက်လမ်း၊ ရေဝတီဘဏ်လမ်း၊ မြို့မဈေး၊ နေပြည်တော်မြို့။ ဖုန်း ၀၉-၄၂၀၇၀၁၄၊ ၀၉-၉၇၇၂၂၁၃၃၂




Aung Thein Than Co.,Ltd
Hot Line: 09799688777
ဆက်သွယ်ရန် - ပိမိုးနင်းလမ်းနှင့် ရန်ကုန် - ပုသိမ်လမ်းဒေါင့်၊ လှိုင်သာယာမြို့နယ်။
Tel: 095004831,09 73100850, 09 73100851,01 527203, 02 76469,067 27029
www.aungtheinthanmyanmar.com
Showe Room -Building:F/S(2) ရွှေမာလာရိပ်မွန်၊ ဘုရင့်နောင်လမ်း၊ ကမာရွတ်မြို့နယ်။
Tel: 01 530893, 536493, 526186, 525671

# CONGRATULATIONS

XENON COMPANY LIMITED



XENON COMPANY Ltd မှမြန်မာနိုင်ငံတွင် ပထမဆုံး HP LATEX 3100 PRODUCTION PRINTER
စက်အသစ် ဝယ်ယူခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါသည်။
အုပ်ချုပ်မှုဒါရိုက်တာ ဦးမျိုးမင်းဦးနှင့် XENON CO., LTD. မိသားစုများအားလုံး လုပ်ငန်းများ ပိုမိုတိုးတက်၍
အောင်မြင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

HP Authorized Sales & Service Provider

LUCKY BIRD Group of Companies

No.355, Thein Byu Road, Mingalar Taung Nyut Tsp, Yangon, Myanmar.
Tel: 01-399011, 01-379875, Fax: 01-248167, Email: luckybird.yangon@gmail.com, www.luckybirdgroup.com



## ကားအစီးရေများစွာဖြင့် အလုပ်လုပ်နေသော ကုမ္ပဏီများအတွက်
## ကားပြုပြင်ထိန်းသိမ်းမှုအပေါ် အခက်အခဲရှိနေပါသလား?

လူကြီးမင်းတို့၏ မော်တော်ယာဉ်များထားရှိသောနေရာသို့ Desire Fleet Maintenance မှ
လာရောက် ညှိနှိုင်းဆွေးနွေး၍ တာဝန်ယူဆောင်ရွက်ပေးနေပါသည်။



DESIRE FLEET MAINTENANCE VEHICLE FLEET MANAGEMENT ရရှိနိုင်သောဝန်ဆောင်မှုများ

- Computer
- Diagnostics
- Engine
- Suspension
- Wiring
- Transmission
- Preventive Schedule Maintenance
- Fleet Maintenance Management
- Parts Management



မှတ်ပုံ ACADEMY တင်ပြီး

တစ်အိမ်တစ်လုံးမရှိမဖြစ်သုံး



# အကယ်ဒမီ

အိမ်သာတန်းကျင်တောက်ပြောင်စေရန်
ကြွေပြားကြေးချွတ်ဆေးကိုသုံးပါ

အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်နှင့်စတိုးဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်။

Tel : 95-1-374797, 384944, 254146, 385858, 242726
Email : academychemicalburma@gmail.com, VIBER -09 250150 990



GW 0973226006 0973133528 0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
အမှတ်မြေ၊ မြေညီထပ်၊ မဟာလမ်း၊ 09401505559 စမ်းချောင်း



## ဒဂုံမြို့သစ်

အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620



## လိပ်ခေါင်း၊ ဂရင်ဂျီနာ

09-73121554
မခွဲမစိပ်၊ မနာမကျင် အမြစ်ပြတ်ကုသပေးသည်။
(ဇီဝက ဆေးခန်း) ၃၄၅၊ မြေညီ၊ ရွှေဘုံသာအထက်လမ်း၊ အေးဆေးခန်းဘေး၊
ရန်ကုန်မြို့၊ 09-73038158, 09-43088215


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်း ရပ်ကွက် အမှတ် ၁၃/သမိုင်း၊ မြေကွက်အမှတ် ၅/၄ မြေကွက်တည်နေရာအမှတ်(၁၀၅)၊ အေးစစ်ရွှေလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (နော်ဩဂတ်စတား)အမည်ပေါက် B မြေပိုင်မြေ(လ/န ၃၉)၊ (အိမ်ယာကွက်မြေ) စိုက်ပျိုးရေးသုတေသန ဝန်းမြေအဖြစ် အသုံးပြုရန် သတ်မှတ် မြေအား အမည်ပေါက်ပိုင်ရှင် နော်ဩဂတ်စတား မှာ (၁-၂-၂၀၁၀) ရက်နေ့တွင် လည်းကောင်း၊ ဖခင်ဖြစ်သူ ဦးစောဝေသော မှာ (၂၈-၃-၁၉၉၉)ရက်နေ့တွင်လည်းကောင်း အသီးသီး ကွယ်လွန်သွားပါသဖြင့် ၎င်းတို့၏ သားသမီးများ ဖြစ်ကြသည့် ဦးစောကက်နက် (၁၂/မရက(နိုင်)၀၂၃၁၉၈)၊ နော်မောမော(ခ)မေသန်းဝေ (၁၂/အစန(နိုင်)၀၁၂၅၀၄) ၊စောခေးခေး (၁၂/အစန(နိုင်)၁၆၅၆၇၉)၊ မတင် နွယ်ဝေ (၁၂/အစန(နိုင်)၀၁၂၅၀၂)တို့မှ သားသမီးများတော်စပ်ကြောင်း ကတိသစ္စာပြုလွှာ၊ သေစာရင်း၊ ၂၀၁၄ ခုနှစ်တွင် ထုတ်ယူထားသည့် အပိုင်ပေးမြေပုံ မူရင်းပျောက်ဆုံးကြောင်း ကတိသစ္စာပြုလွှာ၊ အမည်ပေါက်သည့် အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ၆၅၅/၁၉၉၄ (၃-၅-၁၉၉၄) မိတ္တူမှန်တို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်နိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာ ပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံး လုပ်နည်း အတိုင်း ဆက် လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ကြော်ငြာ

**မိုးမြင့်ကြယ်** ကားမျိုးစုံစင်းလုံးငှား ဆောင်ရွက်ပေးသည်။

| | | |
|---|---|---|
| ☆ကျိုက်ထီးရိုး (နေ့စဉ်) | 10,000 | ပေပလီ |
| ☆ချောင်းသာ (Guest + Hotel မြင်း) | 33,000/ 45,000 | Guest ဆိုက်ကြီး 120,000 |
| ☆ငွေဆောင် (Guest + Hotel မြင်း) | 40,000/ 50,000 | Hotel+Flight 210,000 |

01-549380,09-5093704,09-450012971

**GOLDEN STAR**
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

**မျိုး** 380164
09 5017088
09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လစျုပ်
ကားမျိုးစုံ ငှားရန်ရှိသည်း
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

**K&H TRAVELS**

| | |
|---|---|
| Bangkok | 15.October.2016 ထွက်မည် |
| Hochimin - Dalat | 10.November.2016 ထွက်မည် |
| Hochimin - Dalat | 23.November.2016 ထွက်မည် |
| Cambodia | 24.November.2016 ထွက်မည် |

Hot Line - 01 510 338,09 777 620 470

**Virgin Land** Honeymoon ခရီးစဉ်များ

*Romantic Beautiful Beach Package*

| | |
|---|---|
| ပေါ့သိကမ်းခြေ | 280000/- + air ticket |
| ချောင်းသာကမ်းခြေ | 280000/- |
| ငွေဆောင်ကမ်းခြေ | 300000/- |

*Romantic Adventure Pine Hills Package (Kalaw)*
320000/-
*Romantic Luxury Pacakge (Popa)*
330000/- + air ticket
*Romantic Flowery Land Pacakge (Pyin Oo Lwin)*
360000/-
Ph : 09-5123793, 09-5018433, 09-784340717

**"မေသူမောင်" ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့**
ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင် အမှတ်-ပခ-၀၀၅၅

*(၁၄)ညအိပ်(၁၅)ရက်၊သံဝေဇနီယလေးဌာန၊အဝိဇဟိတလေးဌာန၊
(Hotel-3-Night)(9.Dec) (25.Dec) (20.Jan)
(5.Feb) (22.Feb) (22.Mar) (12.Apr)
*(၁၀)ညအိပ်(၁၁)ရက်၊သံဝေဇနီယလေးဌာန၊အဝိဇဟိတလေးဌာနပါ
(၂၇. ၁၁. ၂၀၁၆ မှ ၇. ၁၂. ၂၀၁၆) ထိ (အထူးသီးသန့်)
*Hotel.သီးသန့်၊(၇)ညအိပ် (၈)ရက် ထွက်ခွါမည့်ရက်များ -
(25.Dec) (10.Mar)(11.Apr)
ရုံးချုပ်-အမှတ်၊(8/H)ဆင်မလိုက်အဆင့်မြင့်ကွန်ဒို၊ကမာရွတ်မြို့နယ်၊
ရန်ကုန်ဖုန်း-၀၉၇၉၅၀၁၂၄၇၀၊၀၉၅၀၁၂၄၇၀၊၀၉၇၃၂၄၀၆၈၇၊
၀၉၄၃၁၁၂၄၂၇၊၀၁-၂၃၀၅၉၂၈၊၀၂၇၆၀၂၄၊၀၉၄၄၄၀၃၀၂၇၀

**သုံးရာသီ** ဓမ္မဒါန
အင်းလေးဖောင်တော်ဦးဘုရားပွဲ
တောင်ကြီး-အင်းလေး-ပင်းတယ-ကုံလုံ
တစ်ဦးထမင်းကျွေး-၅၀၀၀၀ိ, OCT-14
ပုဂံ-ပုပ္ပါး-ပခုက္ကူ ထမင်းကျွေး—၄၀၀၀၀ိ
ဖော်လပြိုင်-ကျိုကြွမ်-စက်စဲ—၃၀၀၀၀ိ
420144148, 421153797

**သုခလမ်းညွှန်** Travels & Tours
အဆင့်မြင့် VIP ခရီးစဉ်များ
တောင်ကြီး ဖောင်တော်ဦးဘုရားပွဲ - 185000
ပုဂံ-စွယ်တော်လေးဆူ- 185000
မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း- 145000
မြဝတီ-မဲဆောက်- 125000
Phone-09-252929722/33/44/55/66

**Home** Since 1996
think of House, think of Home
ပါကေး အစားထိုး ကြမ်းခင်း
သီတင်းကျွတ်ပွဲတော်
Special Promotion
Buy "Floor" 2 ကျင်း → Get "Wall Covering" 1 ကျင်း လက်ဆောင်




100,000 ကျပ် ဝန်းကျင် မှစတင်၍




** Selected items only ** Terms & conditions apply
အမှတ် ( E-11A ) လေးထောင့်ကန်လမ်းမကြီး၊ဘီအိုစီမှတ်တိုင်၊သင်္ဃန်းကျွန်း၊ရန်ကုန်မြို့။ ☎ 09-79 700 70 73, 09-79 700 70 83

**Royal Gandamar** Travels & Tours — October ခရီးစဉ်

- ပုဂံ-ညောင်ဦး-ပုပ္ပား-ပခုက္ကူ-စွယ်တော်လေးဆူ(၄ရက်)-Classic 170000Ks, VIP 210000Ks (Oct 15, 19)
- အင်းလေး-ပင်းတယ-မိန်းမရဲတောင်-ညောင်ရွှေ-ရွှေအင်းတိန်(ရေပူစမ်း)(၅ရက်)-180000Ks(Oct 18)
- မြဝတီ အလည်အပတ်နှင့် Shopping ခရီးစဉ်(၂ည-၃ရက်)-99000Ks (Oct 14, 21, 28)
- ကလော-ပင်းတယ-မြသပိတ်-ရေပြာအိုင်-မိန်းမရဲတောင် ခရီးစဉ်(၂ ည-၃ရက်)-99000Ks (Oct 14, 21, 28)
- မန္တလေး-ကျောက်ဆည်-စွန်ရဲအင်း-ကျောက်စိမ်းဘုရား-ဒီးဒုတ်ရေပြာအိုင်-ဓာတ်တော်တောင်-(၂ည-၃ရက်) 99000Ks(Oct 14, 21, 28)

အမှတ်(၁၈၅/၁၈၇)၊ မဟာဗန္ဓုလလမ်းနှင့် ၅၂လမ်းထောင့်၊ Yurimeiko ရှေ့၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
Ph:01-397484, 09-257865575, 09-33353275, 09-30922638, 09-250892626




Have been built
7F
SPRING LINE
★ Hlaing River Landmark ★
MODERN COMPLEX BUSINESS CENTER
BEYOND
YANGON
★ Permanent Property ★
A new business center, next to the Aung Zay Ya bridge.
ပျော်ရွှင်သော ဘဝနှင့် စီးပွားရေးကို တစ်နေရာထဲတွင် ခံစားနိုင်သည့် ဘိုးဘွားပိုင်မြေ 800000 Sqft ရှိသော လှိုင်မြစ်လမ်း အောင်ဇေယျတံတားအနီးတွင်တည်ရှိပြီး လှပသော အင်တာနေရှင်နယ်စတိုင်လ် အဆောက်အဦးတစ်ခု ဖြစ်လာတော့မည့် Spring Line သည် ရန်ကုန်မြို့၏ စီးပွားရေးစင်တာနှင့် နေအိမ်အဆောက်အဦးတစ်ခု ဖြစ်လာတော့မည်။
800000 square feet innovative RBD,
enjoy one-stop business and life.
International style buildings occupy the most beautiful
landscape of Hlaing River and Aung Zaya Bridge.
Spring Line is the iconic Business and
residential center at Hlaing River of Yangon.
Beyond Yangon today,
for tomorrow Yangon.
SHOPPING ARCADE
BOUTIQUE BUSINESS HOTEL
SMART STAR OFFICE
VOHO SOHO
ELITE CLUB
Hlaing River
Aung Zay Ya Bridge
Hlaing River Rd
Ba Yint Naung Rd
Insein Rd
Hlaing River
TEL: 09 7930 66666
Shwe Oak Khai Construction Co.,Ltd
Add: No 461 Kanar Middle Qtr,Hlaing River Road,
Near Aung Zay Ya Bridge,Insein Township,Yangon

# ကြော်ငြာ

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးကြည်စိန်
**ဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး ရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲ**
### အသက် (၈၀)

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ အမှတ်(၆)ရပ်ကွက်၊ အောင်မြေရပ်၊ အမှတ် (၈)နေ ဒေါ်ခင်သန်း၏ခင်ပွန်း၊ မကွေးတိုင်းဒေသကြီး ရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်စိန်သည် ၉-၁၀-၂၀၁၆ ရက်နေ့ ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုရွှေကောက်ပွဲကော်မရှင်**

## အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်တင်တင်ရီ
### အသက် (၈၀)

(ဗိုလ်မှူးကြီးခင်မောင်တင့်-ငြိမ်း)၏ဇနီး၊ ဦးတင့်သွင်(ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန)၊ ဒေါက်တာချိုချိုဆင့်(ပါမောက္ခ၊ အဝေးသင်တက္ကသိုလ်)၊ ဦးတင့်အောင်၊ ဦးတင့်ဆွေ (Sr.Management Advisor MPRL E & P Group of Companies)၊ ဦးတင့်လွင် (သင်္ဘောအင်ဂျင်နီယာချုပ်) တို့၏မိခင်ကြီးသည် ၁၀-၁၀-၂၀၁၆ ရက် (တနင်္လာနေ့) နံနက် ၆း၃၀ နာရီတွင် ရန်ကုန်မြို့၊ ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန် နှင့် ဝန်ထမ်းများ**
**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်တင်တင်ရီ အသက် (၈၀)

ရန်ကုန်မြို့၊ အမှတ်(၁၂၇၅/၁၂၇၆)၊ အနော်ရထာလမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ (ဗိုလ်မှူးကြီးခင်မောင်တင့်-ငြိမ်း)၏ ဇနီး၊ ဦးတင့်သွင်(ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန)၊ ဦးတင့်ဆွေ (Sr.Management Advisor MPRL E & P Group of Companies)တို့၏မိခင်သည် ၁၀-၁၀-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၆း၃၀ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ် နှင့် ဝန်ထမ်းများ**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးဘသိန်း (၆၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ တပင်ရွှေထီးလမ်း၊ (၉)ရပ်ကွက်၊ (၉/၈၅၅)နေ ဒေါ်ကျော့၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ငုသီတာ (ဒုတိယအထွေထွေမန်နေဂျာ၊ စီးပွားရေးစီမံခန့်ခွဲမှုဌာန၊ မြန်မာ့စာတိုက်လုပ်ငန်း)၊ ဦးသီဟ(ခ)ဦးဉာဏ်ထွန်း-ဒေါ်နေရည်စန်းဝင်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးဘသိန်းသည် ၁၀-၁၀-၂၀၁၆ ရက် (တနင်္လာနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူး နှင့် အရာထမ်း/အမှုထမ်းများ**
**မြန်မာ့စာတိုက်လုပ်ငန်းမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဆရာ ဦးစောထွန်း (၈၉)နှစ်
**အလယ်တန်းပြ (ငြိမ်း)၊ အထက(ကျိုက္ခမီ)၊ အထက(သံဖြူဇရပ်)**

ကျိုက္ခမီမြို့၊ ဗိုလ်ချုပ်လမ်းနေ (ဦးကြံ-ဒေါ်မတာ)တို့၏ တစ်ဦးတည်းသောသား၊ (ဒေါ်အေးသိန်း)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးလှထွန်း-ဒေါ်စောသစ်)တို့၏မောင်၊ (ဒေါ်ထွေးရီ)၏အစ်ကို၊ ဦးမြင့်ကို (အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ သံဖြူဇရပ်)၊ ဆရာမ ဒေါ်ပြုံးပြုံးသီ (အလယ်ကုန်း၊ အမက)၊ ဒေါ်တင်တင်ဝေ(အန်တီဝေမူကြို)တို့၏ဖခင်ကြီးသည် ၂၅-၉-၂၀၁၆(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၆ (တနင်္လာနေ့)တွင် ကျိုက္ခမီ တရုတ်သုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဦးဘသိန်း (၆၉)နှစ် (B.V.Sc)
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

မြေပုံမြို့နေ (ဦးစောလှမောင်)-ဒေါ်ဝေစိန်ညိုတို့၏သားကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် (၈၅၅) နေ ဒေါ်ကျော့၏ခင်ပွန်း၊ ဒေါ်ငုသီတာ၊ ဦးသီဟ-ဒေါ်နေရည်စန်းဝင်းတို့၏ဖခင်၊ မစန်းသီတဂူ၊ မစန်းကေသရာတို့၏ အဘိုးရှင်၊ ဒေါ်စောရွှေသိန်း၊ ဒေါ်အောင်မေ၊ ဦးဘစောမောင်၊ ဒေါ်မေသန်းရီ၊ ဒေါ်အေးရီ၊ ဦးလှကျော်ဇံ၊ ဦးသွင်စိုးတို့၏အစ်ကိုကြီး ဦးဘသိန်းသည် ၁၀-၁၀-၂၀၁၆ (တနင်္လာနေ့) နံနက် ၆း၂၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၅း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [၁၄-၁၀-၂၀၁၆(သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်မြသွေး (၅၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ်(၁၁၆)၊ လေးလွှာနေ (ဦးအုန်းမောင်)-ဒေါ်ကျင်အေးတို့၏သမီးကြီး၊ ဦးကျော်ကျော်မိုး၊ ဦးကျော်သူရတို့၏အစ်မ၊ ဦးမောင်မောင်အေး၏ဇနီး၊ မစိမ်းမြမြအေး၊ မောင်ဗဟိုလ်သူတို့၏ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင်သည် ၇-၁၀-၂၀၁၆ (သောကြာနေ့) ည ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၆ (စနေနေ့)တွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၀-၂၀၁၆(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးအောင်စိုးပိုင် (၅၇)နှစ်
**MYANMAR BRIDGEMENT CO., LTD**

ရန်ကုန်မြို့နေ (ဦးဘိုကြည်-ဒေါ်အမာခင်)တို့၏သား၊ (ဦးညွန့်မောင်-ဒေါ်ငြိမ်းရင်)တို့၏ သားသမက်၊ ဦးကျော်ဝင်း-ဒေါ်မာလွင်ဦး၊ ဦးအောင်သက်ခိုင်၊ ဒေါ်မြတ်ရည်မွန်၊ ဦးအောင်ဖုန်းနိုင်-ဒေါ်မူမူစိန်းတို့၏ မောင်/အစ်ကို၊ အင်းစိန်မြို့နယ်၊ အနောက်ရွာမ၊ ဝန်ထမ်းအိမ်ရာဝင်း၊ တိုက်(D)၊ အခန်းအမှတ်(၄၀၁)နေ ဒေါ်စန်းစန်းမြင့် (ဌာနစုမှူး၊ စျေးများဌာန၊ မြို့တော်စည်ပင်)၏ခင်ပွန်း၊ မောင်ဇေယျာထွန်း(ခ)ဇွဲမာန်၏ဖခင်သည် ၉-၁၀-၂၀၁၆ရက် ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၀-၂၀၁၆(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### မယ်တော်ကြီး အဘွားဒေါ်သေး
### အသက် (၉၅) နှစ်
**(ကွယ်လွယ်ကျေးရွာ၊ မြောင်းမြမြို့)**

A.C.E Group of Companies မှ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးတင့်ဆန်း-ဒေါက်တာဒေါ်ငွေငွေငြိမ်းတို့၏ မိခင်ဖြစ်သူ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး မယ်တော်ကြီး အဘွားဒေါ်သေး အသက် (၉၅) နှစ်သည် ၇-၁၀-၂၀၁၆ရက် (သောကြာနေ့) နံနက် ၈း၄၀နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီးတင်အေး(ငြိမ်း)-(ဒေါ်ကြည်ကြည်အုန်း) နှင့် မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### လ ၂၁၅၂၈၆ ဒုရဲအုပ် သိန်းကျော်ထိုက်
### အသက် (၃၁) နှစ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ ဒုရဲအုပ် သိန်းကျော်ထိုက်သည် ၉-၁၀-၂၀၁၆ ရက်နေ့တွင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်စဉ် ကျဆုံးသွားခဲ့သဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲချုပ်နှင့် တပ်ဖွဲ့ဝင်များ**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း
### လ ၁၅၆၃၂၈ ရဲတပ်ကြပ်ကြီး ဇော်ထွန်း
### အသက် (၄၄) နှစ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ကြပ်ကြီး ဇော်ထွန်းသည် ၉-၁၀-၂၀၁၆ ရက်နေ့တွင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်စဉ် ကျဆုံးသွားခဲ့သဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲချုပ်နှင့် တပ်ဖွဲ့ဝင်များ**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း
### လ ၁၅၆၃၀၆ ရဲတပ်ကြပ် ထွန်းနိုင်ဦး
### အသက် (၄၃) နှစ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ကြပ် ထွန်းနိုင်ဦးသည် ၉-၁၀-၂၀၁၆ ရက်နေ့တွင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်စဉ် ကျဆုံးသွားခဲ့သဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲချုပ်နှင့် တပ်ဖွဲ့ဝင်များ**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း
### လ ၂၄၂၈၁၁ ရဲဒုတပ်ကြပ် ဇာနည်ထက်
### အသက် (၂၃) နှစ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ ရဲဒုတပ်ကြပ် ဇာနည်ထက်သည် ၉-၁၀-၂၀၁၆ ရက်နေ့တွင် လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်စဉ် ကျဆုံးသွားခဲ့သဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲချုပ်နှင့် တပ်ဖွဲ့ဝင်များ**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း
### လ ၂၃၀၃၄၆ ရဲဒုတပ်ကြပ် ဇော်နိုင်ထွန်း
### အသက် (၂၆) နှစ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ ရဲဒုတပ်ကြပ် ဇော်နိုင်ထွန်းသည် ၉-၁၀-၂၀၁၆ ရက်နေ့တွင် လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်စဉ် ကျဆုံးသွားခဲ့သဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲချုပ်နှင့် တပ်ဖွဲ့ဝင်များ**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း
### လ ၂၂၈၃၁၉ ရဲဒုတပ်ကြပ် သိန်းလင်းအောင်
### အသက် (၂၆) နှစ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ ရဲဒုတပ်ကြပ် သိန်းလင်းအောင်သည် ၉-၁၀-၂၀၁၆ ရက်နေ့တွင် လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်စဉ် ကျဆုံးသွားခဲ့သဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲချုပ်နှင့် တပ်ဖွဲ့ဝင်များ**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

### ဦးကျော်စိုး အသက်(၆၀)
**ပန်းချီ ဒီဇိုင်း မောင်ကျော်စိုး**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ မဂ္ဂင်လမ်း၊ အမှတ် (၂၉)၊ ခြောက်လွှာ(ခြေရင်းခန်း)နေ (ဦးစိန်ညွှန့်-ဒေါ်တင်ကြည်)တို့၏သား၊ (ဦးကျော်ခင်-ဒေါ်တင်တင်)တို့၏ သားသမက်၊ (ဦးဝင်းရွှေ)-ဒေါ်ခင်စော၊ ဦးဝင်းသောင်း (အခြေခံပညာဦးစီး-ငြိမ်း)-ဒေါ်စန်းစန်းနု (အမက-၂၊ ဒဂုံ)၊ ဦးမြင့်လွင်(အပျိုစင် မဂ္ဂဇင်း)-ဒေါ်ခင်နွဲ့ရီ(အမက-၁၅၊ တာမွေ)၊ ဒေါ်ခင်မာရီ (အထက-၂၊ ဗဟန်း)တို့၏ ညီ/အစ်ကို၊ ဒေါ်စိန်စိန်မြင့်၏ချစ်လှစွာသောခင်ပွန်း၊ ကိုတင်အောင်မိုး-မယုမွန်၊ မဇာဇာအောင်၊ မောင်ဝင်းမင်းထွန်း-မယမင်းအောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မပြည့်စုံမြတ်၊ မအင်ကြင်းဖြူတို့၏အဘိုး၊ တူ/တူမရှစ်ယောက်တို့၏ဦးလေး ဦးကျော်စိုးသည် ၉-၁၀-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၁၈ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၀-၂၀၁၆ (အင်္ဂါနေ့) ညနေ ၅း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်၊ ဗိုလ်ချုပ်လမ်း ဝဇီရာရုပ်ရှင်ရုံရှေ့နှင့်ယောမင်းကြီးလမ်း ပုလဲမုန့်တိုက်အနီးမှ ကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အနိစ္စ

### ပုလောမြို့နယ်အသင်း(ရန်ကုန်)
### ဒေါ်မြအုံ(ပုလော/ပလ)
### အသက်(၉၄)နှစ်
**အသင်းဝင်အမှတ်-၁၈၈၈**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဝိုင်ယာလက်ပေါက်ကုန်း၊ ပိတောက်လမ်း၊ အမှတ် (၁၄/၅၄)နေ (ဦးစိန်သုံး)၏ဇနီးသည် ၉-၁၀-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၀-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အသင်းမှကားများ နံနက် ၇း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

---

### ခရစ်တော်၌အိပ်ပျော်ခြင်း
### ဦးအုန်းလွင်
**အကောက်ခွန်မှူး(ငြိမ်း)**
### အသက် (၈၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁၄/ခ)နေ (ဦးမောင်မောင်-ဒေါ်ဒေစီ)၊ ဒေါ်ကြူကြူ ဦးကျော်မြင့်တို့၏ အစ်ကို၊ ဒေါ်မြတ်မြတ်လွင်(ခ)ဒေါ်ဒွန်ခန်ကျိန်၏ခင်ပွန်း၊ ဦးသန်းမောင်-ဒေါ်စီစီလွင်၊ ဦးတင်ဦး-ဒေါ်ဥမ္မာလွင်၊ ဦးတင်အေး-ဒေါ်ကေသီလွင်(ခ)မလွန်း၊ ဒေါ်မိုးမြတ်လွင်၊ ဒေါ်မင်းမင်းလွင်၊ ဒေါ်ထက်ထက်လွင်၊ ဦးမင်းထွဋ်၊ ဒေါ်မြတ်သီရိလွင်၊ ဦးအောင်ထိုက်-ဒေါ်ခင်လေးငယ်၊ ဦးလွင်ထူးတို့၏ ချစ်လှစွာသောဖခင်၊ တူ/တူမ သုံးယောက်၊ မြေးရှစ်ယောက်တို့၏အဘိုး၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးသည် ၉-၁၀-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၃း၅၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၁-၁၀-၂၀၁၆ (အင်္ဂါနေ့) နံနက် ၉နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်ဘုရားကျောင်း၌ ဝတ်ပြုပြီး ဂူသွင်းသဂြိုဟ်ပါမည်။ (အမှတ်-၁၄/ခ၊ မဂ္ဂင်လမ်းနေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**တေးသံရှင်**
### ဒေးဒရဲမျိုးကျော်ကျော်(ခ) မျိုးချစ်
### အသက် (၆၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့၊ ရေတွင်းကုန်းကျေးရွာနေ (ဦးသက်ထွန်း-ဒေါ်သေးတင်)တို့၏သား၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ ပြည်တော်သုံးလမ်း၊ အမှတ်(၆၈)နေ (ဦးခင်မောင်-ဒေါ်ရင်မြ)၊ ဦးစံချစ်-ဒေါ်နွဲ့၊ ဦးမျိုးမြင့်-ဒေါ်နီနီမာတို့၏ ညီ/မောင်၊ (ဒေါ်စန်းထွေး)၊ ဦးပညာသီရိတို့၏ အစ်ကို၊ မခင်မျိုးမျိုးဦး၊ မခင်မျိုးမျိုးမြင့်၊ ဗိုလ်ကြီးမျိုးကိုကိုဦး(ကလေး)၊ မကျော့ကေခိုင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးနှစ်ယောက်တို့၏အဘိုး၊ ဒေါ်သန်းသန်းငွေ၏ခင်ပွန်းသည် ၉-၁၀-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၀-၂၀၁၆ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၀-၂၀၁၆ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ ပြည်တော်သုံးလမ်း၊ အမှတ်(၆၈) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးဝင်းကိုကိုသိန်း
### အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ အမှတ်(၄)၊ အောင်ရိပ်သာ (၂)လမ်း၊ (၂၈)ရပ်ကွက်နေ [ဦးသိန်း (ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန-ငြိမ်း)-ဒေါ်ရီရီဆွေတို့၏သားကြီး၊ ကိုနိုင်ကိုကိုသိန်း၊ အင်္ဂလန်နိုင်ငံနေ ကိုကောင်းဇံမြင့်-မဝင်းပပသိန်းတို့၏ အစ်ကိုကြီး၊ Rachel Kaung Myint ၏ ဘကြီးသည် ၉-၁၀-၂၀၁၆ (တနင်္ဂနွေနေ့) ည ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၀-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဘဒ္ဒန္တ စန္ဒောဘာသ
### သိက္ခာတော်(၇၅)ဝါ၊ သက်တော်(၉၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သီရိမင်္ဂလာကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်ဖြစ်တော်မူသော သက်တော်ရှည် ဘဒ္ဒန္တ စန္ဒောဘာသ သိက္ခာတော်(၇၅)ဝါ၊ သက်တော်(၉၅)နှစ်သည် (၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်)၊ ၈-၁၀-၂၀၁၆ (စနေနေ့) နံနက် ၇း၀၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၄-၁၀-၂၀၁၆ (သောကြာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသဖြင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။ (သီရိမင်္ဂလာကျောင်းတိုက်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ဆရာတော် ဦးသုန္ဒရနှင့်
တပည့်ဒါယကာ၊ ဒါယိကာမများ

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဘဒ္ဒန္တ သာသန မဟာထေရ်
### သိက္ခာတော်(၅၉)ဝါ၊ သက်တော်(၇၉)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မဟာဓမ္မိကာရာမတိုက်၊ ပျော်ဘွယ်ကျောင်းဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တသာသနမဟာထေရ် အရှင်သူမြတ်သည် (၁၃၇၈ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ရက်) ၉-၁၀-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁၂း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ရက်) ၁၂-၁၀-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် တောင်အင်းမြောက်အင်းသုသာန်သို့ ပင့်ဆောင်ကာ အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

အန္တိမအဂ္ဂိစျာပနကျင်းပရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်တင်တင်ရီ(ဒေါ်နီနီ) အသက်(၈၀)

ရန်ကုန်မြို့၊ အရှေ့ဒဂုံမြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ် (၁၂၇၅/၁၂၇၆)၊ အနော်ရထာလမ်းနေ [ဗိုလ်မှူးကြီးခင်မောင်တင့်(ငြိမ်း)]၏ဇနီး၊ ဦးတင့်သွင် (ဟိုတယ်/ခရီး၊ ညွှန်ကြားရေးမှူးချုပ်)-(ဒေါ်ဖြူဖြူဇော်ထွန်း)၊ ဦးတင့်အောင်-ဒေါ်သဇင်ညွှန့်၊ ဒေါက်တာဒေါ်ချိုချိုတင့်-(ဒေါက်တာဦးဝင်းလှိုင်)၊ ဦးတင့်ဆွေ-ဒေါ်နီလာသွင်၊ ဦးတင့်လွင်တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၀ယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၁၀-၁၀-၂၀၁၆ (တနင်္လာနေ့) နံနက် ၆း၃၀ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၆ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၀-၂၀၁၆(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးကြည်မောင် (၇၆)နှစ်
**ဦးစီးအရာရှိ(ငြိမ်း)၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**
**(ကျောက္ကာကျေးရွာ၊ တောင်သာမြို့နယ်)**

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ကျောက္ကာကျေးရွာနေ (ဦးညီတင်-ဒေါ်ငွေ)တို့၏ သားကြီး၊ (ဦးဘို-ဒေါ်အုံးရင်)တို့၏ သားသမက်၊ ရန်ကုန်မြို့နေ ဒေါ်စိန်လှကြည်၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးခင်မောင်ရွှေ)-ဒေါ်သန်းနွဲ့အေး၊ ဒေါ်ငွေငွေရီ၊ ဒေါ်ခင်လေးမေ၊ ဦးသိန်းမြင့်အောင်-ဒေါ်စန်းစန်းလွင်၊ ဒုတိယဗိုလ်မှူးကြီးစိုးလင်း(လေ)-ဒေါ်စန်းချိုမာတို့၏ အစ်ကိုကြီး၊ ဦးမျိုးအောင်-ဒေါ်ခိုင်ခိုင်ဝင်း၊ ဦးဝင်းထိုက်(ညွှန်ကြားရေးမှူး၊စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)-ဒေါ်ခင်မျိုးချို၊ ဒေါ်ကျော့ကေခိုင်တို့၏ဖခင်၊ မသင်းနန္ဒာစိုး၊ မချမ်းအိမ်စည်တို့၏ အဘိုးသည် ၁၀-၁၀-၂၀၁၆ (တနင်္လာနေ့) နံနက် ၄း၃၄ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဗီလာ၊ ကွန်ဒို(F)၊ အခန်း(၃၀၂)၊ နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၀-၂၀၁၆ ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသား

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်သိန်းသန်း (အထပြ) (၇၂)နှစ်
**[အထက-၂၊ တောင်တွင်းကြီး၊ အထက-၁၃၊ အထက-၁၆၊ မန္တလေးမြို့]**

မကွေးမြို့နေ (ဦးသိန်း-ဒေါ်သန်းခင်)တို့၏ သမီး၊ ဒေါ်အေးသိန်း၏ အစ်မ၊ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အကွက်(၇၉)၊ ရေစစ်ကန်အရှေ့၊ (၅၇×၅၈) လမ်းကြား၊ မဟာဇေယျာဘုံရပ်နေ ဦးတင်အောင် [ညွှန်ကြားရေးမှူး၊ ဆည်မြောင်း(ငြိမ်း)]၏ဇနီး၊ ဦးကျော်သူ [ညွှန်ကြားရေးမှူး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန]-ဒေါ်သင်းသင်းဆွေ(အလပြ၊ ထခွဲ လ-၁၁)၊ ဦးဝင်းနိုင်စိုး-ဒေါ်နှင်းအိခိုင်(Australia, Brisbane)၊ ဒေါ်မေသက်အောင်(လ/ထ ကထိက၊ ကွန်ပျူတာတက္ကသိုလ်၊ မန္တလေး)၊ ဦးသန်းတိုးအောင်(iWTC Computer Centre)-ဒေါ်ခိုင်စွမ်းရည်တို့၏မိခင်၊ မကေသရီကျော်၊ မောင်ဘုန်းမြတ်မင်း၊ မောင်ဘုန်းမြတ်သာတို့၏အဘွား ဒေါ်သိန်းသန်းသည် ၁၀-၁၀-၂၀၁၆ (တနင်္လာနေ့) နံနက် ၇း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၀-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၀-၂၀၁၆ (သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ကိုမောင်ငွေး(ခ)ကိုဖိုးသစ် (ကျိုက်လတ်) (၅၃)နှစ်
**(အဆင့်မြင့် မင်္ဂလာဈေး)**

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နေ ဦးဘခိုင်-(ဒေါ်စာပေါ်)တို့၏ သား၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးသန်းစိန်)-ဒေါ်ခင်ဝေတို့၏ သားသမက်၊ ကျိုက်လတ်မြို့နေ ဒေါ်ကျင်ဆွီး၊ ဒေါ်ကျင်ပု၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောက်လမ်းနေ ဦးဟုတ်တိတ်-ဒေါ်ယဉ်ယဉ်မွှေးတို့၏မောင်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးကျော်ဝင်း-ဒေါ်အုန်းမြင့်တို့၏မောင်၊ ဦးခင်ဇော်-ဒေါ်အုန်းသန်း၊ ဦးကျော်ဆန်းသွင်-ဒေါ်မြတ်မြတ်သူတို့၏အစ်ကို၊ တာမွေမြို့နယ်၊ ပျားရည်ကုန်းရပ်ကွက်၊ ပျားရည်ကုန်းလမ်း၊ အမှတ်(၃၇)နေ မငွေငွေအောင် (ဒေါ်ဝေနှင့် သမီးငွေငွေအထည်ဆိုင်၊ အဆင့်မြင့်မင်္ဂလာဈေး)၏ ချစ်လှစွာသောခင်ပွန်း ကိုမောင်ငွေး(ခ)ကိုဖိုးသစ်သည် ၉-၁၀-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၄း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။ (နေအိမ်နှင့် အဆင့်မြင့်မင်္ဂလာဈေးရှေ့ စိန်ပန်းပြာ စတိုးဆိုင်ရှေ့မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးမြင့်ဆွေ အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ(အေစီဒီ)သို့ တက်ရောက်ဆွေးနွေး

**ဗန်ကောက် အောက်တိုဘာ ၁၀**
ဒုတိယအကြိမ် အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ(အေစီဒီ)ကို ယနေ့ နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဦးမြင့်ဆွေ တက်ရောက်သည်။

ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အေစီဒီ အဖွဲ့ဝင်နိုင်ငံများမှ အကြီးအကဲများနှင့်အတူ ထိပ်သီးအစည်းအဝေးကျင်းပမည့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနသို့ ရောက်ရှိကြရာ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးပရာယုဒ် ချန်အိုချာက ခင်မင်ရင်းနှီးစွာကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အေစီဒီ ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၏ ကြိုဆိုဂုဏ်ပြုနှုတ်ခွန်းဆက် ဗီဒီယိုအသံဖိုင်ကို ဖွင့်လှစ်ပြီး အစည်းအဝေးသဘာပတိ ထိုင်းနိုင်ငံဝန်ကြီးချုပ်က အဖွင့် အမှာစကားပြောကြားသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**




ဒုတိယသမ္မတ ဦးမြင့်ဆွေ ဒုတိယအကြိမ် အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ(အေစီဒီ)သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

## ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် အခြေအနေမှန်များသိရှိနိုင်ရန်နှင့် တည်ငြိမ်အေးချမ်းမှုရရှိစေရန် ပြည်ထောင်စုဝန်ကြီးများ ပါဝင်သောအဖွဲ့ သွားရောက်ရှင်းလင်းပြောကြားမည်

**နေပြည်တော် အောက်တိုဘာ ၁၀**
ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်မြို့နယ်များအတွင်း ဖြစ်ပွားခဲ့သော ဖြစ်စဉ်များနှင့်ပတ်သက်၍ အခြေအနေမှန်များ သိရှိနိုင်ရန်နှင့် တည်ငြိမ်အေးချမ်းမှုရရှိစေရန်အတွက် ရှင်းလင်းပြောကြားရန် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သည့်အဖွဲ့သည် အောက်တိုဘာ ၁၁ ရက်မှ ၁၄ ရက်အထိ ရခိုင်ပြည်နယ်သို့ သွားရောက်မည်ဖြစ်သည်။

အဆိုပါအဖွဲ့တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဝန်ကြီးဗိုလ်ချုပ်မြင့်နွယ်၊ ဗိုလ်ချုပ်အောင်စိုး၊ ဗိုလ်ချုပ်သန်းထွဋ်နှင့် ဦးခင်မောင်တင်၊ ရခိုင် ပြည်နယ်ဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းနှင့် ဒေါက်တာချမ်းသာ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ် အောင်ဝင်းဦးတို့ လိုက်ပါကြမည်ဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်းရှိ ရပ်မိရပ်ဖများနှင့် ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မီသားစုဝင်များကို တွေ့ဆုံရှင်းလင်းပြောကြားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရခိုင်ပြည်နယ်မှ အကြမ်းဖက်စီးနင်းတိုက်ခိုက်ခဲ့မှုဖြစ်စဉ်များအနက် ပျောက်ဆုံးရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် လက်နက်တစ်လက် ပြန်လည်တွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၁၀**
ရခိုင်ပြည်နယ် မောင်တောမြို့နယ်နှင့် ရသေ့တောင်မြို့နယ်များရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်ရှိ ကင်းစခန်းသုံးခုကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်များအနက် ပျောက်ဆုံးခဲ့သော ရဲတပ်သားတစ်ဦးနှင့် လက်နက်တစ်လက်တို့ကို သီးခြားစီပြန်လည်တွေ့ရှိခဲ့သည်။

အဆိုပါ ဖြစ်စဉ်များအပေါ် တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ နယ်မြေရှင်းလင်းစဉ် ယနေ့နံနက် ၉ နာရီခွဲခန့်တွင် ငါးခူရနယ်မြေရဲစခန်းနှင့်လိုင်းခန်းများအား အကြမ်းဖက်စီးနင်း တိုက်ခိုက်ခံရစဉ် လုံခြုံရေးတာဝန်ထမ်းဆောင်ရာမှ ပျောက်ဆုံးခဲ့သော ရဲတပ်သား ကိုထိုက်အား ငါးခူရ ရဲစခန်းအနောက်ဘက် နှစ်မိုင်ခန့်ရှိ ဓနိတောအတွင်းမှ ဒဏ်ရာရရှိမှုမရှိဘဲ ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ရဲတပ်ဖွဲ့ဝင်များက ၎င်းစခန်း၏ ဗဟိုကင်းတစ်ဝိုက်ရှိ ချုံများအတွင်း ရှာဖွေရှင်းလင်းစဉ် ယနေ့ညနေ ၃ နာရီခန့်တွင် ဗဟိုကင်းမှ ပျောက်ဆုံးခဲ့သော M 22 သေနတ်တစ်လက်ကို ပြန်လည်တွေ့ရှိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## နယ်မြေရှင်းလင်းရေးဆောင်ရွက်နေသော တပ်မတော်သားများအား ရုတ်ခြည်းတိုက်ခိုက်လာသည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများကို ပြန်လည်ပစ်ခတ်ရှင်းလင်း

**သတင်း စာမျက်နှာ - ၈**

